

# မြန်မာနိုင်ငံ

## ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းအစီရင်ခံစာ

## ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ-မတ်လ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ၂၀၁၅ ခုနှစ်

# မြန်မာနိုင်ငံကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း

# ဆန်းစစ်ခြင်းစစ်တမ်းအစီရင်ခံစာ


အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်းကောက်ယူသည်။

၂၀၁၆ ခုနှစ် နေပြည်တော်

Copyright © International Labour Organization 2016

First published 2016

Publications of the International Labour Office enjoy copyright under Protocol 2 of the Universal Copyright Convention. Nevertheless, short excerpts from them may be reproduced without authorization, on condition that the source is indicated. For rights of reproduction or translation, application should be made to ILO Publications (Rights and Permissions), International Labour Office, CH-1211 Geneva 22, Switzerland, or by email:pubdroit@ilo.org. The International Labour Office welcomes such applications.

Libraries, institutions and other users registered with reproduction rights organizations may make copies in accordance with the licences issued to them for this purpose. Visit www.ifrro.org to find the reproduction rights organization in your country.

This publication was prepared by Director General of the Department of Labour, Ministry of Labour, Immigration and Population, Myanmar, 2016

**ISBN 978-92-2-831229-4 (print)**
**ISBN 978-92-2-831230-0 (web pdf)**

International Labour Office;

*ILO Cataloguing in Publication Data*

The designations employed in ILO publications, which are in conformity with United Nations practice, and the presentation of material therein do not imply the expression of any opinion whatsoever on the part of the International Labour Office concerning the legal status of any country, area or territory or of its authorities, or concerning the delimitation of its frontiers.

The responsibility for opinions expressed in signed articles, studies and other contributions rests solely with their authors, and publication does not constitute an endorsement by the International Labour Office of the opinions expressed in them.

Reference to names of firms and commercial products and processes does not imply their endorsement by the International Labour Office, and any failure to mention a particular firm, commercial product or process is not a sign of disapproval.

ILO publications and electronic products can be obtained through major booksellers or ILO local offices in many countries, or direct from ILO Publications, International Labour Office, CH-1211 Geneva 22, Switzerland.

Catalogues or lists of new publications are available free of charge from the above address, or by email: pubvente@ilo.org. Visit our web site: www.ilo.org/publns

Myanmar report on school-to-work transition survey : January - March 2015 / International Labour Organization, ILO Liaison Officer for Myanmar. - Yangon: ILO, 2016.

ISBN: 9789228312294; 9789228312300 (web pdf)

International Labour Organization; ILO Liaison Officer for Myanmar.

youth employment / youth unemployment / transition from school to work / survey / Myanmar

13.01.3

*၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းအစီရင်ခံစာ*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




*၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းအစီရင်ခံစာ*

# ဥယျောဇဉ်

မြန်မာနိုင်ငံအနေဖြင့် လုပ်သားအင်အားစစ်တမ်းကို ၁၉၉ဝ ခုနှစ်က ILO, UNDP နှင့် UNFPA တို့၏ အကူအညီဖြင့် ကောက်ယူခဲ့ပြီးနောက် ဆက်လက်ကောက်ယူနိုင်ခဲ့ခြင်း မရှိဘဲ နိုင်ငံ၏ လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ခန့်မှန်းတွက်ချက် အသုံးပြုခဲ့ပါသည်။ ထိုသို့ခန့်မှန်းတွက်ချက်အသုံးပြုလာသည်မှာ ၂၅ နှစ်ကျော် ကြာမြင့်လာခဲ့ပြီးဖြစ်ရာ ခန့်မှန်းမှု အချက်အလက်များသည် ခေတ်ကာလ အခြေအနေနှင့် မကိုက်ညီခြင်း၊ အသေးစိတ်အချက် အလက်များနှင့် လက်တွေ့ကျသည့် အချက်အလက်များ မရရှိနိုင်ခြင်းတို့ကြောင့် နိုင်ငံအတွက် လိုအပ်လျက်ရှိသော လုပ်သားဈေးကွက်ဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် လိုအပ်သော လုပ်သား အင်အားစာရင်းအင်းများရရှိနိုင်ရေး ရည်ရွယ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုပ်သားအင်အားစစ်တမ်း တစ်ရပ် ကောက်ယူရန် ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ဆွေးနွေး၍ စတင်ကောက်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းတွင်သတ်မှတ်ခဲ့သော စာရင်းကောက်ကွက် ၈၀,၅၅၇ မှ နမူနာစာရင်းကောက်ကွက် ၁,၅၀၀ အတွင်းရှိ အိမ်ထောင်စု ၂၄,၀၀၀ ကိုကောက်ယူခဲ့ပါသည်။ ယခုကဲ့သို့ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူနိုင်ခဲ့ခြင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာ မူဝါဒများချမှတ် အကောင်အထည် ဖော်ရာတွင်လည်းကောင်း၊ စီမံကိန်းများချမှတ်ရာတွင်လည်းကောင်း ထိရောက်စွာအသုံးပြု နိုင်မည်ဟုလည်း ကျွန်ုပ်အနေနှင့် လေးနက်စွာ ယုံကြည်မျှော်လင့်မိပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူရေးလုပ်ငန်းအတွက် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဦးစီးကော်မတီနှင့် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ILO မှ နည်းပညာအကြံပေးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများမှ စာရင်းအင်းပညာရှင် များ၊ ကိုယ်စားလှယ်များပါဝင်သော နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ကိုဖွဲ့စည်း၍ စစ်တမ်း ကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် လိုအပ်သည့် စီမံခန့်ခွဲမှုနှင့် နည်းပညာ

ညွှန်ကြားချက်များဖြင့် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့၏ နည်းပညာနှင့် ငွေကြေးအကူအညီများဖြင့် မြန်မာနိုင်ငံတွင် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ခုနှစ်ကသာကောက်ယူနိုင်ခဲ့ပြီး ၂၅ နှစ်ကျော်ကြာမြင့်ပြီးမှ ပြန်လည်ကောက်ယူခဲ့သော လုပ်ငန်း ဖြစ်သည့်အတွက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည် ဝန်ထမ်းများအတွက် ပထမဆုံး အတွေ့အကြုံဖြစ်ပါသည်။ စစ်တမ်းကောက်ယူမှုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက် နိုင်ရန်အတွက် ILO အနေဖြင့် စစ်တမ်းမှာပါဝင်ကြမည့် စီစဉ်သူများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကောက်များ၊ လုပ်သားအင်အား စစ်တမ်းအထူးအဖွဲ့ အဖွဲ့ဝင်များနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များကို ပြည်တွင်း၌ သင်တန်းများ၊ ဆွေးနွေးပွဲများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ပေးခဲ့ပြီး ပြည်ပနိုင်ငံများသို့လည်း သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားရောက်စေခဲ့ပါသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် အများပြည်သူများ ပူးပေါင်းပါဝင်စေရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော သတင်းစာများ၊ ရုပ်သံလိုင်းများနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ လူစည်ကားသော ဈေးများနှင့် လမ်းဆုံများတွင် ဗီနိုင်းများချိတ်ဆွဲခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းအတွက် နည်းပညာ နှင့် ငွေကြေးအကူအညီပေးခဲ့ပါသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား ကျေးဇူး တင်ရှိပါသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် အဓိကပူးပေါင်းပါဝင်ပေးခဲ့ကြသော ပြည်သူ့ အင်အားဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနတို့အားလည်းကောင်း၊ ဦးစီးကော်မတီတွင် ပါဝင် သော အလုပ်ရှင်/အလုပ်သမား ကိုယ်စားလှယ်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းများအားလည်းကောင်း၊ စစ်တမ်းကောက်ယူမှုတစ်လျှောက် အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခဲ့ပါသော ILO မှ နည်းပညာအကြံပေးချုပ် Mr. Debi Prasad Mondal နှင့် National Program Officer ဒေါ်ဝင်းမြင့်တို့အားလည်းကောင်း၊ ကြီးကြပ်ရေးမှူးသင်တန်း၊ စာရင်းကောက်သင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများနှင့် ဆွေးနွေးပွဲများတွင် အားတက် သရော ဆွေးနွေးသင်ပြပေးခဲ့ကြပါသော ILO မှ စာရင်းအင်း ပညာရှင်များအားလည်းကောင်း၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ

အဖွဲ့ဝင်များအားလည်းကောင်း၊ စစ်တမ်းကောက်ယူရာတွင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသော သက်ဆိုင်ရာနယ်မြေဒေသအသီးသီးမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ ပုဂ္ဂလိကသုတေသန အဖွဲ့အစည်းများအားလည်းကောင်း၊ စစ်တမ်းကောက်ယူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါသည်။

ဤစစ်တမ်းများကောက်ယူရာတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အထူးသဖြင့် စစ်တမ်းမေးခွန်းလွှာများကို စိတ်အားထက်သန်စွာနှင့် စိတ်ရှည်စွာဖြေဆိုပြီး ပူးပေါင်းကူညီပေးခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ လုပ်သားပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျေးဇူးတင်လွှာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူနိုင်ရန် ခွင့်ပြုပေးခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း ပြီးမြောက်အောင်မြင်စေရန် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းကောက်ယူရာတွင် အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော စာရင်းအင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်းများအားလည်းကောင်း၊ လက်တွေ့ မြေပြင်ကွင်းဆင်း ကောက်ယူခဲ့ကြသော နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ လက်တွေ့ကွင်းဆင်း ကောက်ယူရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးပေးခဲ့သော နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ လုပ်သား အင်အားစစ်တမ်း အထူးအဖွဲ့ (Labour Force Survey Core Team) တွင် ပါဝင်ကြသော ဗဟိုစာရင်းအင်းအဖွဲ့နှင့် နေပြည်တော်ရုံးချုပ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်း များအားလည်းကောင်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် စာရင်းအင်းနှင့် ပတ်သက်သည့် အစိုးရအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအားလည်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) မှ ယခင် Liaison Officer Mr. Steve Marshall အားလည်းကောင်း၊ Acting Liaison Officer Ms. Piyamal Pichaiwongse အားလည်းကောင်း၊ ILO, Bangkok မှ Regional Economic and Social Analysts Unit ၊ Regional Labour Statistician ဖြစ်သူ Mr.Tite Habiyakare အားလည်းကောင်း၊ စစ်တမ်းဆိုင်ရာ နည်းပညာ အကြံပေးချုပ် (Chief Technical Advisor-CTA) Mr.Debi Prasad Mondal နှင့် National Program Officer ဒေါ်ဝင်းမြင့် တို့အားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း နိဂုံးချုပ်ဖော်ပြအပ်ပါသည်။

# မာတိကာ


| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| | အဓိကတွေ့ရှိချက်များ | i-iv |
| **အခန်း (၁)** | **နိဒါန်း** | ၁-၅ |
| | ၁.၁ မြန်မာနိုင်ငံ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ခြုံငုံသုံးသပ်ချက် | |
| | ၁.၂ စစ်တမ်းကောက်ယူမှုနည်းလမ်း | |
| **အခန်း (၂)** | **ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းဆိုင်ရာ တိုင်းတာမှု နည်းလမ်းများ** | ၆-၁၀ |
| | ၂.၁ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့ဆိုင်ရာ အယူအဆများ | |
| | ၂.၂ အကူးအပြောင်းများကို တိုင်းတာသည့်နည်းလမ်းများ | |
| **အခန်း (၃)** | **အဓိကတွေ့ရှိချက်များ** | ၁၁-၃၀ |
| | ၃.၁ လူငယ်များ၏ အရေအတွက်နှင့် အသက်ပျံ့နှံ့မှု အခြေအနေ | |
| | ၃.၂ မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူဦးရေအရွယ်အစား | |
| | ၃.၃ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်များ၏ ပျံ့နှံ့မှု အခြေအနေ | |
| | ၃.၄ အသက်အုပ်စုများတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း | |
| | ၃.၅ အသက်အုပ်စုအလိုက် အလုပ်လုပ်သည့် လူငယ်များ၏ ရာခိုင်နှုန်း | |
| | ၃.၆ လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေ | |
| | ၃.၇ လူငယ်များ၏ ပညာရေးအဆင့် | |
| | ၃.၈ ကျောင်းထွက်မှုအခြေအနေ | |
| | ၃.၉ ပညာရေးအဆင့်နှင့် လုပ်ရှားမှုအခြေအနေများ | |
| | ၃.၁၀ လူငယ်များအကြား ရွှေ့ပြောင်းသွားလာမှုရာခိုင်နှုန်း | |
| | ၃.၁၁ ရွှေ့ပြောင်းသွားလာရသည့်အကြောင်းအရင်း | |
| | ၃.၁၂ လူငယ်များ၏ လှုပ်ရှားမှုအခြေအနေ | |

| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| **အခန်း (၄)** | **လူငယ်အလုပ်လက်မဲ့များ၏ ဝိသေသလက္ခဏာများ** | **၃၁-၃၈** |
| ၄.၁ | အလုပ်ရှာဖွေရန် ကြာမြင့်ချိန် | |
| ၄.၂ | လူငယ်အလုပ်လက်မဲ့များ ရှာဖွေခဲ့ကြသည့် အလုပ်အမျိုးအစားများ | |
| ၄.၃ | အလုပ်လက်မဲ့အဓိပ္ပာယ်သတ်မှတ်ချက် | |
| ၄.၄ | အလုပ်မရှာဖွေရခြင်းအကြောင်းအရင်း | |
| ၄.၅ | အလုပ်အကိုင်ရှာဖွေမှုနည်းလမ်းများ | |
| ၄.၆ | အလုပ်မရှာဖွေရသည့် အကြောင်းအရင်းများ | |
| ၄.၇ | လုပ်သားအင်အားကို အပြည့်အဝ အသုံးမချနိုင်မှုဆိုင်ရာအညွှန်းကိန်းများ | |
| **အခန်း (၅)** | **အလုပ်လက်ရှိလူငယ်များ၏ သွင်ပြင်လက္ခဏာများ** | **၃၉-၅၃** |
| ၅.၁ | အလုပ်အကိုင် အခြေအနေ | |
| ၅.၂ | လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်သော လူငယ်များ၏ ပျံ့နှံ့မှု | |
| ၅.၃ | အလုပ်လက်ရှိ လူငယ်များ၏ အလုပ်အကိုင် ပျံ့နှံ့မှုနှုန်း | |
| ၅.၄ | အလုပ်အကိုင်ဆိုင်ရာ အကျိုးခံစားခွင့်များ | |
| ၅.၅ | အလုပ်အကိုင်မှ ဝင်ငွေရရှိမှုအခြေအနေ | |
| ၅.၆ | အလုပ်ချိန်နာရီ | |
| ၅.၇ | လူငယ်အလုပ်သမားများအကြားယာယီအလုပ်အကိုင်၏ သဘာဝ | |
| ၅.၈ | အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/သင်တန်းတက်ရောက်ခြင်းမရှိသည့် လူငယ်များ | |
| ၅.၉ | အလုပ်အကိုင် အရည်အသွေး | |
| ၅.၁၀ | အလုပ်ပြောင်းရွှေ့ရန် ရွေးချယ်ခွင့် | |
| **အခန်း (၆)** | **လူငယ်များ၏ အကူးအပြောင်းအခြေအနေ** | **၅၄-၆၂** |
| ၆.၁ | လူငယ်များ၏ အကူးအပြောင်းအဆင့်များ | |
| ၆.၂ | ပညာရေးနှင့် အကူးအပြောင်း | |

| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| | ၆.၃ ကူးပြောင်းပြီး အခြေအနေ | |
| | ၆.၄ ကူးပြောင်းပြီးလူငယ်များ၏ အလုပ်အကိုင် | |
| | ၆.၅ ကူးပြောင်းမှုလမ်းကြောင်း | |
| | ၆.၆ ကူးပြောင်းဆဲ လူငယ်များ၏ ပျံ့နှံ့မှု | |
| | ၆.၇ ရွေးချယ်ထားသော အာဆီယံနိုင်ငံများအတွင်း ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းကို နှိုင်းယှဉ်ဖော်ပြချက် | |
| | အတိုကောက်အသုံးအနှုန်းများ | ၆၃ |

# ဇယားများ


| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၁ | ရွေးချယ်ထားသည့် စာရင်းကောက်ကွက်များနှင့် စာရင်းကောက်ခဲ့သည့် နမူနာစာရင်းကောက်ကွက်များ | ၃ |
| ၂ | တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စာရင်းကောက်ယူခဲ့သော လူငယ်အရေအတွက် | ၅ |
| ၃ | ရွေးချယ်ထားသည့် နိုင်ငံအုပ်စုများနှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေတွင် အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ် အကြား လူဦးရေ ပါဝင်မှုရာခိုင်နှုန်း | ၁၁ |
| ၄ | အသက်အုပ်စုအလိုက် လူငယ်များ၏ ပါဝင်မှုနှင့်ခန့်မှန်း အရေအတွက် (မြို့ပြ၊ ကျေးလက်၊ ကျား၊ မ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်) | ၁၃-၁၄ |
| ၅ | လူငယ်များ၏ လက်ရှိအိမ်ထောင်ရှိသူများ၏ ရာခိုင်နှုန်း | ၁၆ |
| ၆ | အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်များ၏ ပညာရေးအခြေအနေ | ၁၉ |
| ၇ | လုပ်သားအင်အားအခြေအနေအရ စာမတတ်သူနှင့် အထက်တန်းအဆင့် ပညာရေး ပါဝင်မှုရာခိုင်နှုန်း | ၂၀ |
| ၈ | ကျောင်းထွက်ရသည့် အကြောင်းအရင်းများ | ၂၂ |
| ၉ | လုပ်သားအင်အား အခြေအနေအလိုက် ပညာရေးအဆင့်များတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း | ၂၄ |
| ၁၀ | ရည်ညွှန်းကာလအတွင်း မြို့နယ်တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းသွားလာသည့် လူငယ်များ၏ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၇ |
| ၁၁ | နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာသည့် အကြောင်းပြချက်အရ လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၈ |
| ၁၂ | လုပ်သားအင်အား အခြေအနေအရ လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း (ကျား) | ၂၉-၃၀ |
| ၁၃ | လုပ်သားအင်အား အခြေအနေအရ လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း (မ) | ၃၀ |
| ၁၄ | အလုပ်လက်မဲ့လူငယ်များ၏ အလုပ်ရှာဖွေသည့် အချိန်ကာလအရ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၁ |
| ၁၅ | ရှာဖွေသည့် အလုပ်အမျိုးအစားအလိုက် အလုပ်ရှာဖွေသူများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၃၂ |
| ၁၆ | အလုပ်လက်မဲ့လူငယ်များ၏ ပျံ့နှံ့မှု | ၃၃ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၁၇ | အလုပ်မရှိ၊ အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသော်လည်း အလုပ်ရှာဖွေခြင်းမရှိသည့် လူငယ်များ၏ အလုပ်မရှာသည့် အကြောင်းအရင်းအလိုက် ပျံ့နှံ့မှု | ၃၄ |
| ၁၈ | အလုပ်ရှာဖွေသည့် နည်းလမ်းများအရ လူငယ်များ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၃၅ |
| ၁၉ | အလုပ်မရှာဖွေသော အကြောင်းအရင်းများအလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၆ |
| ၂၀ | လုပ်အားကိုအပြည့်အဝအသုံးမချနိုင်ခြင်း၏ အညွှန်းကိန်းများ | ၃၈ |
| ၂၁ | အလုပ်အကိုင်အခြေအနေအရ အလုပ်လက်ရှိ လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၀ |
| ၂၂ | လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်သောလူငယ်များ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၄၂ |
| ၂၃ | အလုပ်အကိုင်အလိုက် အလုပ်လုပ်ကိုင်သော လူငယ်များ၏ ရာခိုင်နှုန်း (ISCO-2008) | ၄၃ |
| ၂၄ | လုပ်ခ၊ လစာရလူငယ်အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ အကျိုးခံစားမှုအလိုက် ရရှိသည့်ရာခိုင်နှုန်း | ၄၄ |
| ၂၅ | ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ခ၊ လစာရအလုပ်သမားများ၏ ပျမ်းမျှ ဝင်ငွေ | ၄၆ |
| ၂၆ | ပညာရေးအဆင့်အလိုက် အဓိကအလုပ်အရ လုပ်ခလစာရ လူငယ် အလုပ်သမားများ၏ ပျမ်းမျှ နေ့စဉ်ဝင်ငွေ | ၄၆ |
| ၂၇ | တစ်ပတ်အတွင်း ပုံမှန်အလုပ်ချိန်နာရီနှင့် ပျမ်းမျှတစ်ပတ် အလုပ်ချိန်အရ အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၇ |
| ၂၈ | အကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုရသည့်အကြောင်း အရင်းအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၉ |
| ၂၉ | လုပ်ငန်းခွင် ဝင်ရောက်မှုမရှိ၊ ကျောင်းတက်ရောက်ခြင်းမရှိသည့် လူငယ်ရာခိုင်နှုန်း | ၅၀ |
| ၃၀ | မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် ပညာရေးအခြေအနေအလိုက် အလုပ်လက်ရှိ လူငယ်များ၏ အလုပ်အကိုင်ပေါ် စိတ်ကျေနပ်မှု ရာခိုင်နှုန်း | ၅၂ |
| ၃၁ | အကြောင်းပြချက်အလိုက် အလုပ်ပြောင်းရွှေ့လိုသော အလုပ် လက်ရှိ လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၃ |
| ၃၂ | အကူးအပြောင်းအဆင့်ဆင့်မှာရှိသော လူငယ်များ၏ လူဦးရေ ဖြန့်ကျက်မှုရာခိုင်နှုန်း | ၅၅-၅၆ |

| ဇယား အမှတ် | ဇယားများ | စာမျက် နှာ |
|---|---|---|
| ၃၃ | ပညာရေးအဆင့်အပေါ်မူတည်၍ လူငယ်များ အကူးအပြောင်း အခြေအနေ ပုံနှံ့မှုအမျိုးအစား | ၅၇ |
| ၃၄ | ပညာသင်ယူမှု အဆင့်အတန်းနှင့် လူငယ်များ၏ နေထိုင်မှုပုံစံ အလိုက် အကူးအပြောင်း အခြေအနေများ၏ ဖြန့်ကျက်မှု ရာခိုင်နှုန်း | ၅၈ |
| ၃၅ | အဓိကဝင်ရောက်လုပ်ကိုင်သော အုပ်စုများပေါ်မှာရှိသော ကူး ပြောင်းပြီး လူငယ်များနှင့် စုစုပေါင်း အလုပ်အကိုင်များ၏ ဖြန့်ကျက်မှု ရာခိုင်နှုန်း | ၅၉ |
| ၃၆ | ကူးပြောင်းချိန်ကာလအတွင်း အမျိုးအစားအားဖြင့် လူငယ်များ၏ ကူးပြောင်းခဲ့သည့် ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၀ |
| ၃၇ | ကျေနပ်မှုရှိသော အလုပ်အကိုင် (သို့မဟုတ်) ပုံမှန်အလုပ်ဖြစ်ဖို့ရန် အတွက် ကူးပြောင်းပြီးလူငယ်များ၏ ကျား၊ မအလိုက် ပျံ့နှံ့မှု ရာခိုင်နှုန်း | ၆၀ |
| ၃၈ | ကူးပြောင်းဆဲလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၁ |
| ၃၉ | ကူးပြောင်းမှုအဆင့်၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း-ရွေးချယ်ထားသော နိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြချက် | ၆၂ |

# ပုံများ



| ပုံအမှတ် | ပုံများ | စာမျက်နှာ |
|---|---|---|
| ၁ | လုပ်သားအင်အားဆိုင်ရာ လူဦးရေတည်ဆောက်ပုံ | ၈ |
| ၂ | မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ ကျေးလက်-မြို့ပြ နှင့် ကျား-မ ပျံ့နှံ့မှုအခြေပြပုံ | ၁၂ |
| ၃ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်လူဦးရေ ပါဝင်မှု ရာခိုင်နှုန်း | ၁၃ |
| ၄ | တိုင်းဒေသကြီး၊ ပြည်နယ်၊ ကျား၊ မ၊ မြို့ပြ၊ကျေးလက်အလိုက် အလုပ်လုပ်သည့်လူငယ်များ၏ ရာခိုင်နှုန်း | ၁၄ |
| ၅ | မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ အတွက် အသက်အုပ်စုအလိုက် အလုပ်လုပ်သည့်လူငယ်များ၏ ပျံ့နှံ့မှုအခြေအနေ | ၁၅ |
| ၆ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လက်ရှိအိမ်ထောင်ရှိသူများ၏ ရာခိုင်နှုန်း | ၁၇ |
| ၇ | ပညာရေးအဆင့်အလိုက် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း | ၁၈ |
| ၈ | အသက်အလိုက် ကျောင်းထွက်သည့်လူငယ်များ၏ ရာခိုင်နှုန်း | ၂၀ |
| ၉ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူ ပါဝင်မှုရာခိုင်နှုန်း | ၂၆ |
| ၁၀ | အလုပ်မရှိသည့် လူငယ်များ၏ အသက်အုပ်စုအလိုက် ပျံ့နှံ့မှုနှုန်း | ၅၀ |
| ၁၁ | အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/ သင်တန်း တက်ရောက်ခြင်းမရှိသည့် လူငယ် (NEET) ရာခိုင်နှုန်း | ၅၁ |
| ၁၂ | လူငယ်များ၏ အကူးအပြောင်းအဆင့်အလိုက် ပျံ့နှံ့မှုနှုန်း | ၅၅ |

**၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း၏ အဓိကတွေ့ရှိချက်များ**

**(က) လူငယ်လူဦးရေနှင့် လုပ်ရှားမှုအခြေအနေ**

- မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် လူငယ်လူဦးရေဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်အတွင်း လူငယ်လူဦးရေ ၁၂.၁ သန်းရှိမည်ဟု ခန့်မှန်းရပါသည်။
- အမျိုးသမီးလူငယ်ဦးရေသည် အမျိုးသားလူငယ်ဦးရေထက် ၀.၇၇ သန်း မြင့်မားကြောင်း တွေ့ရှိရပါသည်။
- လူငယ်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။
- လူငယ်လူဦးရေ၏ ၃၅.၄ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၁၉ နှစ်ကြား လူငယ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။
- လူငယ်လူဦးရေ၏ ၁၆.၂ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

**(ခ) လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေ**

- အမျိုးသားလူငယ်လူဦးရေ၏ ၂၆.၉ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်လူဦးရေ၏ ၃၃.၄ ရာခိုင်နှုန်းသည် လက်ရှိတွင် အိမ်ထောင်ရှိကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြားရှိ အမျိုးသမီးလူငယ်လူဦးရေ၏ ၆၀.၆ ရာခိုင်နှုန်းသည် လက်ရှိတွင် အိမ်ထောင်ရှိကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(ဂ) လူငယ်များ၏ ကျောင်းပညာရေးအဆင့်**

- လူငယ်လူဦးရေ၏ ၅.၅ ရာခိုင်နှုန်းသည် အတန်းပညာမတတ်ကြောင်း တွေ့ရှိရပါသည်။
- လူငယ်လူဦးရေ၏ ၁၇.၂ ရာခိုင်နှုန်းသည် အထက်တန်းပညာနှင့်အထက် ပညာရေးအဆင့်တွင်ရှိကြောင်း တွေ့ရှိရပါသည်။
- လူငယ်လူဦးရေ၏ ၅၂ ရာခိုင်နှုန်းသည် အလယ်တန်းပညာရေးအဆင့် ပြီးဆုံးခြင်းမရှိဘဲ ကျောင်းမှနုတ်ထွက်ခဲ့ကြရကြောင်း တွေ့ရှိရပါသည်။
- လူငယ်များ၏ ကျောင်းထွက်ရသည့် ပျမ်းမျှအသက်မှာ ၁၃.၃ နှစ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

- ပညာရေးအဆင့်နှင့် ကျောင်းထွက်ရသည့်အခြေအနေတွင် ကျား၊ မအကြား ကွာခြားမှု ကြီးကြီးမားမားမရှိသော်လည်း မြို့ပြနှင့် ကျေးလက်ကြားတွင် ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) **ရွှေ့ပြောင်းသွားလာခြင်း**

- မြို့ပြလူငယ်လူဦးရေ၏ ၂၉ ရာခိုင်နှုန်းနှင့် ကျေးလက်လူငယ်လူဦးရေ၏ ၅.၁ ရာခိုင်နှုန်းသည် ၎င်းတို့လက်ရှိနေထိုင်ရာ ဒေသများသို့ ရွှေ့ပြောင်းလာကြသူများ ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။
- မြို့ပြလူငယ်လူဦးရေ၏ ထက်ဝက်ခန့်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ် နှင့် နေပြည်တော်တို့သို့ ရွှေ့ပြောင်းလာကြကြောင်း တွေ့ရှိရပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူငယ်လူဦးရေ၏ ၁၇.၅ ရာခိုင်နှုန်းသည် ၂၀၁၁-၂၀၁၄ ခုနှစ်အတွင်း ရွှေ့ပြောင်းလာကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။
- လူငယ်များရွှေ့ပြောင်းသွားလာရခြင်း အကြောင်းအရင်းများအနက် ၂၆ ရာခိုင်နှုန်း သည် အလုပ်အကိုင်ကြောင့် ရွှေ့ပြောင်းသွားလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။
- လူငယ်များရွှေ့ပြောင်းသွားလာရခြင်း၏ ၆၈.၅ ရာခိုင်နှုန်းသည် လက်ထပ်ခြင်းနှင့် မိသားစုပြောင်းရွှေ့နေထိုင်ခြင်းဆိုသည့် အကြောင်းအရင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။

(င) **အလုပ်တွင်ပါဝင်မှုအခြေအနေ**

- အမျိုးသားလူငယ်လူဦးရေ ၇၄.၈ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်လူဦးရေ ၅၅.၃ ရာခိုင်နှုန်းသည် အလုပ်လက်ရှိများဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်လျက်ရှိသော လူငယ်လူဦးရေ၏ ၆၄.၄ ရာခိုင်နှုန်းတွင် ၃၁.၉ ရာခိုင်နှုန်းသည် အလုပ်သမားများဖြစ်ကြပြီး အလုပ်ရှင် ၀.၈ ရာခိုင်နှုန်း၊ ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်သူ ၂၀ ရာခိုင်နှုန်း၊ အခကြေးငွေမရသော မိသားစုဝင်လုပ်သား အဖြစ် လုပ်ကိုင်သူ ၁၁.၈ ရာခိုင်နှုန်းနှင့် အလုပ်လက်မဲ့ ၀.၉ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နေသူ ၄၉.၉ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေကြပြီး ၂၀.၅ ရာခိုင်နှုန်းသာ စက်မှုကဏ္ဍတွင်လုပ်ကိုင်နေသည်ကို တွေ့ရှိရ ပါသည်။
- ကျေးလက်လူငယ်လူဦးရေ၏ ၆၅.၅ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။
- အလုပ်သမားများ၏ ၄၀ ရာခိုင်နှုန်းသည် ကျွမ်းကျင် စိုက်ပျိုးရေးလုပ်သား၊ ငါးဖမ်း လုပ်သားနှင့် သစ်တောလုပ်သားများအဖြစ် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။

- အလုပ်သမားများ၏ ၂၁ ရာခိုင်နှုန်းသည် အထွေထွေလုပ်သားများအဖြစ် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။
- တစ်ပတ်အတွင်း ပျမ်းမျှအလုပ်ချိန်မှာ ၅၂ နာရီဖြစ်ကြောင်းတွေ့ရှိရပါသည်။
- အမျိုးသားများ၏ တစ်ရက်ပျမ်းမျှ လုပ်ခ/လစာမှာ ၄,၈၀၀ ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ တစ်ရက်ပျမ်းမျှ လုပ်ခ/လစာမှာ ၃,၈၀၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ၏ တစ်လပျမ်းမျှဝင်ငွေမှာ အမျိုးသားများသည် ၁၂၄,၂၀၀ ကျပ်ဖြစ်ပြီး အမျိုးသမီးများသည် ၁၀၉,၁၀၀ ကျပ် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေသည် လုပ်ခ/လစာရ လုပ်သားများ၏ လစာထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

## (စ) အလုပ်မလုပ်၊ ကျောင်းမတက်၊ သင်တန်းမတက်သူနှင့် အလုပ်လက်မဲ့

- လူငယ်လူဦးရေ၏ ၁၇ ရာခိုင်နှုန်းသည် ကျောင်းတက်ရောက်နေခြင်းမရှိ၊ အလုပ်လုပ်ကိုင်နေခြင်းမရှိသူများဖြစ်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများမှာ ၂၅.၄ ရာခိုင်နှုန်း၊ အမျိုးသားများမှာ ၇.၅ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၁.၄ ရာခိုင်နှုန်းသာဖြစ်သော်လည်း လုပ်သားအင်အားအပြည့် အဝအသုံးမချနိုင်မှု ရာခိုင်နှုန်းမှာ ၉.၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။
- တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့နှစ်မျိုးပေါင်းသည် ၇.၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အမျိုးသမီးများ၏ အစိုးရအလုပ်ရှာဖွေနေမှုနှုန်းသည် အမျိုးသားများထက်မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့လူဦးရေ၏ ၂၉.၄ ရာခိုင်နှုန်းသည် အစိုးရအလုပ်များကို ရှာဖွေနေကြောင်း တွေ့ရှိရပါသည်။

## (ဆ) အလုပ်အကူးအပြောင်းအခြေအနေ

- အမျိုးသားလူငယ်လူဦးရေ၏ ၅၇ ရာခိုင်နှုန်းနီးပါးနှင့် အမျိုးသမီးလူငယ်လူဦးရေ၏ ၄၃.၅ ရာခိုင်နှုန်းနီးပါးသည် လက်ခံနိုင်လောက်သည့် အလုပ်များကိုရရှိပြီး အလုပ်ခွင်သို့ ကူးပြောင်းပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။
- ကျေးလက်အလုပ်သမားအများစုသည် မြို့ပြအလုပ်သမားများထက် အလုပ်ခွင်သို့ ကူးပြောင်းပြီး ဖြစ်သည်ကို တွေ့ရှိရပါသည်။
- စုစုပေါင်းလူငယ်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် အကူးအပြောင်းကာလတွင် ရှိနေသည်ကို တွေ့ရှိရပါသည်။

- ကူးပြောင်းပြီးလူငယ်များအကြားတွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပြီးမြောက်ပြီးသူများထက် ပညာရေးနိမ့်ပါးသူများနှင့် ဘွဲ့ရပြီးသူများ အများစုပါဝင်ကြသည်ကို တွေ့ရှိရပါသည်။
- အကူးအပြောင်းကာလကို စတင်ခြင်းမရှိသေးသော အမျိုးသားလူငယ်လူဦးရေ၏ ၆၅ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်လူဦးရေ၏ ၃၆.၆ ရာခိုင်နှုန်းသည် ကျောင်းတက်ရောက်နေသည်ကို တွေ့ရှိရပါသည်။
- "ကူးပြောင်းပြီးနှင့် အကူးအပြောင်းကာလ"ရှိ လူငယ်လူဦးရေ၏ ၁၄.၄ ရာခိုင်နှုန်းသည်သာ အတည်တကျရှိသည့် လစာရအလုပ်အကိုင်တွင် လုပ်ကိုင်နေကြ ပြီး ၅၆.၈ ရာခိုင်နှုန်းသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေကြသူများ အဖြစ်သို့ ကူးပြောင်းသွားသည်ကို တွေ့ရှိရပါသည်။
- "ကူးပြောင်းပြီးနှင့် အကူးအပြောင်းကာလ" ရှိ လူငယ်လူဦးရေ၏ ၈၇.၄ ရာခိုင်နှုန်းသည် အခကြေးငွေမရရှိသော မိသားစုလုပ်သား (ကျေနပ်မှုရှိသူ၊ ကျေနပ်မှုမရှိသူ နှစ်မျိုးစလုံး ပါဝင်သည်) သို့မဟုတ်အလုပ်မရှာဖွေသူနှင့် ကျောင်းမတက်၊ အလုပ်လုပ်ရန် ဆန္ဒမရှိသူ များဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံရှိ ကူးပြောင်းပြီး လူငယ်အများစုသည် အဓိကအားဖြင့် စိတ်ကျေနပ်မှုကြောင့်ဖြစ်ပြီး တည်ငြိမ်မှုရှိသည့် အလုပ်ကြောင့်မဟုတ်ကြောင်း တွေ့ရှိရပါသည်။
- ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူနှင့် စိတ်ကျေနပ်မှုရှိကြောင်း ဖြေဆိုသူများသည် များသောအားဖြင့် ၎င်းတို့၏ အလုပ်အကိုင်သည် အထွေထွေလုပ်သားများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## အခန်း (၁)

## နိဒါန်း

### ၁.၁ မြန်မာနိုင်ငံ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ခြုံငုံသုံးသပ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ပြည်ထောင်စုနယ်မြေဟူ၍စီမံခန့်ခွဲမှုအရ ခွဲခြားထားပါသည်။ ပြည်နယ်များမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြပြီး တိုင်းဒေသကြီးများမှာ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတို့ ဖြစ်ကြပါသည်။ ဤအစီရင်ခံစာတွင် အသုံးပြုရလွယ်ကူစေရန်အတွက်အဆိုပါစီမံခန့်ခွဲမှုအရခွဲခြားထားသည့်တိုင်းဒေသကြီး၊ ပြည်နယ်များကို ပြည်ထောင်စုဟု ရည်ညွှန်းထားပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်းစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁.၄ သန်းရှိပါသည်။ သန်းခေါင်စာရင်းအရ လူဦးရေ၏ အလယ်ဗဟိုကျသည့် အသက်မှာ ၂၇ နှစ်ဖြစ်ပြီး အလုပ်လုပ်ကိုင်နိုင်သော လူဦးရေတွင် လုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်းမှာ ၆၇ ရာခိုင်နှုန်းဖြစ်ပါသည်။ စစ်တမ်းရလဒ်အရ စုစုပေါင်းလူဦးရေတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၂၅.၁ ရာခိုင်နှုန်းဖြစ်ပြီး လုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း မှာ ၃၅.၂ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဤသည်မှာ လူငယ်များသည် နိုင်ငံ၏လုပ်သားဈေးကွက်တွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကို ဖော်ပြနေပါသည်။

အချိန်နှင့်တပြေးညီဖြစ်သည့် အချက်အလက်နှင့် ပြီးပြည့်စုံသော လုပ်သားဈေးကွက်ဆိုင်ရာ အချက်အလက်များမရှိခြင်းသည် အလုပ်အကိုင်ဆိုင်ရာမူဝါဒများ၊ လုပ်သားဈေးကွက်မူဝါဒများနှင့် လူမှုအကာအကွယ်ပေးခြင်းဆိုင်ရာမူဝါဒများချမှတ်ရန် အဓိကအဟန့်အတားများ ဖြစ်စေပါသည်။ အဆိုပါလိုအပ်ချက်များကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနသည် ဗဟိုစာရင်းအင်းအဖွဲ့နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO)၏နည်းပညာနှင့်ငွေကြေးအကူအညီများဖြင့် ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ ဤစစ်တမ်းသည် မြန်မာနိုင်ငံအတွက် ပထမဆုံးဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က လုပ်သားအင်အားစစ်တမ်းကို တစ်ကြိမ်သာ ကောက်ယူနိုင်ခဲ့ပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့များ၏ သွင်ပြင်လက္ခဏာများအပါအဝင် လုပ်သားဈေးကွက်တွင် လူငယ်များ၏ ပါဝင်မှုအခြေအနေ သတင်းအချက်အလက်များကို ကောက်ယူရန်ဖြစ်ပြီး အိမ်ထောင်စု စားဝတ်နေရေးအတွက် ပါဝင်

လုပ်ဆောင်ပေးမှု အခြေအနေများကိုလည်း လေ့လာရန် ရည်ရွယ်ပါသည်။ ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းတွင် လူငယ်များ၏ လှုပ်ရှားမှု မျိုးစုံကို သိရှိနိုင်ရန်နှင့် ၎င်းတို့၏ လက်ရှိဖြစ်ပေါ်နေသော လုပ်သားဈေးကွက်အခြေအနေအရ တွေ့ကြုံရသော အခက်အခဲများကိုဖြတ်ကျော်ခဲ့ရသည့် အခြေအနေများကို သိရှိနိုင်ရန်အတွက် အထူးပုံစံချ သတ်မှတ်ထားသော မေးခွန်းများကို ထည့်သွင်းမေးမြန်းခဲ့ပါသည်။

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို အခြေခံ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။ ဤစစ်တမ်းသည် အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ် အကြားရှိ လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင်သို့ကူးပြောင်းခြင်းဆိုင်ရာ အချက်အလက် များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ စစ်တမ်းသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုရှိသည်ဟု ဆိုနိုင်သော်လည်း နယ်မြေဒေသလုံခြုံမှုမရှိ၍ သွားရောက်ရန်မဖြစ်နိုင်ခဲ့သော ရှမ်းပြည်နယ်မှ ဝမ့်ဟုန်း၊မိုင်းမော၊ဝိန်ကောင်း၊မိုင်းပေါက်၊ပန်ဆန်းခရိုင်များမှ အချို့သော မြို့နယ် ခွဲများနှင့် ကျောက်မဲမြို့မှ မွန်လောင်းမြို့နယ်များတွင် ကောက်ယူနိုင်ခဲ့ခြင်းမရှိသကဲ့သို့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ကောက်ကွက်အချို့ကို လည်း ကောက်ယူနိုင်ခြင်း မရှိခဲ့ပါ။

စစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိကောက်ယူ ခဲ့ပါသည်။ သို့သော် ရခိုင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ တိုး၍ ကောက်ယူ ခဲ့ရပါသည်။

## ၁.၂ စစ်တမ်းကောက်ယူမှုနည်းလမ်း

**နမူနာရွေးချယ်မှုပုံစံ။** စစ်တမ်းနမူနာရွေးချယ်မှုသည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မူဘောင်ကို အခြေခံပါသည်။ အဓိကအားဖြင့် သန်းခေါင်စာရင်းတွင် ဖွဲ့စည်းခဲ့သော စာရင်းကောက်ဧရိယာ (Enumeration Area Blocks-EAs) သည် ပထမအဆင့်ရွေးချယ်မှု (First Stage Units-FSUs) သို့မဟုတ် ပထမအဆင့် နမူနာရွေးချယ်မှု (Primary Sampling Units-PSUs) ဖြစ်ပြီး အိမ်ထောင်စုသည် ဒုတိယအဆင့် ရွေးချယ်မှု (Second Stage Units-SSUs) သို့မဟုတ် နောက်ဆုံးရွေးချယ်မှု (Ultimate Sampling Units-USUs) ဖြစ်ပါသည်။

**အလွှာခွဲခြင်း။** တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့ပြ၊ ကျေးလက်ကို အခြေခံအလွှာ အဖြစ်သတ်မှတ်လိုက်သည့်အတွက် စုစုပေါင်း အလွှာ ၃၀ ရှိပါသည်။

**နမူနာအရွယ်အစား။** ကုန်ကျစရိတ်၊ အချိန်နှင့် လူအင်အားအပေါ်တွင် အခြေခံ၍ ပထမအဆင့် နမူနာရွေးချယ်မှုကို စာရင်းကောက်ကွက် ၁,၅၀၀ အဖြစ်သတ်မှတ်ခဲ့ပါသည်။ စာရင်းကောက် ကွက်တစ်ခုစီတွင် အိမ်ထောင်စု ၁၆ စုကို စစ်တမ်းကောက်ယူရန်အတွက် ရွေးချယ်မည်ဟု သတ်မှတ်ထားသည့်အတွက် နမူနာ အိမ်ထောင်စုပေါင်း ၂၄,၀၀၀ စစ်တမ်းကောက်ယူရန် မျှော်မှန်းထားပါသည်။

**ပထမအဆင့်နမူနာ ခွဲဝေခြင်း။** မြို့ပြနှင့် ကျေးလက်ဒေသများအကြား ပထမအဆင့် နမူနာ ရွေးချယ်မှု နေရာချထားရာတွင် မြို့ပြဒေသများတွင် အလုပ်အကိုင်ဆိုင်ရာသွင်ပြင်လက္ခဏာများ ကွဲပြားခြားနားပြီး လူဦးရေနည်းပါးသည့်အတွက် ကျေးလက်ဒေသထက် အလေး (Weight) ပိုပေးကာ ၁.၅:၁.၀ အဖြစ် ရွေးချယ်ထားပါသည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့ပြနှင့် ကျေးလက်သည် ထူးခြားစွာကွာခြားမှုမရှိသည့်အတွက် မြို့ပြကို အလေး(Weight) ပိုပေးထား ခြင်းမရှိပါ။ ထို့အပြင် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ရာ အပိုင်းအခြားအလိုက် ခန့်မှန်း တွက်ချက်နိုင်ရန်အတွက် လူဦးရေအရွယ်အစားကို နှစ်ထပ်ကိန်းရင်းပြု ခွဲဝေနေရာချထား ပါသည်။

**ဇယား-၁။ ရွေးချယ်ထားသည့် စာရင်းကောက်ကွက်များနှင့် စာရင်းကောက်ခဲ့သည် နမူနာစာရင်းကောက်ကွက်များ**

| တိုင်းဒေသကြီး၊ ပြည်နယ် | ရွေးချယ်ထားသည့် စာရင်းကောက်ကွက် အရေအတွက် | | စာရင်းကောက်ယူခဲ့သည့် စာရင်းကောက်ကွက် အရေအတွက် | |
|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | မြို့ပြ | ကျေးလက် |
| ကချင် | ၃၆ | ၄၂ | ၃၆ | ၃၈ |
| ကယား | ၁၂ | ၂၀ | ၁၂ | ၂၀ |
| ကရင် | ၂၂ | ၅၂ | ၂၂ | ၄၇ |
| ချင်း | ၁၂ | ၂၈ | ၁၂ | ၂၇ |
| စစ်ကိုင်း | ၃၂ | ၁၀၀ | ၃၂ | ၁၀၀ |
| တနင်္သာရီ | ၂၂ | ၄၈ | ၂၂ | ၄၈ |
| ပဲခူး | ၃၈ | ၉၀ | ၃၈ | ၉၀ |
| မကွေး | ၂၄ | ၉၀ | ၂၄ | ၉၀ |
| မန္တလေး | ၆၆ | ၈၂ | ၆၆ | ၈၂ |
| မွန် | ၃၂ | ၅၂ | ၃၂ | ၅၂ |
| ရခိုင် | ၂၂ | ၈၂ | ၂၂ | ၈၂ |
| ရန်ကုန် | ၁၀၄ | ၄၆ | ၁၀၄ | ၄၆ |
| ရှမ်း | ၄၄ | ၉၆ | ၄၁ | ၇၇ |
| ဧရာဝတီ | ၂၈ | ၁၁၄ | ၂၈ | ၁၁၂ |
| နေပြည်တော် | ၂၈ | ၃၆ | ၂၈ | ၃၆ |
| **စုစုပေါင်း** | **၅၂၂** | **၉၇၈** | **၅၁၉** | **၉၄၇** |

**အကွက်ငယ်များ ဖွဲ့စည်းခြင်းနှင့်ရွေးချယ်ခြင်း။** အဓိကအားဖြင့် အိမ်ထောင်စု စာရင်းစဉ် ပြုစုသည့်အဆင့်တွင် လုပ်ငန်းပမာဏကိုထိန်းချုပ်နိုင်ရန်အတွက် အိမ်ထောင်စု ၄၀၀ နှင့် အထက်ရှိသော စာရင်းကောက် ဧရိယာများတွင် အကွက်ငယ်များ (Sub block) ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့ပါသည်။ အိမ်ထောင်စုများသော စာရင်းကောက်ကွက်ကို သတ်မှတ်ထားသည့် အရေအတွက် (D) အတိုင်း အကွက်ငယ်ဟုခေါ်ဆိုသော အပိုင်းများ ခွဲခြားသတ်မှတ်သွားမည် ဖြစ်ပါသည်။ ဖွဲ့စည်းရမည့် အကွက်ငယ်အရေအတွက် (ဆိုလိုသည်မှာ D တန်ဖိုး)သည် နမူနာစာရင်းကောက် ဧရိယာအတွင်းရှိ ခန့်မှန်းလူဦးရေပေါ်တွင် မူတည်ပါသည်။ အကွက်ငယ်များဖြင့် ဖွဲ့စည်းထားသော စာရင်းကောက်ကွက်မှ အကွက်ငယ်တစ်ခုကို ရွေးချယ်ရာတွင် ရိုးရှင်းသောကျပန်းနမူနာ ရွေးချယ်မှု နည်းလမ်း(Simple Random Simpling Method) ကို အသုံးပြုခဲ့ပါသည်။

**ဒုတိယအဆင့်နမူနာရွေးချယ်ရန်အတွက် ပြင်ဆင်ခြင်း။** အိမ်ထောင်စုသည် နောက်ဆုံးအဆင့် နမူနာရွေးချယ်ခြင်းဖြစ်သည့်အတွက် ရွေးချယ်လိုက်သော စာရင်းကောက်ဧရိယာ သို့မဟုတ် အကွယ်ငယ်အတွင်းရှိ အိမ်ထောင်စုစာရင်းစဉ်သည် နမူနာရွေးချယ်ရန် မူဘောင်ဖြစ်သည်။ အဆိုပါ အိမ်ထောင်စုစာရင်းစဉ် မူဘောင်ကိုရရှိရန်အတွက် ရွေးချယ်ထား သည့် စာရင်းကောက်ဧရိယာ သို့မဟုတ် အကွက်ငယ်အတွင်းရှိ အိမ်ထောင်စုအားလုံးကို တစ်အိမ်တက်ဆင်း သွားရောက်၍ အိမ်ထောင်စုစာရင်းစဉ်များ ပြုစုခဲ့ပါသည်။

**ပထမအဆင့်နမူနာစာရင်းကောက်ကွက်များရွေးချယ်ခြင်း။**

စစ်တမ်းများကောက်ယူရာတွင် ပထမအဆင့်နမူနာစာရင်းကောက်ကွက်များ ရွေးချယ်နိုင်ရန်အတွက် ပင်မနမူနာမူဘောင်[၁]ကို ပြုစုထားရှိပါသည်။ အဆိုပါမူဘောင်တွင် အပိုင်းတစ်ခုတွင် နမူနာစာရင်းကောက်ကွက် ၁,၀၀၀ စီပါဝင်သော အပိုင်း ၄ ပိုင်းပါဝင်သည့် နမူနာစာရင်းကောက်ကွက် ၄,၀၀၀ ဖြင့် ဖွဲ့စည်းထားပါသည်။ အဆိုပါ ပင်မမူဘောင်မှ စာရင်းကောက်ကွက်များ ရွေးချယ်ရာတွင် အရွယ်အစားပါဝင်မှုအရ ဖြစ်နိုင်ချေရှိသော စနစ်ကျသည့် စက်ဝိုင်းပုံနမူနာရွေးချယ်မှုစနစ် (Circular Systematic Sampling) ဖြင့် ရွေးချယ်ပါသည်။ ဤတွင် အရွယ်အစားဆိုသည်မှာ စာရင်းကောက် ကွက်အတွင်းရှိ အိမ်ထောင်စုအရေအတွက် ကိုဆိုလိုပါသည်။ နမူနာ စာရင်းကောက်ကွက်များ ရွေးချယ်ရာတွင် အလွှာတစ်ခုချင်းစီမှ အပိုင်း ၂ ပိုင်းပုံစံဖြင့် ရွေးချယ်ပါသည်။ ဆိုလိုသည်မှာ ဖြစ်တန်စွမ်း အညီအမျှပေး၍ စနစ်ကျသည့် ကျပန်းနမူနာရွေးချယ်သည့် နည်းလမ်းကို အသုံးပြု၍ ရွေးချယ်ရမည့် နမူနာကောက်ကွက်တစ်ဝက်ကို အပိုင်း ၁ မှ ရွေးချယ်ပြီး ကျန်ရွေးချယ်ရမည့် နမူနာကောက်ကွက်တစ်ဝက်ကို အပိုင်း ၃ မှရွေးချယ်ခြင်းဖြစ်ပါသည်။

[၁] မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် နမူနာစစ်တမ်းများ ကောက်ယူနိုင်ရန်အတွက် စာရင်းကောက်ကွက် ၄,၀၀၀ ပါဝင်သော ပင်မနမူနာမူဘောင်ကို ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ပြုစုထားရှိပါသည်။

**အိမ်ထောင်စုများရွေးချယ်ခြင်း။** နမူနာစာရင်းကောက်ကွက် သို့မဟုတ် အကွက်များမှ နမူနာအိမ်ထောင်စုများကို ဖြစ်တန်စွမ်းအညီအမျှပေး၍ စနစ်ကျသည့် စက်ဝိုင်းပုံနမူနာ ရွေးချယ်သော နည်းလမ်းကိုအသုံးပြု၍ ရွေးချယ်ပါသည်။

**အစားထိုးခြင်း။** မူလကရွေးချယ်ထားသော စာရင်းကောက်ကွက်များကို စာရင်းကောက်ယူရန် တတ်နိုင်သမျှကြိုးပမ်းခဲ့ပါသည်။ ထိုသို့ ကြိုးပမ်းခဲ့သော်လည်း မရှောင်လွှဲနိုင်သည့် အခြေအနေများကြောင့် အချို့နမူနာကောက်ကွက်များကို မကောက်ယူနိုင်ခဲ့ပါ။ တူညီသည့် အလွှာအတွင်းမှ အခြားစာရင်းကောက်ကွက်နှင့် အစားထိုးရွေးချယ်ခဲ့ပါသည်။ ထိုသို့ အစားထိုးရွေးချယ်လိုသော စာရင်းကောက်ကွက်ကို စာရင်းကောက်ယူနိုင်ခြင်း မရှိပါက နောက်ထပ် အစားထိုးခြင်း မပြုလုပ်ခဲ့ပါ ။

**ဇယား -၂။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စာရင်းကောက်ယူခဲ့သော လူငယ်အရေအတွက်**

| တိုင်းဒေသကြီး၊ ပြည်နယ် | စစ်တမ်းကောက်ယူခဲ့သော လူငယ်အရေအတွက် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | မြို့ပြ | | | ကျေးလက် | | | မြို့ပြ+ကျေးလက် | | |
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| **ပြည်ထောင်စု** | **၄,၁၇၃** | **၄,၇၈၉** | **၈,၉၆၂** | **၇,၄၃၅** | **၈,၂၆၇** | **၁၅,၇၀၂** | **၁၁,၆၀၈** | **၁၃,၀၅၆** | **၂၄,၆၆၄** |
| ကချင် | ၃၃၂ | ၄၁၀ | ၇၄၂ | ၃၆၇ | ၃၄၈ | ၇၁၅ | ၆၉၉ | ၇၅၈ | ၁,၄၅၇ |
| ကယား | ၁၁၉ | ၁၂၄ | ၂၄၃ | ၂၁၁ | ၂၂၇ | ၄၃၈ | ၃၃၀ | ၃၅၁ | ၆၈၁ |
| ကရင် | ၁၄၇ | ၁၇၃ | ၃၂၀ | ၂၄၅ | ၃၀၉ | ၅၅၄ | ၃၉၂ | ၄၈၂ | ၈၇၄ |
| ချင်း | ၉၇ | ၁၄၂ | ၂၃၉ | ၂၄၈ | ၂၇၆ | ၅၂၄ | ၃၄၅ | ၄၁၈ | ၇၆၃ |
| စစ်ကိုင်း | ၂၉၃ | ၃၃၀ | ၆၂၃ | ၉၀၈ | ၉၉၅ | ၁,၉၀၃ | ၁,၂၀၁ | ၁,၃၂၅ | ၂,၅၂၆ |
| တနင်္သာရီ | ၂၀၁ | ၂၄၈ | ၄၄၉ | ၄၀၉ | ၄၃၅ | ၈၄၄ | ၆၁၀ | ၆၈၃ | ၁,၂၉၃ |
| ပဲခူး | ၂၅၇ | ၂၉၂ | ၅၄၉ | ၆၃၄ | ၇၃၁ | ၁,၃၆၅ | ၈၉၁ | ၁,၀၂၃ | ၁,၉၁၄ |
| မကွေး | ၁၆၃ | ၁၈၂ | ၃၄၅ | ၆၆၁ | ၇၄၉ | ၁,၄၁၀ | ၈၂၄ | ၉၃၁ | ၁,၇၅၅ |
| မန္တလေး | ၅၆၅ | ၅၉၅ | ၁,၁၆၀ | ၆၀၁ | ၇၀၁ | ၁,၃၀၂ | ၁,၁၆၆ | ၁,၂၉၆ | ၂,၄၆၂ |
| မွန် | ၂၁၀ | ၂၉၇ | ၅၀၇ | ၂၈၈ | ၃၃၈ | ၆၂၆ | ၄၉၈ | ၆၃၅ | ၁,၁၃၃ |
| ရခိုင် | ၂၀၄ | ၂၅၁ | ၄၅၅ | ၇၃၈ | ၈၉၉ | ၁,၆၃၇ | ၉၄၂ | ၁,၁၅၀ | ၂,၀၉၂ |
| ရန်ကုန် | ၈၅၈ | ၉၆၉ | ၁,၈၂၇ | ၃၇၇ | ၃၈၇ | ၇၆၄ | ၁,၂၃၅ | ၁,၃၅၆ | ၂,၅၉၁ |
| ရှမ်း | ၃၁၆ | ၃၁၄ | ၆၃၀ | ၆၃၉ | ၆၉၀ | ၁,၃၂၉ | ၉၅၅ | ၁,၀၀၄ | ၁,၉၅၉ |
| ဧရာဝတီ | ၂၁၆ | ၂၃၃ | ၄၄၉ | ၈၃၃ | ၉၀၆ | ၁,၇၃၉ | ၁,၀၄၉ | ၁,၁၃၉ | ၂,၁၈၈ |
| နေပြည်တော် | ၁၉၅ | ၂၂၉ | ၄၂၄ | ၂၇၆ | ၂၇၆ | ၅၅၂ | ၄၇၁ | ၅၀၅ | ၉၇၆ |

နမူနာစာရင်းကောက်ကွက် ၁,၅၀၀ ကို စာရင်းကောက်ရန် ရည်ရွယ်ခဲ့သော်လည်း စာရင်းကောက်ကွက် ၁,၄၆၈ ကွက်ကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။ မကောက်ယူနိုင်ခဲ့သည့် စာရင်းကောက်ကွက်များသည် အများအားဖြင့် ကျေးလက်ဒေသများမှ စာရင်းကောက်ကွက်များဖြစ်ကြပြီး မြို့ပြကောက်ကွက်အနေဖြင့် ရှမ်းပြည်နယ်မှ ၃ ကွက်သာ ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ စုစုပေါင်းလူငယ် ၂၄,၆၆၄ ဦးကို စစ်တမ်းကောက်ယူနိုင်ခဲ့ပြီး အဆိုပါ လူငယ်လူဦးရေ၏ ၅၃ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြပါသည်။

# အခန်း (၂)

## ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းဆိုင်ရာတိုင်းတာမှုနည်းလမ်းများ

### ၂.၁ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့ဆိုင်ရာ အယူအဆများ

ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် လူငယ်လူဦးရေကို အဓိကထား ကောက်ယူခဲ့ပါသည်။ လူငယ်ဟုဆိုရာတွင် စီးပွားရေးအရ ထုတ်လုပ်နိုင်စွမ်းရှိသည့် ဘဝကိုဦးဆောင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုကိုရယူ၍ အလုပ်အကိုင်ဈေးကွက်သို့ ဝင်ရောက်လာနိုင်သည့် အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ်အကြား လူဦးရေဖြစ်ပါသည်။ မြို့ပြနှင့် ကျေးလက်ကြား ကွာခြားမှု၊ အမျိုးသားနှင့် အမျိုးသမီးများအကြား ကွာခြားမှုနှင့် အခြားအကြောင်းအရင်းများအရ လူဦးရေဆိုင်ရာ အချက် အလက်၊ လူမှု-စီးပွားအခြေအနေနှင့် လုပ်သားအင်အားအညွှန်းကိန်းများသည် ကွာခြားမှုရှိသည့်အတွက် လူငယ်များကို ရှုထောင့်တစ်ခုတည်းမှ ကြည့်ခြင်းဖြင့် ပြီးပြည့်စွာ ဖော်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း အခြေအနေကို ဖော်ထုတ်နိုင်ရန်မှာ အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့ အယူအဆပေါ်တွင် များစွာမူတည်နေပါသည်။ အလုပ်အကိုင်ကိုစံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိသည့် လုပ်သားအင်အားစစ်တမ်း "စံ"များအတိုင်းလိုက်နာရမည့် လက်ရှိချမှတ်ထားသည့် မူဘောင်အရ တိုင်းတာပါသည်။ အလုပ်လက်ရှိဆိုသည်မှာ လူတစ်ယောက်သည် လုပ်ခ၊ လစာ သို့မဟုတ် အမြတ်အစွန်း သို့မဟုတ် ဝင်ငွေ တစ်စုံတစ်ခုရရန်အတွက် ရည်ရွယ်၍ လွန်ခဲ့သော ၇ရက်အတွင်း အနည်းဆုံးတစ်နာရီခန့် မည်သည့်အလုပ်ကိုမဆို လုပ်ခဲ့သူကို ဆိုလိုပါသည်။ အလုပ်လက်မဲ့ဆိုသည်မှာ လူတစ်ဦးသည်လက်ရှိတွင် အလုပ်မလုပ်သော်လည်း အလုပ်ရှာဖွေနေပြီး အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသူကိုဆိုလိုပါသည်။ ကျန်လူများကို "လုပ်သားအင်အားတွင် မပါဝင်သူ" သို့မဟုတ် "စီးပွားမရှာနိုင်သူဦးရေ " ဟုသတ်မှတ်ပါသည်။ လုပ်သားအင်အားတွင် အလုပ်လုပ်နေသူများ နှင့် အလုပ်လက်မဲ့များ ပါဝင်ပါသည်။

အထက်တွင်ဖော်ပြထားသော အလုပ်လက်မဲ့ကို လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုပုံစံဟု အဓိပ္ပါယ်သတ်မှတ်ပါသည်။ အခြေခံအားဖြင့် အလုပ်အကိုင်လိုအပ်ချက် မဖြည့်ဆည်းပေးနိုင်မှုကို ဖြစ်ပေါ်စေသောလုပ်သားဖြည့်ဆည်းပေးနိုင်မှုနှင့် လုပ်သားလိုအပ်ချက်အကြား ကိုက်ညီမှုမရှိခြင်းကို ဆိုလိုသည့် လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်းတွင် ရှုထောင့်နှင့် အဆင့်အမျိုးမျိုးရှိပါသည်။ စစ်တမ်းကောက်ယူခဲ့သော အချက်အလက်များကို အခြေခံ၍ အောက်ပါအတိုင်း အလုပ်လက်မဲ့ရှုထောင့်အမျိုးမျိုးကို ဖော်ပြထားပါသည် -

(က) **တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့**။ အလုပ်လုပ်ကိုင်နေသူ တစ်ဦး၏ အလုပ်ချိန်သည် လုံလောက်မှုမရှိဘဲ၎င်းအနေဖြင့် အခြားအလုပ်တစ်ခုကို လုပ်ကိုင်လိုပြီး ထိုအလုပ်ကို လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသူကိုဆိုသည်။ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ဟုသတ်မှတ်နိုင်ရန် အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရမည်ဖြစ်သည် -

(၁) နောက်ထပ်အလုပ်ချိန်ပို၍ လုပ်ကိုင်လိုခြင်း၊

(၂) အလုပ်ချိန်ပိုလုပ်ရန် အဆင်သင့်ဖြစ်နေခြင်း၊

(၃) လက်ရှိအလုပ်၏ တစ်ပတ်အလုပ်ချိန်သည် ၄၃ နာရီထက်လျော့နည်းနေခြင်း၊

(ခ) **အလုပ်လက်မဲ့**။ အလုပ်မရှိသူများသည် အလုပ်ရှာဖွေနေပြီး အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသူများကို ဆိုသည်။

(ဂ) **ဖြစ်နိုင်ချေရှိသောလုပ်သားအင်အား**။ အလုပ်မရှိသူများဖြစ်ပြီး ၎င်းတို့သည် အလုပ်လုပ်လိုသော်လည်း လက်ရှိတွင် အခြေအနေအရ အလုပ်ရှာဖွေခြင်းမရှိ သို့မဟုတ် အဆင်သင့်မဖြစ်သူများကို ဆိုသည်။

အကြောင်းအမျိုးမျိုးကြောင့် အလုပ်လက်မဲ့ရာခိုင်နှုန်းသည် နည်းပါးနေသည့်အကြောင်းမှာ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု (Labour Underutilization-LU) အညွှန်းကိန်းကို နိုင်ငံအတွက် မူဝါဒများချမှတ်နိုင်ရန် အသုံးပြုရမည်ဖြစ်ပါသည်။ LU ကို တိုင်းတာသည့် အညွှန်းကိန်း ၄ ခုရှိပါသည်။ အရေးအကြီးဆုံး အညွှန်းကိန်းမှာ အလုပ်လက်မဲ့နှုန်းဖြစ်ပြီး ၎င်းသည် လုပ်သားအင်အားတွင် အလုပ်လက်မဲ့ပါဝင်မှုရာခိုင်နှုန်း (LU1) ကို ဆိုလိုပါသည်။ အခြားတိုင်းတာမှုအဖြစ် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့ အရေအတွက်စုစုပေါင်း၏ လုပ်သားအင်အားတွင် ပါဝင်မှုရာခိုင်နှုန်း (LU2) ကို ဆိုလိုပါသည်။ တတိယတိုင်းတာမှုမှာ အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ချေရှိသောလုပ်သားအင်အားအရေအတွက် စုစုပေါင်း၏ ချဲ့ထွင်ထားသောလုပ်သားအင်အားတွင် ပါဝင်မှုရာခိုင်နှုန်း (LU3) ကို ဆိုလိုပါသည်။ ချဲ့ထွင်ထားသောလုပ်သားအင်အားဆိုသည်မှာ လုပ်သားအင်အားနှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အားကို ပေါင်းထားခြင်းဖြစ်ပါသည်။ ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား ဆိုသည်မှာ လုပ်သားအင်အားပြင်ပတွင်ရှိပြီး ၎င်းတို့သည် အလုပ်လုပ်ရန် အဆင်သင့်မဖြစ်သော်လည်း အလုပ်ရှာဖွေနေသူ *သို့မဟုတ်* အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသော်လည်း လုပ်ခနှင့် အကျိုးအမြတ်ရမည့်အလုပ်ကို ရှာဖွေနေခြင်းမရှိသူများ ဖြစ်ပါသည်။

စတုတ္ထတိုင်းတာမှုမှာ အလုံးစုံပါဝင်သော လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု အတိုင်းအတာဖြစ်ပြီး ၎င်းသည် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့၊ အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ချေရှိ

သော လုပ်သားအင်အား စုစုပေါင်း၏ ချဲ့ထွင်ထားသောလုပ်သားအင်အားတွင်ပါဝင်မှုရာခိုင်နှုန်း (LU4) ကိုဆိုလိုပါသည်။ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုကို ဖော်ညွှန်းထားသည့် လုပ်သားအင်အားဆိုင်ရာ လူဦးရေတည်ဆောက်ပုံကို ပုံ-၁ တွင် ဖော်ပြထားပါသည် -

**ပုံ-၁။ လုပ်သားအင်အားဆိုင်ရာ လူဦးရေတည်ဆောက်ပုံ**




အရင်းအမြစ်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့-၂၀၁၆

## ၂.၂ အကူးအပြောင်းများကို တိုင်းတာသည့်နည်းလမ်းများ

မည်သည့်လူမှုအဖွဲ့အစည်းတွင်မဆို ပညာရေးနှင့် ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူငယ်များကို ထုတ်လုပ်မှုစွမ်းအားရှိသော အလုပ်လက်ရှိလူကြီးဘဝ ဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပညာရေးကို မြှင့်တင်ပေးခြင်းဖြင့် စိတ်ကျေနပ်မှုရှိပြီး လစာကောင်းသည့် အလုပ်အကိုင် များကို ရရှိစေသည့် အခွင့်အလမ်းများ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပညာရေးမှ 'တည်ငြိမ်မှုရှိသည့်အလုပ်အကိုင်' သို့ကူးပြောင်းသည့် ဖြစ်စဉ်သည် မူဝါဒချမှတ်နိုင်ရန်အတွက် အရေးကြီးသည့်အချက် ဖြစ်လာပါသည်။

ပို၍တိတိကျကျ တင်ပြရပါက အခြားသော ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းများတွင် အသုံးပြုသော ILO ၏ နည်းလမ်းများအရ လုပ်သားဈေးကွက်အကူးအပြောင်းဆိုသည်မှာ လူငယ်များ (အသက် ၁၅ နှစ်မှ ၂၉ နှစ် အကြား) ၏ ကျောင်းတက်ရောက်မှုအပြီး (သို့မဟုတ် ပထမဆုံး စီးပွားရေးလုပ်ငန်းသို့ဝင်ရောက်မှု) ပထမဆုံး တည်ငြိမ်သည့် သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် အလုပ်ရသည်အထိ အကူးအပြောင်း

ဖြစ်စဉ်ဖြစ်ပါသည်။ Master Card Foundation နှင့် ပူးပေါင်းဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ လူငယ်အလုပ်အကိုင်နှင့် ပတ်သက်သော စစ်တမ်းနှင့် အစီရင်ခံစာများနှင့်ပတ်သက်၍ www.ilo.org/w4y တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ တည်ငြိမ်သည့် အလုပ်အကိုင်ကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ) ချုပ်ဆိုထားပြီး စာချုပ် သက်တမ်း (၁၂ လနှင့်အထက်) ရှိသည့် အလုပ်အကိုင်ကို ဆိုလိုပါသည်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်ချုပ်ဆိုရန် မလိုအပ်သော ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သူများအတွက် စာချုပ် ချုပ်ဆိုမှုကို ထည့်သွင်းစဉ်းစားရန်မလိုပါ။ တည်ငြိမ်သည့် အလုပ်၏ ဆန့်ကျင်ဘက်သဘောမှာ ယာယီအလုပ် သို့မဟုတ် စာချုပ်သက်တမ်း အကန့်အသက်ရှိသည့် လုပ်ခ/လစာရအလုပ် ဖြစ်သည်။ စိတ် ကျေနပ်မှုရှိသည့် အလုပ်အကိုင်ဆိုသည်မှာ အလုပ်လုပ်နေသူများအနေဖြင့် ၎င်းတို့ အလုပ်အပေါ် စိတ်ကျေနပ်မှုအခြေအနေရ သတ်မှတ်ပါသည်။ ဖြေဆိုသူများအနေဖြင့် ၎င်းတို့ လုပ်ကိုင်နေသည့် အလုပ်သည် ၎င်းတို့အတွက် လက်ရှိတွင် သင့်လျော်ကောင်းမွန်သည်ဟုမြင်ပါက စိတ်ကျေနပ် သည့်အလုပ်အကိုင်ဟု သတ်မှတ်မည်ဖြစ်ပြီး စိတ်ကျေနပ်မှုမရှိသည့် အလုပ်အကိုင် ဆိုသည်မှာ အလုပ်လုပ်နေသူများအနေဖြင့် ၎င်းတို့အလုပ်အပေါ် စိတ်ကျေနပ်မှုမရှိခြင်းကို ဆိုလိုပါသည်။

အစီရင်ခံစာတွင် **"ကူးပြောင်းပြီးလူငယ်"** ဆိုသည်မှာ စိတ်ကျေနပ်မှု ရှိသည်ဖြစ်စေ စိတ်ကျေနပ်မှုမရှိသည်ဖြစ်စေ တည်ငြိမ်သည့်အလုပ်အကိုင်တစ်ခုကို လုပ်ကိုင်နေသူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ်လုပ်နေသူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေရသူတို့ကို ဆိုလိုပါသည်။

**"ကူးပြောင်းဆဲလူငယ်"** ဆိုသည်မှာ စိတ်ကျေနပ်မှုမရှိသည့် ယာယီအလုပ်ကို လုပ်ကိုင်နေသူ သို့မဟုတ် စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ လုပ်ခ/ လစာရ အလုပ်တွင် လုပ်ကိုင်သူ သို့မဟုတ် စိတ်ကျေနပ်မှုမရှိသည့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည်ဖြစ်စေ၊ စိတ်ကျေနပ်မှု မရှိသည်ဖြစ်စေ လုပ်ခလစာမရဘဲ မိသားစုလုပ်ငန်းများတွင် လုပ်ကိုင်နေသူ သို့မဟုတ် ကျောင်းတက်ရောက်နေခြင်းမရှိသည့် နောင်တွင် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားသော လုပ်သားအင်အား ပြင်ပရှိ အလုပ်လက်မဲ့များ ပါဝင်သည်။

**"အကူးအပြောင်းမစတင်ရသေးသည့်လူငယ်"** ဆိုသည်မှာ လက်ရှိတွင် ကျောင်းတက်ရောက်နေသူ သို့မဟုတ် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေပြီး ကျောင်း သို့မဟုတ် သင်တန်းတက်ရောက်ခြင်းမရှိသကဲ့သို့ အလုပ်ရှာဖွေနေခြင်း မရှိသူများကို ဆိုလိုပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကူးအပြောင်း ၃ မျိုး၏ အခြေအနေများကို အောက်ပါ ဇယားကွက်တွင် ဖော်ပြထားပါသည်-

| ကူးပြောင်းပြီးလူငယ် | ကူးပြောင်းဆဲလူငယ် | အကူးအပြောင်းမစတင်ရသေးသည့်လူငယ် |
|---|---|---|
| **အလုပ်တစ်ခုခုကို လုပ်ကိုင်နေသောလူငယ်**<br>• စိတ်ကျေနပ်မှုရှိသည့် အတည်တကျအလုပ်<br>• စိတ်ကျေနပ်မှုမရှိသည့် အတည်တကျအလုပ်<br>• စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ်<br>• စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်အလုပ် | **အခြေအနေ တစ်ခုခုနှင့် ကိုက်ညီသောလူငယ်**<br>• စိတ်ကျေနပ်မှုမရှိသည့် ယာယီအလုပ်လုပ်နေသူ<br>• အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်မရှိဘဲ အလုပ်လုပ်နေသူ<br>• စိတ်ကျေနပ်မှုမရှိသည့် ကိုယ်ပိုင်အလုပ်လုပ်နေသူ<br>• စိတ်ကျေနပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခကြေးငွေမရသည့် မိသားစုဝင်လုပ်သား<br>• အလုပ်လက်မဲ့<br>• လှုပ်ရှားမှုမရှိ ကျောင်းတက်မနေသော်လည်း အလုပ်လုပ်ရန် ဆန္ဒရှိသူ | **အခြေအနေတစ်ခုခုနှင့် ကိုက်ညီသောလူငယ်**<br>• ကျောင်းတက်နေသူ<br>• လှုပ်ရှားမှုမရှိ ကျောင်းသင်တန်းတက်ရောက်မှုမရှိ၊အလုပ်လုပ်ရန်ဆန္ဒမရှိသူ |

# အခန်း(၃)

# အဓိကတွေ့ရှိချက်များ

## ၃.၁ လူငယ်များ၏ အရေအတွက်နှင့် အသက်ပျံ့နှံ့မှုအခြေအနေ

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ အသက်ဖွဲ့စည်းမှုပုံစံသည် ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ အကြမ်းဖျင်း အသက်အုပ်စု ၃ မျိုး ဖြစ်သည့် ကလေး (၀-၁၄)၊ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ (၁၅-၆၄) နှင့် သက်ကြီးရွယ်အို (၆၅+) တို့၏ပါဝင်မှုရာခိုင်နှုန်းများမှာ ၂၈.၆ ရာခိုင်နှုန်း၊ ၆၅.၆ ရာခိုင်နှုန်း နှင့် ၅.၈ ရာခိုင်နှုန်းတို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ စုစုပေါင်းလူဦးရေတွင် အသက်အုပ်စု ၁၅ နှစ် မှ ၂၉ နှစ်ကြား လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၂၆ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း၂၉.၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းထက် အနည်းငယ် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ထိုသို့ မြို့ပြဒေသများတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း မြင့်မားနေရခြင်းမှာ မြို့များသို့ လူငယ်များပြောင်းရွှေ့သွားခြင်းကြောင့် ဖြစ်နိုင်ပါသည်။

မြန်မာနိုင်ငံလူဦးရေတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှလွဲ၍ အခြား အိမ်နီးချင်း နိုင်ငံများ ဖြစ်ကြသော အိန္ဒိယနိုင်ငံနှင့် အာရှနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများ နှင့် ကောင်းစွာနှိုင်းယှဉ်နိုင်သည်ကို တွေ့ရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။ ဇယား ၃ တွင်တွေ့ရှိနိုင်သည်မှာ ဝင်ငွေမြင့်မားသောနိုင်ငံများတွင် လူငယ်လူဦးရေ၏ ပါဝင်မှု ရာခိုင်နှုန်းမှာ ၂၀ ရာခိုင်နှုန်းအောက် လျော့နည်းသည်ကို တွေ့ရှိရပါသည်-

**ဇယား-၃။ ရွေးချယ်ထားသည့် နိုင်ငံအုပ်စုများနှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေတွင် အသက်အုပ်စု ၁၅ နှစ် မှ ၂၉ နှစ်အကြားလူဦးရေ ပါဝင်မှုရာခိုင်နှုန်း**

| နိုင်ငံများ | % |
|---|---|
| ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ | ၂၇.၉ |
| ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများ (တရုတ်နိုင်ငံမပါ) | ၂၆.၇ |
| ဝင်ငွေများသောနိုင်ငံများ | ၁၉.၂ |
| အာရှ | ၂၅.၁ |
| မြန်မာ | ၂၆.၀ |
| ဘင်္ဂလားဒေ့ရှ် | ၂၈.၄ |
| အိန္ဒိယ | ၂၇.၀ |

အရင်းအမြစ်။ကမ္ဘာ့လူဦးရေခန့်မှန်းချက် ၂၀၁၅ ခုနှစ် ခန့်မှန်းစာရင်း

မွေးဖွားမှုနှုန်း ကျဆင်းလာသဖြင့် လူငယ်များ၏ ပါဝင်မှုနှုန်းသည် နောင်အနာဂတ်များတွင် မြင့်တက်လာနိုင်မည်မဟုတ်ပါ။ လက်ရှိလူငယ်များ အထူးသဖြင့် သက်ငယ်ပိုင်း အုပ်စုသည် အသက်ကြီးပြင်းလာပြီး လုပ်သားအင်အားသို့ ဝင်ရောက်လာမည့်သူများဖြစ်ရာ ၎င်းတို့အား သင့်လျော်ကောင်းမွန်ပြီး ကုန်ထုတ်နိုင်စွမ်းရှိသည့် အလုပ်အကိုင်များတွင် ဝင်ရောက်နိုင်မှသာလျှင် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။

## ၃.၂ မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူဦးရေအရွယ်အစား

စစ်တမ်းအရ မြန်မာတစ်နိုင်ငံလုံးရှိ အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ်အကြား လူငယ်လူဦးရေအရေအတွက်မှာ ၁၂.၀၁ သန်းဖြစ်ပြီး အဆိုပါအရေအတွက်သည် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူစဉ်က ရရှိခဲ့သော လူငယ်လူဦးရေ ၁၃.၁ သန်းနှင့် နီးစပ်သည်ကို တွေ့ရှိရပါသည်။ စစ်တမ်းမှရရှိလာသော မြို့ပြဒေသရှိ လူငယ်လူဦးရေသည် သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းနေသည်ကလွဲ၍ မြို့ပြနှင့် ကျေးလက်ဒေသများအကြား လူငယ်လူဦးရေပျံ့နှံ့မှုသည် အရေအတွက်အားဖြင့် တူညီသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

လူငယ်လူဦးရေ၏ ကျေးလက်၊ မြို့ပြ ပျံ့နှံ့မှုမှာ အကြမ်းဖျင်းအားဖြင့် ၇၀:၃၀ ဖြစ်ရာ စုစုပေါင်းလူဦးရေ၏ ပျံ့နှံ့မှုပုံစံနှင့် တူညီသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးလူငယ်လူဦးရေသည် အရေအတွက်အားဖြင့် အမျိုးသားလူငယ်လူဦးရေထက် ၀.၇၇ သန်းခန့် ပိုမိုများပြားပြီး စုစုပေါင်းလူငယ်လူဦးရေတွင် အမျိုးသမီးလူငယ်လူဦးရေပါဝင်မှုရာခိုင်နှုန်းမှာ ၅၃.၂ ရာခိုင်နှုန်းဖြစ်သည်ကို ပုံ-၂ တွင် တွေ့ရှိရပါသည်။

ပုံ-၂။ မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ ကျေးလက်-မြို့ပြ နှင့် ကျား-မ ပျံ့နှံ့မှုအခြေပြပုံ







## ၃.၃ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုအခြေအနေ

နိုင်ငံရှိလူငယ်လူဦးရေ၏ ၁၆.၂ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိပြီး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂.၅ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂.၂ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၁၁.၅ ရာခိုင်နှုန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀.၈ ရာခိုင်နှုန်းဖြစ်သည်ကို ပုံ-၃ တွင် တွေ့ရှိရပါသည်။ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခုရှိ လူငယ်လူဦးရေပါဝင်မှု

သည် တစ်နိုင်ငံလုံးရှိ လူငယ်လူဦးရေ၏ ၆၂.၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ကယား ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ လူငယ်လူဦးရေပါဝင်မှုသည် တစ်နိုင်ငံလုံးရှိ လူငယ်လူဦးရေ ၏ ၂ ရာခိုင်နှုန်းအောက်သာ ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် များအလိုက် လူငယ်လူဦးရေပါဝင်မှုရာခိုင်နှုန်းကို ဇယား-၄ တွင် ဖော်ပြထားပါသည်။

ပုံ-၃။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်လူဦးရေ ပါဝင်မှုရာခိုင်နှုန်း




ဇယား -၄။ အသက်အုပ်စုအလိုက် လူငယ်များ၏ ပါဝင်မှုနှင့် ခန့်မှန်းအရေအတွက် ( မြို့ပြ၊ ကျေးလက်၊ ကျား၊ မ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်)

| အသက်အုပ်စု (နှစ်) အလိုက် လူငယ်များ၏ ခန့်မှန်းအရေအတွက် | | | | |
|---|---|---|---|---|
| နယ်ပယ် | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | စုစုပေါင်း |
| ပြည်ထောင်စု | ၄,၂၆၀,၀၆၇ | ၃,၉၂၂,၈၀၀ | ၃,၈၃၅,၀၀၃ | ၁၂,၀၁၇,၈၇၀ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၁,၂၇၆,၅၉၀ | ၁,၂၅၅,၁၂၉ | ၁,၁၇၅,၆၇၁ | ၃,၇၀၇,၃၉၀ |
| ကျေးလက် | ၂,၉၈၃,၄၇၇ | ၂,၆၆၇,၆၇၁ | ၂,၆၅၉,၃၃၂ | ၈,၃၁၀,၄၇၉ |
| ကျား၊ မ | | | | |
| ကျား | ၂,၀၄၀,၈၈၃ | ၁,၈၀၉,၁၃၀ | ၁,၇၇၄,၂၉၀ | ၅,၆၂၄,၃၀၃ |
| မ | ၂,၂၁၉,၁၈၃ | ၂,၁၁၃,၆၇၀ | ၂,၀၆၀,၇၁၃ | ၆,၃၉၃,၅၆၇ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | |
| ကချင် | ၁၃၈,၅၃၀ | ၁၁၃,၁၅၁ | ၁၀၁,၉၈၁ | ၃၅၃,၆၆၂ |
| ကယား | ၂၄,၈၀၀ | ၂၅,၁၂၆ | ၂၁,၇၉၁ | ၇၁,၇၁၇ |
| ကရင် | ၁၃၃,၂၀၈ | ၉၂,၈၁၇ | ၉၁,၁၅၃ | ၃၁၇,၁၇၇ |
| ချင်း | ၄၆,၄၃၀ | ၃၂,၄၆၉ | ၂၈,၄၈၂ | ၁၀၇,၃၈၁ |
| စစ်ကိုင်း | ၄၅၉,၂၅၉ | ၃၈၇,၃၁၂ | ၄၄၆,၄၂၃ | ၁,၂၉၂,၉၉၄ |
| တနင်္သာရီ | ၁၂၈,၀၆၃ | ၁၀၃,၂၉၄ | ၁၀၂,၁၀၈ | ၃၃၃,၄၆၅ |
| ပဲခူး | ၄၁၉,၃၁၂ | ၃၅၅,၁၃၉ | ၃၇၉,၄၇၇ | ၁,၁၅၃,၉၂၈ |
| မကွေး | ၃၁၃,၁၄၆ | ၂၇၀,၈၄၃ | ၂၈၈,၀၆၅ | ၈၇၂,၀၅၄ |
| မန္တလေး | ၅၀၉,၇၅၀ | ၅၁၅,၅၄၁ | ၄၈၁,၅၄၇ | ၁,၅၀၆,၈၃၉ |
| မွန် | ၁၆၂,၆၉၉ | ၁၄၁,၆၇၃ | ၁၄၀,၄၆၄ | ၄၄၄,၈၃၆ |

| အသက်အုပ်စု (နှစ်) အလိုက် လူငယ်များ၏ ခန့်မှန်းအရေအတွက် | | | | |
|---|---|---|---|---|
| နယ်ပယ် | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | စုစုပေါင်း |
| ရခိုင် | ၁၇၉,၄၀၄ | ၁၅၇,၄၇၂ | ၁၅၄,၀၇၈ | ၄၉၀,၉၅၅ |
| ရန်ကုန် | ၆၄၆,၁၅၃ | ၆၇၆,၆၅၄ | ၆၂၂,၅၀၉ | ၁,၉၄၅,၃၁၇ |
| ရှမ်း | ၅၀၉,၂၄၄ | ၄၈၆,၇၅၇ | ၃၈၀,၁၀၇ | ၁,၃၇၆,၁၀၈ |
| ဧရာဝတီ | ၅၀၀,၆၅၂ | ၄၆၉,၅၈၄ | ၄၉၅,၈၃၃ | ၁,၄၆၆,၀၆၈ |
| နေပြည်တော် | ၈၉,၄၁၆ | ၉၄,၉၇၀ | ၁၀၀,၉၈၄ | ၂၈၅,၃၇၀ |

## ၃.၄ အသက်အုပ်စုများတွင် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း

လူငယ်များတွင် သက်ငယ်အုပ်စုဖြစ်သည့် အသက် ၁၅ နှစ်မှ ၁၉ နှစ်ကြား လူငယ်လူဦးရေပါဝင်မှုမှာ ၃၅.၄ ရာခိုင်နှုန်းဖြစ်ပါသည်။ လူငယ်များ၏ အသက်တည်ဆောက်ပုံသည် အသက်ငယ်အုပ်စုသည် ကျန်အုပ်စုနှစ်ခုဖြစ်သော အသက် ၂၀ မှ ၂၄ နှစ်ကြားနှင့် အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြားတို့၏ပါဝင်မှုရာခိုင်နှုန်း ၃၂.၆ ရာခိုင်နှုန်းနှင့် ၃၁.၉ ရာခိုင်နှုန်းတို့ထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ဤပုံနှံ့မှုသည် သန်းခေါင်စာရင်း၏ အသက်ပုံနှံ့မှုနှင့် နီးစပ်သည်ကို တွေ့ရှိရပါသည်။ သန်းခေါင်စာရင်းအရ အဆိုပါအသက်အုပ်စု ၃ ခု၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၃၅.၃ ရာခိုင်နှုန်း၊ ၃၃.၁ ရာခိုင်နှုန်းနှင့် ၃၁.၆ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။

လူငယ်လူဦးရေတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ် အကြားအသက်အုပ်စု၏ ပါဝင်မှုရာခိုင်နှုန်းမှာ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄၀ ရာခိုင်နှုန်းကျော်ပါဝင်နေပြီး ကချင်ပြည်နယ်တွင် ၃၉.၂ ရာခိုင်နှုန်းပါဝင်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ ပါဝင်မှုရာခိုင်နှုန်းသည် နေပြည်တော်တွင် ၃၁.၃ ရာခိုင်နှုန်းဖြင့် အနည်းဆုံးပါဝင်ကြောင်း တွေ့ရှိရပါသည်။ လူငယ်လူဦးရေတွင် သက်ငယ်အုပ်စုမြင့်မားစွာ ပါဝင်နေသော်လည်း အဆိုပါဒေသများတွင် အလုပ်လုပ်သည့် လူငယ်ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ပုံ-၄ တွင် မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် တိုင်းဒေသကြီး၊ပြည်နယ်အလိုက် အလုပ်လုပ်နေသော လူငယ်များ၏ ရာခိုင်နှုန်းကို ဖော်ပြထားသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတွင် မြို့ပြလူဦးရေ မြင့်မားစွာပါဝင်နေပြီး လူငယ်အသက်အုပ်စု ၃ မျိုးလုံး၏ ပါဝင်မှုသည် ညီမျှစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ပုံ-၄။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက်
အလုပ်လုပ်သည့်လူငယ်များ၏ ရာခိုင်နှုန်း



## ၃.၅ အသက်အုပ်စုအလိုက် အလုပ်လုပ်သည့်လူငယ်များ၏ ရာခိုင်နှုန်း

ယေဘုယျအားဖြင့် မြို့ပြဒေသများတွင် လူငယ်များ၏ပါဝင်မှုသည်မြင့်မားသော်လည်း အလုပ်လုပ်သည့် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းမှာမူ လျော့နည်းသည်ကို တွေ့ရှိရပါသည် (ပုံ-၅)။ သို့သော်လည်း လူငယ်များအကြားတွင် ကျောင်းတက်ရောက်နေသော လူငယ်များ၏ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေသော လူငယ်များထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

ပုံ-၅။ မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် အသက်အုပ်စုအလိုက် အလုပ်လုပ်သည့်လူငယ်များ၏ပျံ့နှံ့မှုအခြေအနေ




## ၃.၆ လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေ

အိမ်ထောင်ပြုသည့် အသက်အရွယ်သည် လူ့အဖွဲ့အစည်း၏ လူမှု-ယဉ်ကျေးမှု အခြေအနေနှင့် ချိတ်ဆက်လျက်ရှိပါသည်။ စီးပွားရေးအခြေအနေသည်လည်း အိမ်ထောင်ပြုသည့် အသက်အရွယ်ကို အဆုံးအဖြတ်ပေးရာတွင် အဓိကကျစေပါသည်။ အသက်ငယ်ရွယ်စဉ် အိမ်ထောင်ပြုခြင်းသည်လည်း အလုပ်အကိုင်ရရှိရန် ကန့်သတ်ချက်တစ်ခုဖြစ်စေပြီး မိသားစု တာဝန်ယူရသည့်အတွက် အလုပ်လုပ်ကိုင်ရန် အဟန့်အတားဖြစ်စေပါသည်။

လူငယ်လူဦးရေ၏ ၃၀.၄ ရာခိုင်နှုန်းသည် လက်ရှိအိမ်ထောင်ရှိသည်ကို တွေ့ရှိရပြီး အဆိုပါ အိမ်ထောင်ပြုသူများ၏ ၅၉ ရာခိုင်နှုန်းမှာ အသက် ၂၅ နှစ်မှ ၂၉ နှစ်အကြား သက်ငယ်အုပ်စု လူငယ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကွဲကွာနေသော သို့မဟုတ် မုဆိုးဖို/ မုဆိုးမ လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းမှာ အလွန်နည်းပါးပြီး ၁.၈ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည် (ရလာဒ်ကိုဖော်ပြထားခြင်းမရှိပါ)။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသော လူငယ်များအကြားတွင် ၃၆.၂ ရာခိုင်နှုန်းသည် လက်ရှိ အိမ်ထောင်ရှိကြသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ မျှော်မှန်းထားသည့်အတိုင်း အလုပ်လက်မဲ့ လူငယ်များတွင် လက်ရှိအိမ်ထောင်ရှိသူ

ရာခိုင်နှုန်းမှာ ၁၉ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ ဤသည်မှာ အလုပ်အကိုင် အခြေအနေသည် လူငယ်များကြားတွင် အိမ်ထောင်ရေးကို အဆုံးအဖြတ်ပေးသော အချက်တစ်ခု ဖြစ်သောကြောင့် ဖြစ်ပါသည်။

အသက်အုပ်စု ၂၅-၂၉ နှစ်တွင် ၅၉ ရာခိုင်နှုန်းသာ လက်ရှိ အိမ်ထောင်ရှိသည်ကို တွေ့ရှိရပြီး ၎င်းသည် အခြားအာရှနိုင်ငံများ၏ အိမ်ထောင်ရေးအခြေအနေနှင့် အနည်းငယ် ကွဲလွဲကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးလူငယ်များအကြား လက်ရှိ အိမ်ထောင်ရှိသူ ရာခိုင်နှုန်းမှာ ၃၃.၄ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ အမျိုးသမီးများအကြားတွင် အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြား အသက်အုပ်စု၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၆၀.၆ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် လူငယ်အများစုသည် ကောင်းမွန်သော အလုပ်အကိုင်ကိုရရှိရန်အတွက် အိမ်ထောင်ပြုခြင်းကို ရွှေ့ဆိုင်းကြကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဤအချက်သည် လူဦးရေဆိုင်ရာအမြင်အရ ကောင်းမွန်သည့် အနေအထားတစ်ရပ်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးအတွက်လည်း အလားအလာကောင်းများဖြစ်သည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်ရေး အခြေအနေနှင့်စပ်လျဉ်း၍ အခြားအချက်များမှာ ကျေးလက်ဒေသ၏ အိမ်ထောင်ပြုသည့် အသက်သည် ငယ်ရွယ်သည့်အတွက် ကျေးလက်ဒေသများတွင် လက်ရှိ အိမ်ထောင်ရှိသည့် ရာခိုင်နှုန်းမှာ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပြီး အမျိုးသမီးများ၏ အိမ်ထောင်ပြုသည့်အသက် သည် အမျိုးသားများထက် ငယ်ရွယ်သည့်အတွက် အမျိုးသမီးများ၏ လက်ရှိ အိမ်ထောင်ပြု သည့် ရာခိုင်နှုန်းသည်လည်း မြင့်မားကြောင်းတွေ့ရှိရပါသည် (ဇယား-၅)

**ဇယား-၅ ။ လူငယ်များ၏ လက်ရှိအိမ်ထောင်ရှိသူများ၏ ရာခိုင်နှုန်း**

| နယ်ပယ် | လက်ရှိ အိမ်ထောင်ရှိသူများ | | |
|---|---|---|---|
| | ကျား | မ | ပေါင်း |
| **ပြည်ထောင်စု** | **၂၆.၉** | **၃၃.၄** | **၃၀.၄** |
| မြို့ပြ | ၂၂.၆ | ၂၈.၁ | ၂၅.၅ |
| ကျေးလက် | ၂၈.၈ | ၃၅.၈ | ၃၂.၅ |
| အလုပ်သမား | ၃၂.၄ | ၂၅.၀ | ၂၉.၁ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၃၅.၂ | ၃၇.၃ | ၃၆.၂ |
| အလုပ်လက်မဲ့ | ၁၂.၉ | ၂၄.၅ | ၁၉.၁ |
| လုပ်သားအင်အားပြင်ပ | ၆.၂ | ၃၆.၄ | ၂၆.၄ |
| ၁၅-၁၉ | ၂.၀ | ၆.၂ | ၄.၂ |
| ၂၀-၂၄ | ၂၄.၈ | ၃၅.၅ | ၃၀.၆ |
| ၂၅-၂၉ | ၅၇.၆ | ၆၀.၆ | ၅၉.၂ |

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေကို ပုံ-၆ တွင် ဖော်ပြထားပါသည်။

ပုံ-၆။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လက်ရှိအိမ်ထောင်ရှိသူများ၏ ရာခိုင်နှုန်း




## ၃.၇ လူငယ်များ၏ ပညာရေးအဆင့်

ပညာရေးအဆင့်သည်လူငယ်များ၏ အရည်အချင်းနှင့် ကိုက်ညီသော အလုပ်အကိုင်ကို ရရှိနိုင်သည့် ဖြစ်နိုင်ချေရှိသော အတိုင်းအတာတစ်ခုဖြစ်ပါသည်။ ပညာရေးအဆင့်သည် နိုင်ငံ၏ ပညာရေး မြင့်တင်ခြင်း ကြိုးပမ်းအားထုတ်လာမှုကို ညွှန်ပြနေခြင်းဖြစ်ပါသည်။ သက်ကြီး ရွယ်အို များ၏ ပညာရေးအဆင့်သည် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် နိမ့်ကျနေသည်ကို တွေ့ရှိရပြီး အချိန်နှင့်အမျှ ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ်အကြားလူဦးရေ၏ ပညာရေးအဆင့်မှာ ပိုမိုကောင်းမွန်ပြီး အနည်းဆုံး အထက်တန်း အဆင့်ရှိမည်ဟု မျှော်လင့်ပါသည်။ အခြေခံပညာရေးအဆင့်မှာ ပုံမှန်အားဖြင့် အသက် ၁၅ နှစ် ဝန်းကျင်တွင် ပြီးဆုံးကြပြီး စာမတတ်၊ အတန်းပညာမရှိဟု ဖြေကြားသူများအနေဖြင့် ၎င်းတို့၏ အခြေအနေသည် နောက်ပိုင်းတွင် ပညာရေးနှင့် ကျွမ်းကျင်မှုရရှိရန် အခွင့်အရေးအနည်းငယ် ရှိသော်လည်း နောက်ပိုင်းကာလများတွင် ဤအခြေအနေအတိုင်းသာ တည်ရှိနေကြမည် ဖြစ်ပါ သည်။

ပြည်ထောင်စုအဆင့် လူငယ်လူဦးရေတွင် စာတတ်မြောက်မှုမရှိသည့် သို့မဟုတ် အတန်း ပညာမရှိသည့် လူငယ်များ၏ ပါဝင်မှုသည် မြင့်မားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ရာခိုင်နှုန်း အားဖြင့် အမျိုးသမီးများ၏ စာတတ်မြောက်မှု ၅.၈ ရာခိုင်နှုန်းသည် အမျိုးသားများ၏ စာတတ်မြောက်မှု ၅.၂ ရာခိုင်နှုန်းထက် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရသည်ကလွဲ၍ ကျား၊ မ အကြား ခြားနားမှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် ရခိုင်ပြည်နယ်တွင် ၂၃.၆ ရာခိုင်နှုန်း၊ ကယားပြည်နယ်တွင် ၁၁.၄ ရာခိုင်နှုန်း ၊ ကရင်ပြည်နယ်တွင် ၁၁.၂ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင်

၁၁.၀ ရာခိုင်နှုန်း နှင့် မွန်ပြည်နယ်တွင် ၈.၅ ရာခိုင်နှုန်းတို့ဖြင့် နိုင်ငံအဆင့်ပျမ်းမျှတန်ဖိုးထက် မြင့်မားသည်ကို တွေ့ရှိရပါသည် (ပုံ-၇ နှင့် ဇယား-၆)။

ပုံ-၇။ ပညာရေးအဆင့်အလိုက် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း




လူငယ်များ၏ သက်မွေးဝမ်းကျောင်းလက်မှတ်ရသူ ရာခိုင်နှုန်းမှာ အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။နမူနာလူငယ်ဦးရေ ၁၀၂ ယောက် (၂.၄%) သာလျှင် သက်မွေးဝမ်းကျောင်း လက်မှတ်ရသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ တစ်ချို့သော လူငယ်များသည် သက်မွေး ဝမ်းကျောင်း လက်မှတ်အပြင် အခြားအဆင့်မြင့် ပညာအဆင့်ကိုပါ ရရှိသူများ ဖြစ်နိုင်ပါ သည်။

လူငယ်များ၏ ပညာရေးအဆင့်ကို ခြုံငုံကြည့်မည်ဆိုပါက လူငယ်လူဦးရေ၏ လေးပုံ သုံးပုံကျော်သည် အထက်တန်းအဆင့်အောက်တွင် ရှိကြသည်ကို တွေ့ရှိရပါသည်။ ထူးခြားသည်မှာ အထက်တန်းအဆင့်အောက် လူငယ်ပါဝင်မှုတွင် လူငယ်အမျိုးသမီး ၇၆ ရာခိုင်နှုန်းဖြစ်ပြီး လူငယ်အမျိုးသား ၇၈.၈ ရာခိုင်နှုန်း ဖြစ်နေခြင်းဖြစ်ပါသည်။ အသက်အုပ်စု ၂၅ နှစ်မှ ၂၉ နှစ်အကြားလူငယ်များ၏ အထက်တန်းအဆင့်နှင့်အထက် ပြီးစီးသည့်ရာခိုင်နှုန်းမှာ ၂၀.၁ ရာခိုင်နှုန်း သာရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် ဤရာခိုင်နှုန်းသည် တစ်ဆင့် အသက်ငယ်အုပ်စုထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ဤသည်မှာ နိုင်ငံ၏ပညာရေးအဆင့် မြင့်မားလာသည်ကို ဖော်ပြနေပြီး ပိုမိုကောင်းမွန်လာကြောင်း တွေ့ရှိရပါသည်။ ပညာရေးအဆင့်နိမ့်ပါးသော လူငယ် လူဦးရေပါဝင်မှုသည် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အချို့သော နယ်မြေများတွင် နည်းပါး သည်ကိုတွေ့ရှိရပြီး နယ်မြေများအကြား ခြားနားမှုမြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား-၆။ အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်များ၏ ပညာရေးအခြေအနေ

| နယ်ပယ် | စာမတတ် | မူလတန်းအောက် | မူလတန်း | အလယ်တန်း | သက်မွေးပညာ လက်မှတ်ရ | အထက်တန်း | ဘွဲ့ကြို ဒီပလိုမာ | ဘွဲ့ရနှင့် အထက် | အထက်တန်းနှင့် အထက် | အထက်တန်းအောက် |
|---|---|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅.၅ | ၁၃.၉ | ၃၂.၈ | ၃၀.၃ | ၀.၄ | ၉.၀ | ၂.၄ | ၅.၈ | ၁၇.၂ | ၇၇.၄ |
| ကျား | ၅.၂ | ၁၃.၉ | ၃၂.၅ | ၃၂.၀ | ၀.၄ | ၉.၆ | ၂.၃ | ၄.၁ | ၁၆.၀ | ၇၈.၈ |
| မ | ၅.၈ | ၁၃.၉ | ၃၃.၀ | ၂၈.၈ | ၀.၃ | ၈.၅ | ၂.၄ | ၇.၃ | ၁၈.၂ | ၇၆.၀ |
| မြို့ပြ | ၂.၄ | ၇.၈ | ၂၃.၀ | ၃၆.၀ | ၀.၇ | ၁၃.၅ | ၄.၈ | ၁၁.၈ | ၃၀.၁ | ၆၇.၅ |
| ကျေးလက် | ၆.၉ | ၁၆.၆ | ၃၇.၁ | ၂၇.၇ | ၀.၂ | ၇.၀ | ၁.၃ | ၃.၁ | ၁၁.၄ | ၈၁.၆ |
| ၁၅-၁၉ | ၄.၇ | ၁၂.၀ | ၃၅.၄ | ၃၇.၄ | ၀.၅ | ၆.၈ | ၃.၀ | ၀.၂ | ၁၀.၀ | ၈၅.၃ |
| ၂၀-၂၄ | ၅.၂ | ၁၃.၉ | ၃၀.၀ | ၂၈.၃ | ၀.၄ | ၁၁.၅ | ၃.၁ | ၇.၆ | ၂၂.၂ | ၇၂.၆ |
| ၂၅-၂၉ | ၆.၇ | ၁၆.၁ | ၃၂.၇ | ၂၄.၄ | ၀.၁ | ၈.၉ | ၁.၀ | ၁၀.၂ | ၂၀.၁ | ၇၃.၃ |
| ကချင် | ၂.၁ | ၈.၃ | ၂၇.၉ | ၄၀.၈ | ၀.၄ | ၁၃.၅ | ၃.၀ | ၄.၀ | ၂၀.၅ | ၇၇.၄ |
| ကယား | ၁၁.၄ | ၂၂.၃ | ၂၈.၈ | ၂၇.၄ | ၀.၇ | ၃.၃ | ၁.၈ | ၄.၄ | ၉.၅ | ၇၉.၂ |
| ကရင် | ၁၁.၂ | ၁၃.၄ | ၃၃.၆ | ၂၇.၇ | ၀.၆ | ၈.၈ | ၀.၉ | ၃.၇ | ၁၃.၄ | ၇၅.၃ |
| ချင်း | ၂.၈ | ၄.၁ | ၂၃.၈ | ၄၈.၄ | ၀.၀ | ၁၈.၁ | ၀.၉ | ၁.၉ | ၂၀.၉ | ၇၆.၃ |
| စစ်ကိုင်း | ၄.၇ | ၄.၅ | ၄၀.၇ | ၃၁.၇ | ၀.၁ | ၁၀.၉ | ၂.၃ | ၅.၁ | ၁၈.၃ | ၇၇.၀ |
| တနင်္သာရီ | ၄.၃ | ၂၀.၈ | ၃၈.၂ | ၂၆.၆ | ၀.၀ | ၄.၅ | ၀.၉ | ၄.၇ | ၁၀.၁ | ၈၅.၆ |
| ပဲခူး | ၃.၃ | ၁၃.၀ | ၃၉.၈ | ၂၈.၇ | ၀.၀ | ၇.၈ | ၂.၉ | ၄.၅ | ၁၅.၂ | ၈၁.၅ |
| မကွေး | ၂.၉ | ၁၃.၈ | ၃၄.၉ | ၃၀.၅ | ၀.၃ | ၉.၇ | ၁.၇ | ၆.၂ | ၁၇.၆ | ၇၉.၅ |
| မန္တလေး | ၃.၉ | ၁၉.၁ | ၂၉.၉ | ၃၀.၅ | ၁.၃ | ၇.၀ | ၁.၂ | ၆.၂ | ၁၄.၄ | ၈၁.၈ |
| မွန် | ၈.၅ | ၁၃.၇ | ၃၁.၃ | ၂၇.၅ | ၀.၂ | ၉.၇ | ၁.၆ | ၇.၄ | ၁၈.၇ | ၇၂.၇ |
| ရခိုင် | ၂၃.၆ | ၄.၁ | ၃၂.၉ | ၂၆.၃ | ၀.၄ | ၇.၄ | ၁.၅ | ၃.၉ | ၁၂.၈ | ၆၃.၇ |
| ရန်ကုန် | ၂.၁ | ၇.၉ | ၂၄.၈ | ၃၅.၃ | ၀.၂ | ၁၃.၅ | ၅.၈ | ၁၀.၆ | ၂၉.၉ | ၆၈.၂ |
| ရှမ်း | ၁၁.၀ | ၁၆.၂ | ၃၁.၄ | ၂၈.၉ | ၀.၄ | ၆.၂ | ၁.၈ | ၄.၁ | ၁၂.၁ | ၇၆.၉ |
| ဧရာဝတီ | ၃.၈ | ၂၆.၇ | ၃၄.၉ | ၂၂.၈ | ၀.၃ | ၇.၃ | ၀.၇ | ၃.၅ | ၁၁.၅ | ၈၄.၇ |
| နေပြည်တော် | ၃.၁ | ၁၅.၁ | ၃၂.၈ | ၃၃.၆ | ၀.၂ | ၅.၁ | ၃.၁ | ၇.၀ | ၁၅.၂ | ၈၁.၇ |

စာမတတ်သူ သို့မဟုတ် အတန်းပညာမရှိသူများ၏ ပါဝင်မှုရာခိုင်နှုန်းသည် အထက်တွင် ဖော်ပြထားသည့်အတိုင်း အချို့နယ်မြေများမှလွဲ၍ နည်းပါးသည်ကို တွေ့ရှိရပါသည်။ ပုံမှန်အားဖြင့် အတန်းပညာမရှိသူများအနေဖြင့် အခြေခံလုပ်ငန်းကဏ္ဍများတွင် ပါဝင်လုပ်ကိုင်နေသူများ များပြားပြီး စာမတတ်သူများအတွက် (ပညာအဆင့်အတန်းအရ ရွေးချယ်ရန်မရှိသဖြင့်) အလုပ်လက်မဲ့နှုန်း မြင့်မားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့အနေဖြင့် အလုပ်အကိုင် ရွေးချယ်နိုင်မှုအခွင့်အရေး နည်းပါးသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ဇယား ၇ တွင် စာမတတ်သူနှင့် အထက်တန်းအဆင့်နှင့် အထက်ပညာရေး အဆင့်ရှိသူများ၏ လုပ်သားအင်အားအမျိုးအစားအလိုက် ပါဝင်မှုရာခိုင်နှုန်းကို အကျဉ်းချုပ်၍ ဖော်ပြထားပါသည်။

**ဇယား-၇။ လုပ်သားအင်အားအခြေအနေအရ စာမတတ်သူနှင့် အထက်တန်းအဆင့်ပညာရေး ပါဝင်မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်လက်ရှိ | | အလုပ်လက်မဲ့* | လုပ်သားအင်အားပြင်ပ | |
|---|---|---|---|---|---|
| | စာမတတ် | အထက်တန်းအဆင့်နှင့်အထက် | အထက်တန်းအဆင့်နှင့်အထက် | စာမတတ် | အထက်တန်းအဆင့်နှင့်အထက် |
| ပြည်ထောင်စု | ၅.၃ | ၁၅.၅ | ၄၃.၉ | ၆.၀ | ၁၉.၆ |
| **ကျား၊ မ** | | | | | |
| ကျား | ၅.၀ | ၁၃.၉ | ၃၉.၅ | ၅.၇ | ၂၁.၆ |
| မ | ၅.၆ | ၁၇.၄ | ၄၇.၈ | ၆.၂ | ၁၈.၇ |
| **မြို့ပြ၊ ကျေးလက်** | | | | | |
| မြို့ပြ | ၂.၆ | ၂၉.၁ | ၅၁.၃ | ၂.၂ | ၃၀.၆ |
| ကျေးလက် | ၆.၃ | ၁၀.၃ | ၃၅.၅ | ၈.၂ | ၁၃.၃ |
| **အသက်အုပ်စု** | | | | | |
| ၁၅-၁၉ | ၅.၃ | ၅.၅ | ၁၇.၆ | ၄.၂ | ၁၃.၉ |
| ၂၀-၂၄ | ၄.၆ | ၁၈.၀ | ၅၁.၈ | ၆.၈ | ၃၂.၅ |
| ၂၅-၂၉ | ၅.၉ | ၁၉.၉ | ၅၆.၈ | ၉.၆ | ၁၉.၁ |
| **တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | |
| ကချင် | ၂.၂ | ၂၃.၀ | ၅၅.၉ | ၂.၁ | ၁၇.၃ |
| ကယား | ၁၂.၈ | ၁၀.၃ | ၃၇.၃ | ၈.၈ | ၇.၆ |
| ကရင် | ၉.၇ | ၁၆.၁ | ၃၇.၅ | ၁၃.၀ | ၁၀.၃ |
| ချင်း | ၃.၇ | ၃၁.၂ | ၄.၂ | ၂.၃ | ၁၃.၅ |
| စစ်ကိုင်း | ၅.၇ | ၁၅.၂ | ၇၇.၉ | ၂.၃ | ၂၅.၆ |
| တနင်္သာရီ | ၂.၈ | ၉.၂ | ၀.၀ | ၅.၉ | ၁၁.၁ |
| ပဲခူး | ၃.၁ | ၁၂.၆ | ၂၇.၃ | ၃.၇ | ၂၀.၆ |
| မကွေး | ၂.၉ | ၁၆.၆ | ၆၉.၈ | ၂.၇ | ၁၈.၄ |
| မန္တလေး | ၃.၅ | ၁၂.၇ | ၆၂.၁ | ၄.၉ | ၁၈.၇ |
| မွန် | ၁၀.၅ | ၁၇.၇ | ၅၇.၀ | ၆.၅ | ၁၉.၀ |
| ရခိုင် | ၂၁.၁ | ၁၃.၅ | ၄၁.၂ | ၂၇.၅ | ၁၀.၅ |
| ရန်ကုန် | ၂.၁ | ၂၇.၀ | ၅၂.၉ | ၂.၂ | ၃၃.၀ |
| ရှမ်း | ၁၀.၀ | ၁၀.၅ | ၄၉.၅ | ၁၃.၂ | ၁၄.၉ |
| ဧရာဝတီ | ၄.၀ | ၁၁.၀ | ၂၀.၂ | ၃.၅ | ၁၂.၅ |
| နေပြည်တော် | ၃.၇ | ၁၅.၁ | ၄၈.၆ | ၁.၈ | ၁၃.၇ |

* အလုပ်လက်မဲ့ စာမတတ်သူ ၃ ယောက်ကိုသာ စစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။

အလုပ်လက်မဲ့များကြားတွင် နမူနာကောက်ယူခဲ့သော အလုပ်လက်မဲ့အရေအတွက် နည်းပါးသည့်အတွက် စာမတတ်သူများ၏ ရာခိုင်နှုန်းကို ဖော်ပြထားခြင်းမရှိသော်လည်း

လုပ်သားအင်အားပြင်ပနှင့် အလုပ်လက်ရှိတို့၏ ပါဝင်မှုကိုဖော်ပြထားပါသည်။ အလုပ်လက်မဲ့များအကြား ပညာတတ်သူများ၏ ပါဝင်မှုသည် အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ပညာတတ် အလုပ်လက်မဲ့များ၏ ပါဝင်မှုရာခိုင်နှုန်းများကိုကြည့်ပါက ပညာတတ်အမျိုးသမီးများ၏ ရာခိုင်နှုန်းသည် အမျိုးသားများ၏ ပါဝင်မှုရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက မြင့်မားသည်ကို တွေ့ရှိရပါသည် (ဇယား-၇)။ ပညာတတ် အလုပ်လက်မဲ့ အမျိုးသမီးများသည် ၎င်းတို့ အရည်အချင်းနှင့် ကိုက်ညီမှုရှိသည့် အလုပ်အကိုင်ရရှိရန် စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ၃.၈ ကျောင်းထွက်မှုအခြေအနေ

လူငယ်အများစုသည် အလယ်တန်းအဆင့်အောက် ပညာရေးအဆင့်များတွင်သာရှိသည်ကို တွေ့ရှိရပြီး ဤသည်မှာ လူငယ်အများစုသည် အသက်ငယ်ငယ်ဖြင့် ကျောင်းထွက်ရသည်ကို ပုံ-၈ တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ အောက်တွင်ဖော်ပြထားသောပုံအရ အသက်အုပ်စုသုံးမျိုးစလုံးတွင် ကျောင်းထွက်မှုနှုန်း မြင့်မားသည်ကိုတွေ့ရှိရပါသည်။ အမြင့်ဆုံးကျောင်းထွက်ရသည့် အသက်မှာ ၁၀ နှစ်ဖြစ်ပြီး ၎င်းတို့အနေဖြင့် အခြေခံပညာရေးအဆင့်သာ ပြီးဆုံးနိုင်သည့် အခြေအနေဖြစ်ပါသည်။ ဒုတိယကျောင်းထွက်မှု မြင့်မားသည့်အသက်မှာ ၁၃ နှစ်ဖြစ်ပြီး ၎င်းတို့သည် အလယ်တန်းအဆင့်သာ ပြီးဆုံးပြီးအထက်တန်းအဆင့် မပြီးဆုံးသည့်အသက်အရွယ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ဤပုံစံသည် ကျေးလက်ဒေသများတွင် အဓိကတွေ့မြင်ရမည်ဖြစ်ပါသည်။ မြို့ပြဒေသများတွင် ကျောင်းထွက်ရောက်မှုအသက်သည် ပိုမိုကြီးမားသည်ကို တွေ့ရှိရပြီး ဤသည်မှာ မြို့ပြရှိကလေးများသည် ကျောင်းတက်ရောက်သည့်အချိန်ကာလ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြရှိလူငယ်များသည် ပညာရေးအတွက်ကုန်ဆုံးချိန် ပိုမိုမြင့်မားပြီး တတိယ အဆင့် ကျောင်းထွက်သည့်အသက်မှာ ၂၂ ဖြစ်သည့်အတွက် ၎င်းအသက်သည် ဘွဲ့ရရှိနိုင်သည့် အသက်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**ပုံ -၈။ အသက်အလိုက် ကျောင်းထွက်သည့်လူငယ်များ၏ ရာခိုင်နှုန်း**



ဇယား -၈။ ကျောင်းထွက်ရသည့် အကြောင်းအရင်းများ

| နယ်ပယ် | အလယ်တန်း အဆင့် မပြီးဆုံးမီ ကျောင်း ထွက်သည့် လူငယ်များ၏ ရာခိုင်နှုန်း | လူငယ်များ၏ ပျမ်းမျှကျောင်းထွက်သည့် အသက် | အကြောင်းပြချက်အလိုက် လူငယ်များ၏ ကျောင်းထွက်သည့်ရာခိုင်နှုန်း | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျောင်းတွင်ပညာသင်ယူမှု ပြီးဆုံးခြင်း | စာမေးပွဲ ကျခြင်း | ဒုက္ခိတ/ မကျန်းမာခြင်း/ ထိခိုက် ဒဏ်ရာရခြင်း | ကျောင်းပိတ်/ ကျောင်းဝေးခြင်း | ကျောင်းစရိတ် မတတ်နိုင် | ပညာရေးကို အရေးမပါဟု ယူဆ | အလုပ်စတင် လုပ်ကိုင်ရန် | မိသားစုလုပ်ငန်း မဟုတ်သော အလုပ်လုပ်ရန် | အိမ်ထောင်ပြုရန် | မိသားစုလုပ်ငန်းတွင် လုပ်ခမရ လုပ်အားကူညီ လုပ်ကိုင်ရန် | အိမ်မှုကိစ္စ ကူညီရန် | အခြား |
| ပြည်ထောင်စု | ၄၄.၉ | ၁၃.၃ | ၇.၄ | ၂၀.၉ | ၁.၂ | ၂.၈ | ၂၈.၀ | ၃.၆ | ၄.၂ | ၇.၀ | ၁.၅ | ၁၂.၃ | ၁၀.၃ | ၀.၅ |
| မြို့ပြ | ၂၇.၆ | ၁၄.၈ | ၁၅.၈ | ၂၇.၇ | ၀.၈ | ၁.၀ | ၂၄.၀ | ၂.၂ | ၅.၇ | ၈.၂ | ၂.၀ | ၃.၈ | ၈.၁ | ၀.၆ |
| ကျေးလက် | ၅၃.၀ | ၁၂.၆ | ၃.၉ | ၁၈.၀ | ၁.၄ | ၃.၆ | ၂၉.၈ | ၄.၃ | ၃.၅ | ၆.၅ | ၁.၃ | ၁၅.၉ | ၁၁.၂ | ၀.၅ |
| ကျား | ၄၄.၂ | ၁၃.၂ | ၅.၂ | ၂၃.၄ | ၁.၄ | ၂.၇ | ၂၈.၃ | ၄.၇ | ၆.၀ | ၉.၁ | ၁.၀ | ၁၄.၆ | ၂.၆ | ၀.၈ |
| မ | ၄၅.၆ | ၁၃.၃ | ၉.၄ | ၁၈.၆ | ၁.၁ | ၂.၉ | ၂၇.၈ | ၂.၇ | ၂.၅ | ၅.၃ | ၂.၀ | ၁၀.၃ | ၁၇.၁ | ၀.၂ |
| ၁၅-၁၉ | ၃၇.၉ | ၁၂.၂ | ၀.၃ | ၁၉.၇ | ၂.၀ | ၂.၄ | ၃၃.၈ | ၅.၁ | ၄.၃ | ၇.၇ | ၀.၆ | ၁၃.၁ | ၉.၈ | ၀.၈ |
| ၂၀-၂၄ | ၄၅.၇ | ၁၃.၆ | ၈.၆ | ၂၃.၁ | ၁.၀ | ၂.၄ | ၂၅.၅ | ၃.၇ | ၄.၂ | ၇.၁ | ၁.၅ | ၁၂.၃ | ၁၀.၀ | ၀.၄ |
| ၂၅-၂၉ | ၅၂.၁ | ၁၃.၇ | ၁၁.၂ | ၁၉.၅ | ၀.၉ | ၃.၅ | ၂၆.၅ | ၂.၅ | ၄.၀ | ၆.၅ | ၂.၂ | ၁၁.၈ | ၁၀.၈ | ၀.၄ |

မှတ်ချက်။ "ကျောင်းသည်လုံခြုံမှုမရှိ၍"အဖြေသည် နမူနာအရေအတွက် နည်းပါးသည့်အတွက် သီးခြားဖော်ပြထားခြင်းမရှိပါ။

လူငယ်များ၏ ၄၅ ရာခိုင်နှုန်းကျော်သည် အလယ်တန်းပညာရေးအဆင့်မတိုင်မီ ကျောင်းထွက်ကြသည်ကို တွေ့ရှိရပါသည်။ ဤရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် ၅၃ ရာခိုင်နှုန်းဖြင့် မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလယ်တန်းပညာရေးအဆင့်မတိုင်မီ ကျောင်းထွက်မှုတွင် အမျိုးသားနှင့် အမျိုးသမီးများအကြားကွာခြားမှုမရှိသော်လည်း အမျိုးသမီးများ၏ အလယ်တန်းပညာရေးအဆင့်မတိုင်မီ ကျောင်းထွက်မှုသည် အမျိုးသားများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မျှော်မှန်းထားသည့်အတိုင်း အသက်အုပ်စု ၂၅ နှစ်မှ ၂၉ နှစ်ကြားလူငယ်များ၏ အလယ်တန်းပညာရေးအဆင့်မတိုင်မီ ကျောင်းထွက်ရောက်မှုနှုန်းသည် သက်ငယ်အုပ်စုများနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ သက်ငယ်အုပ်စုများအနေဖြင့် အသက်ကြီးသူများထက် အထက်တန်းအဆင့်ပြီးမြောက်နိုင်သည့် အခွင့်အလမ်းပိုမိုမြင့်မားမည် ဖြစ်ပါသည်။

ကျောင်းထွက်သည့် ပျမ်းမျှအသက်မှာ မြို့ပြဒေသများတွင် ၁၄.၈ နှစ်ဖြစ်ပြီး ကျေးလက်ဒေသများတွင် ၁၂.၆နှစ် ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။ ဤပုံစံအတိုင်း ဆက်လက်တည်ရှိနေမည် ဆိုပါက လူငယ်အများစုသည် အထက်တန်းအဆင့်တွင်သာ ကျောင်းတက်ရောက်မှု ပြီးစီးမည် ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်တွင် ပညာရေးပြီးဆုံး၍ ကျောင်းထွက်သည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၇.၄ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ ဤသည်ကို အမြင့်ဆုံးပညာရေး အဆင့်အထိ လေ့လာခဲ့သည်ဟု ညွှန်းဆို၍မရပါ။ ပညာရေးသည်အရေးမပါဟု ယူဆသည့်အတွက် သို့မဟုတ် အိမ်ထောင်စု၏ လိုအပ်ချက်များအတွက် ကလေးများအနေဖြင့် နိမ့်ကျသည့် ပညာရေး အဆင့်တစ်ခုကိုသာ ရည်မှန်းချက်ထား တက်ရောက်ကြခြင်းလည်း ဖြစ်နိုင်ပါသည်။ အသက် အုပ်စု ၂၀ နှစ်မှ ၂၄ နှစ်ကြား သို့မဟုတ် ၂၅ နှစ်မှ ၂၉ နှစ်ကြား လူငယ်များ၏ ကျောင်းထွက် ရသည့်အကြောင်းအရင်းသည် ပညာရေးပြီးဆုံး၍ဟုဖြေကြားခြင်းသည် မြင့်မားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ဤအချက်သည် လူငယ်များ၏ ကျောင်းတက်ရောက်မှုသည် ကန့်သတ်ချက်များ ရှိနေသည်ကို ဖော်ပြနေပါသည်။

"စာမေးပွဲကျခြင်း" ကြောင့် ကျောင်းထွက်ရသည်ဟူသည့် အကြောင်းပြချက်သည် လူငယ် လူဦးရေ၏ ငါးပုံတစ်ပုံခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤရာခိုင်နှုန်းသည် အမျိုးသား လူငယ် များနှင့် မြို့ပြလူငယ်များတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

ကျောင်းထွက်ရသည့် အကြောင်းအရင်းတွင် အမြင့်ဆုံးရာခိုင်နှုန်းအနေဖြင့် "ကျောင်း စရိတ်မတတ်နိုင်ခြင်း" သည် ၂၈ ရာခိုင်နှုန်းပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ကျောင်းထွက် သည့် လူငယ်များတွင် အလုပ်လုပ်ရန် သို့မဟုတ် မိသားစုလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် အတွက် ကျောင်းထွက်ရသည့် လူငယ်များသည် ၁၉.၃ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။

ကျောင်းထွက်သည့် အမျိုးသမီးလူငယ်များ၏ ၁၇.၁ ရာခိုင်နှုန်းသည် "အိမ်မှုကိစ္စ ဆောင်ရွက်ရန်" ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျောင်းထွက်သည့်လူငယ်များအနက် ၃.၆ ရာခိုင်နှုန်းသည် ပညာရေးကို အရေးမပါဟု ယူဆသည့်အတွက် ကျောင်းထွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ (ဇယား-၈)

## ၃.၉ ပညာရေးအဆင့်နှင့် လုပ်ရှားမှုအခြေအနေများ

အလုပ်သမားအဖြစ် လုပ်ကိုင်နေသော အလုပ်လက်ရှိလူငယ်များအကြားတွင် ပညာတတ် လူငယ်များသည် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရှိရ ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်နေသော လူငယ်များတွင် ၂၀.၈ ရာခိုင်နှုန်းသည် ဘွဲ့ရနှင့်အထက်များဖြစ်သည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်သားအများစုသည် ပညာရေး အဆင့်နိမ့်ပါးသူများဖြစ်သည်ကို တွေ့ရှိရပါသည် (ဇယား-၉)။ စက်မှုကဏ္ဍတွင် လုပ်ကိုင်လျက် ရှိသောလူငယ်များ၏ ပညာရေးအဆင့်မှာ များသောအားဖြင့် အလယ်တန်းအဆင့်အောက် ဖြစ်သည်ကို တွေ့ရှိရပါသည်။ အထက်တန်းအဆင့် ပြီးစီးသူများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်း များတွင် ဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ပညာရေးအဆင့် နိမ့်ပါးသူများအနေ ဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင်သာ ဝင်ရောက်လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။

အလုပ်လက်မဲ့လူငယ်များအကြားတွင် အဆင့်မြင့်ပညာပြီးဆုံးသူများ ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့လူငယ်များ၏ ၂၆.၄ ရာခိုင်နှုန်းသည် ဘွဲ့ရနှင့်အထက်များ ဖြစ်ကြပါသည်။မည်သည့်နေရာတွင်မဆို အလုပ်လက်မဲ့တွင် စာမတတ်သူများ၏ ပါဝင်မှုသည် သိသာထင်ရှားမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အလုပ်လက်မဲ့များ၏ လေးပုံတစ်ပုံခန့်သာလျှင် စာမတတ်သူ၀.၈ ရာခိုင်နှုန်းအပါအဝင် အခြေခံပညာအဆင့်နှင့် အောက်သာရှိကြသူများ ဖြစ်ပါသည်။ ၎င်းစာမတတ်သူများသည် အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ရွေးချယ်နိုင်သည့် အခွင့်အရေးနည်းပါးခြင်းနှင့် ဆင်းရဲသားများ ဖြစ်ကြပါသည်။ကျွမ်းကျင်မှုမလိုအပ်သော ကျပန်းလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြရသည့်အတွက် အလုပ်လက်မဲ့တွင် ပညာရေးနိမ့်ပါးသူများ၏ ပါဝင်မှု နည်းပါးနေရခြင်းဖြစ်ပါသည်။

**ဇယား-၉။ လုပ်သားအင်အားအခြေအနေအလိုက် ပညာရေးအဆင့်များတွင် လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း**

| လုပ်သားအင်အား အခြေအနေ | လုပ်ငန်းကဏ္ဍ | ပညာရေးအဆင့်အလိုက် လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | | |
|---|---|---|---|---|---|---|---|---|
| | | စာမတတ် | အခြေခံအဆင့်အောက် | အခြေခံအဆင့် | အလယ်တန်းအဆင့် | အထက်တန်းအဆင့် | ဘွဲ့ကြိုဒီပလိုမာ | ဘွဲ့ရနှင့်အထက် |
| ပြည်ထောင်စု | | ၅.၅ | ၁၃.၉ | ၃၂.၈ | ၃၀.၆ | ၉.၀ | ၂.၄ | ၅.၈ |
| အလုပ်သမား | လယ်ယာ | ၇.၇ | ၂၈.၄ | ၄၃.၇ | ၁၇.၀ | ၂.၈ | ၀.၀ | ၀.၃ |
| | စက်မှု | ၃.၈ | ၁၅.၇ | ၃၆.၉ | ၃၀.၀ | ၈.၁ | ၀.၅ | ၅.၀ |
| | ဝန်ဆောင်မှု | ၃.၅ | ၁၀.၄ | ၂၄.၉ | ၂၇.၁ | ၁၁.၁ | ၂.၃ | ၂၀.၈ |
| | စုစုပေါင်း | ၅.၀ | ၁၈.၁ | ၃၄.၉ | ၂၄.၅ | ၇.၄ | ၁.၀ | ၉.၁ |
| ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ | လယ်ယာ | ၆.၆ | ၁၆.၅ | ၃၈.၃ | ၂၉.၁ | ၇.၃ | ၀.၃ | ၁.၈ |
| | စက်မှု | ၃.၆ | ၁၅.၄ | ၂၈.၈ | ၃၅.၃ | ၁၀.၈ | ၀.၈ | ၅.၂ |
| | ဝန်ဆောင်မှု | ၃.၆ | ၁၂.၅ | ၂၈.၁ | ၃၂.၄ | ၁၀.၈ | ၁.၃ | ၁၁.၅ |
| | စုစုပေါင်း | ၅.၆ | ၁၅.၄ | ၃၄.၉ | ၃၀.၆ | ၈.၅ | ၀.၆ | ၄.၅ |
| အလုပ်လက်ရှိ အားလုံး | လယ်ယာ | ၇.၀ | ၂၀.၅ | ၄၀.၁ | ၂၅.၀ | ၅.၈ | ၀.၂ | ၁.၃ |
| | စက်မှု | ၃.၈ | ၁၅.၆ | ၃၄.၇ | ၃၁.၄ | ၈.၈ | ၀.၆ | ၅.၀ |
| | ဝန်ဆောင်မှု | ၃.၅ | ၁၁.၃ | ၂၆.၁ | ၂၉.၂ | ၁၁.၀ | ၁.၉ | ၁၇.၀ |
| | စုစုပေါင်း | ၅.၃ | ၁၆.၈ | ၃၄.၉ | ၂၇.၆ | ၇.၉ | ၀.၈ | ၆.၇ |
| အလုပ်လက်မဲ့ | | ၀.၈ | ၆.၁ | ၁၉.၂ | ၃၀.၀ | ၁၅.၀ | ၂.၅ | ၂၆.၄ |
| လုပ်သားအင်အားပြင်ပ | | ၆.၀ | ၈.၈ | ၂၉.၂ | ၃၆.၃ | ၁၀.၈ | ၅.၃ | ၃.၅ |

## ၃.၁၀ လူငယ်များအကြား ရွှေ့ပြောင်းသွားလာမှုရာခိုင်နှုန်း

ရွှေ့ပြောင်းသွားလာခြင်းသည် ၎င်းတို့၏ လူမှု-စီးပွားရေးအခြေအနေကို ပြောင်းလဲစေသည့် လူအများချမှတ်ထားသည့် နည်းဗျူဟာတစ်ခုပင်ဖြစ်ပါသည်။ လူအဖွဲ့အစည်းတစ်ခုရှိ ရွှေ့ပြောင်းသွားလာမှု ရာခိုင်နှုန်းသည် မူလနေထိုင်ရာဒေသနှင့် လက်ရှိနေထိုင်ရာဒေသ၏ စီးပွားရေးအခွင့်အလမ်း မတူညီမှုများပါဝင်သည့် ဆွဲငင်သည့်အကြောင်းအရင်း (Pull factors) နှင့် တွန်းပို့သည့်အကြောင်းအရင်း (Push factors) အပါအဝင် အစရှိသည့် အချက်များအရ

ဆုံးဖြတ်နိုင်ပါသည်။ လူမျိုးခွဲခြားဆက်ဆံခြင်း၊ ဘာသာစကားကွဲပြားခြင်း၊ ပို့ဆောင်ရေး အခက်အခဲများ အစရှိသည့် အကြောင်းများသည်လည်း ရွှေ့ပြောင်းနေထိုင်ရသည့် မတူညီသည့် အကြောင်းအရင်းများ၏ ဦးတည်ချက်များဖြစ်ပါသည်။

ရွှေ့ပြောင်းသွားလာသူဟုဆိုရာတွင် လူတစ်ဦးသည် လက်ရှိနေထိုင်ရာဒေသတွင်မဟုတ်ဘဲ အခြားနေရာဒေသတွင် ၆ လ သို့မဟုတ် ၆လနှင့်အထက်တစ်ဆက်တည်းနေထိုင်ခဲ့သူကို ဆိုလိုပါသည်။ ရွှေ့ပြောင်းသွားလာသူကို တစ်ဦးချင်းစီအရ ကာလအပိုင်းအခြား တစ်ခုအတွင်း ရွှေ့ပြောင်းနေထိုင်ခဲ့မှု သို့မဟုတ် ဘဝတွင်တစ်ကြိမ် ရွှေ့ပြောင်းနေထိုင်မှုအရ သတ်မှတ်နိုင်ပါသည်။ ဘဝတွင်တစ်ကြိမ် ရွှေ့ပြောင်းနေထိုင်မှုကို ဘဝတစ်သက်သာ ရွှေ့ပြောင်းနေထိုင်မှု ဟု သတ်မှတ်ပါသည်။

ရွှေ့ပြောင်းသွားလာမှုသည် ကျေးလက်ဒေသများနှင့် နှိုင်းယှဉ်ပါက မြို့ပြဒေသများတွင် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ပုံ-၉ တွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့ပြ၊ ကျေးလက် ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုရာခိုင်နှုန်းများကိုဖော်ပြထားပြီး ဒေသများကို မြို့ပြ ရွှေ့ပြောင်းသွားလာမှု အများအနည်းအလိုက်စီစဉ်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ပြ လူငယ်များ၏ ၂၉ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းသွားလာသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ လူငယ်များအကြား ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူများ၏ ရာခိုင်နှုန်းသည် နယ်မြေ ဒေသအလိုက် ခြားနားသည်ကို တွေ့ရှိရပါသည်။ မြို့ပြလူငယ်လူဦးရေ၏ ထက်ဝက်ခန့်သည် ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြသည့် နယ်မြေ ၃ ခုမှာ ရန်ကုန်၊ ကရင်နှင့် နေပြည်တော်တို့ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြလူငယ်လူဦးရေ၏ ၄၉ ရာခိုင်နှုန်း ခန့်သည် အခြားနေရာဒေသများတွင် နေထိုင်ခဲ့ပြီး ပြောင်းရွှေ့လာကြသူများ ဖြစ်ကြပါသည်။ ကရင်နှင့် နေပြည်တော်တို့တွင်လည်း မြို့ပြလူငယ်လူဦးရေတွင် ရွှေ့ပြောင်းနေထိုင်သူ ပါဝင်မှု ရာခိုင်နှုန်းသည် ၄၈.၆ နှင့် ၄၇.၅ ရာခိုင်နှုန်းတို့ဖြင့် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြလူငယ် လူဦးရေတွင် လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း မြင့်မားသည့် အခြားနယ်မြေဒေသများမှာ တနင်္သာရီ၂၅.၂ ရာခိုင်နှုန်း ၊ ကချင်၂၀.၂ ရာခိုင်နှုန်း ၊ မွန်၁၉.၇ ရာခိုင်နှုန်း ၊ မန္တလေး၁၈.၃ ရာခိုင်နှုန်း ၊ စစ်ကိုင်း ၁၈.၁ ရာခိုင်နှုန်း နှင့် ကယား၁၆.၂ ရာခိုင်နှုန်း တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်မှု ဖြစ်သော်လည်း အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ်အပိုင်းအခြားရှိ လူဦးရေ၏ မကြာသေးမီကာလအတွင်း ဖြစ်ပေါ်ခဲ့သော ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ ရှုထောင့်မှ လေ့လာခြင်းဖြစ်ပါသည်။

ဇယား ၁၀ တွင် လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း လူငယ်များ၏ ရွှေ့ပြောင်းသွားလာမှုများကို ဖော်ပြထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တွင် လွန်ခဲ့သောကာလ ၂၀၁၁-၂၀၁၄ ခုနှစ်အတွင်း ရွှေ့ပြောင်းသွားလာသူရာခိုင်နှုန်း အများဆုံးပါဝင်ကြောင်း

တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူငယ်များအကြားတွင် ၁၇.၅ ရာခိုင်နှုန်းသည် ၂၀၁၁-၂၀၁၄ ခုနှစ်အတွင်း ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရပြီး နေပြည်တော်တွင် ၁၁ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

များသောအားဖြင့် ဘဝတစ်လျှောက်ရွှေ့ပြောင်းသွားလာမှုတွင် အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများသည် ၎င်းတို့၏ခင်ပွန်းများနောက်သို့ ပြောင်းရွှေ့နေထိုင်ကြသည့်အတွက် အမျိုးသားရွှေ့ပြောင်းသွားလာသူများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ဤအချက်သည် လူငယ်များ၏ ဘဝတစ်လျှောက်ရွှေ့ပြောင်းသွားလာမှု အကြောင်းအရင်းတွင် အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ လူငယ်လူဦးရေတွင် လက်ရှိ အိမ်ထောင်ရှိသည့် ရာခိုင်နှုန်းသည် နည်းပါးသည့်အတွက် အမျိုးသားနှင့် အမျိုးသမီးအကြား ရွှေ့ပြောင်းသွားလာမှုသည် ကြီးမားသည့် ခြားနားမှုမရှိကြောင်း တွေ့ရှိရပါသည်။

ပုံ-၉။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူ ပါဝင်မှုရာခိုင်နှုန်း



ဇယား-၁၀။ ရည်ညွှန်းကာလအတွင်း မြို့နယ်တစ်ခုမှ တစ်ခုသို့ရွှေ့ပြောင်းသွားလာသည့် လူငယ်များ၏ပုံနှုန်းမှုရာခိုင်နှုန်း

| နယ်ပယ် | ၂၀၁၁ - ၂၀၁၄* | | | | |
|---|---|---|---|---|---|
| | ကျား | မ | မြို့ပြ | ကျေးလက် | အားလုံး |
| ပြည်ထောင်စု | ၅.၄ | ၅.၆ | ၁၂.၉ | ၂.၂ | ၅.၅ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | |
| ကချင် | ၃.၃ | ၄.၇ | ၆.၁ | ၂.၇ | ၄.၀ |
| ကယား | ၃.၅ | ၄.၃ | ၆.၆ | ၃.၁ | ၃.၉ |
| ကရင် | ၄.၉ | ၃.၆ | ၁၂.၄ | ၁.၃ | ၄.၂ |
| ချင်း | ၂.၃ | ၀.၉ | ၄.၂ | ၀.၇ | ၁.၅ |
| စစ်ကိုင်း | ၂.၂ | ၁.၆ | ၄.၅ | ၁.၂ | ၁.၈ |
| တနင်္သာရီ | ၆.၈ | ၃.၉ | ၈.၇ | ၄.၂ | ၅.၃ |
| ပဲခူး | ၁.၆ | ၁.၉ | ၂.၃ | ၁.၆ | ၁.၈ |
| မကွေး | ၀.၉ | ၁.၇ | ၁.၁ | ၁.၄ | ၁.၄ |
| မန္တလေး | ၈.၁ | ၄.၄ | ၁၃.၄ | ၁.၉ | ၆.၁ |
| မွန် | ၃.၆ | ၃.၈ | ၉.၄ | ၁.၂ | ၃.၇ |
| ရခိုင် | ၀.၉ | ၂.၀ | ၂.၀ | ၁.၄ | ၁.၅ |
| ရန်ကုန် | ၁၅.၁ | ၁၉.၇ | ၂၁.၉ | ၆.၈ | ၁၇.၅ |
| ရှမ်း | ၃.၄ | ၃.၄ | ၅.၁ | ၃.၀ | ၃.၄ |
| ဧရာဝတီ | ၁.၂ | ၁.၄ | ၃.၅ | ၀.၉ | ၁.၃ |
| နေပြည်တော် | ၁၀.၀ | ၁၂.၂ | ၂၃.၅ | ၅.၇ | ၁၁.၁ |

* ၂၀၁၁ ခုနှစ်မှစ၍ စစ်တမ်းကောက်ယူသည့်နေ့အထိ

## ၃.၁၁ ရွှေ့ပြောင်းသွားလာရသည့်အကြောင်းအရင်း

အဓိကရွှေ့ပြောင်းသွားလာရသည့် အကြောင်းအရင်းမှာ မိသားစုနှင့်ပတ်သက်သည့် အကြောင်းအရာများကြောင့်ဖြစ်ပြီး မိသားစုဝင်များ၏ အလုပ်ရွှေ့ပြောင်းခြင်းကြောင့် မိသားစု ရွှေ့ပြောင်းသွားလာရခြင်း သို့မဟုတ် အိမ်ထောင်ပြုခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း လူငယ်များအကြား ပြောင်းရွှေ့နေထိုင်မှုတွင် ပညာသင်ကြားရန်နှင့် အလုပ်ရရန် အတွက် ပြောင်းရွှေ့နေထိုင်ခြင်းသည်လည်း မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်နှင့် ပတ်သက်၍ ရွှေ့ပြောင်းသွားလာခြင်းသည် ရွှေ့ပြောင်းသွားလာသည့် လူငယ်များ၏ ၂၆ ရာခိုင်နှုန်းရှိပြီး ၎င်းတွင် အလုပ်ရှာဖွေရန် သို့မဟုတ် ပိုကောင်းသည့်အလုပ်ရရန်၊ အလုပ်သစ် ရရန်နှင့် အလုပ်ပြောင်းရွှေ့ရန်စသည့် အလုပ်အကိုင်ဆိုင်ရာ အကြောင်းပြချက်များပါဝင်ပါသည်။ လက်ထပ်ခြင်းနှင့် မိသားစုပြောင်းရွှေ့ခြင်းကြောင့် ပြောင်းရွှေ့နေထိုင်ခြင်းသည် ၆၈.၅ ရာခိုင်နှုန်း ကျော်ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အလုပ်အကိုင်ကြောင့် ပြောင်းရွှေ့နေထိုင်ခြင်းသည် မြို့ပြ ဒေသများတွင် ကျေးလက်ဒေသနှင့်နှိုင်းယှဉ်ပါက ပိုမိုမြင့်မားသည်ကိုတွေ့ရှိရပြီး အမျိုးသားများ သည်လည်း အမျိုးသမီးများနှင့်နှိုင်းယှဉ်ပါက ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည် (ဇယား-၁၁)။

အမျိုးသမီးများ၏ ရွှေ့ပြောင်းသွားလာမှု အကြောင်းအရင်းများတွင် အလုပ်ရှာဖွေရန်နှင့် အလုပ်သစ်ဝင်ရောက်ရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းသည် ရာခိုင်နှုန်းမြင့်မားစွာ ပါဝင်နေခြင်းဖြစ်ပြီး လူငယ်များသည် ၎င်းတို့၏ဘဝမြင့်မားရန်အတွက် ရွှေ့ပြောင်းနေထိုင်ကြခြင်း ဖြစ်ကြောင်းကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။

**ဇယား -၁၁။ နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာသည့် အကြောင်းပြချက်အရ လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ရွှေ့ပြောင်းသွားလာသည့် အကြောင်းပြချက်အရ လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | စီးပွားရေး / အလုပ် ရှာရန် | အလုပ် အသစ် ဝင်ရောက်ရန် | အလုပ် အပြောင်း အရွှေ့ | ပညာ သင်ရန် | လက်ထပ် ခြင်း | မိသားစု ပြောင်းရွှေ့ | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၇.၄ | ၁၄.၉ | ၄.၀ | ၃.၄ | ၁၃.၂ | ၅၅.၃ | ၁.၇ | ၁၀၀.၀ |
| ကျား၊မ | | | | | | | | |
| ကျား | ၉.၄ | ၁၈.၀ | ၅.၄ | ၂.၄ | ၈.၉ | ၅၄.၂ | ၁.၇ | ၁၀၀.၀ |
| မ | ၅.၇ | ၁၂.၄ | ၂.၉ | ၄.၂ | ၁၆.၇ | ၅၆.၃ | ၁.၇ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၇.၁ | ၁၈.၁ | ၃.၆ | ၄.၂ | ၈.၅ | ၅၆.၇ | ၁.၉ | ၁၀၀.၀ |
| ကျေးလက် | ၈.၁ | ၈.၀ | ၄.၉ | ၁.၆ | ၂၃.၅ | ၅၂.၄ | ၁.၄ | ၁၀၀.၀ |
| အသက်အုပ်စု | | | | | | | | |
| ၁၅-၁၉ | ၃.၈ | ၁၇.၁ | ၂.၀ | ၄.၃ | ၃.၈ | ၆၇.၂ | ၁.၉ | ၁၀၀.၀ |
| ၂၀-၂၄ | ၈.၄ | ၁၆.၈ | ၃.၂ | ၄.၉ | ၁၃.၈ | ၅၁.၁ | ၁.၉ | ၁၀၀.၀ |
| ၂၅-၂၉ | ၈.၉ | ၁၁.၈ | ၆.၁ | ၁.၅ | ၁၈.၉ | ၅၁.၃ | ၁.၅ | ၁၀၀.၀ |

## ၃.၁၂ လူငယ်များ၏ လုပ်ရှားမှုအခြေအနေ

လုပ်သားအင်အားမူဘောင်တွင် လူငယ်များ၏ လုပ်ရှားမှုအခြေအနေကို (၁) အလုပ်လက်ရှိ၊ (၂) အလုပ်လက်မဲ့ နှင့် (၃) လုပ်သားအင်အားပြင်ပ ဟုခွဲခြားထားပါသည်။ အလုပ်လက်ရှိဆိုသည်မှာ အလုပ်သမား သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူကို ဆိုလိုပါသည်။ လုပ်သားအင်အားပြင်ပဟု ဆိုရာတွင် အလုပ်မလုပ်၊ အလုပ်ရှာဖွေခြင်းမရှိသော ကျောင်းသားများ၊ သက်ကြီးရွယ်အိုများနှင့် အိမ်မှုကိစ္စဆောင်ရွက်နေသူများ ကဲ့သို့သော လူများကို ဆိုလိုပါသည်။ အဆိုပါအုပ်စုများအရ အမျိုးသားလူငယ်များ၏ ၇၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး လူငယ်များ၏ ၅၅ ရာခိုင်နှုန်းသည် အလုပ်လက်ရှိများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်ရှိလူငယ်များ၏ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင်မြင့်မားပြီး မြို့ပြရှိ အမျိုးသားလူငယ်များ၏ ၇၈ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်များ၏ ၅၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြလူငယ်များသည် ကျေးလက်ဒေသများနှင့်နှိုင်းယှဉ်ပါက ပညာရေးအတွက် အချိန်ပိုပေးသည်ကို တွေ့ရှိရသည့်အတွက် မြို့ပြဒေသများရှိ လူငယ်များ၏ အလုပ်တွင်ပါဝင်မှုသည် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသများရှိ အလုပ်အကိုင်သည် အခြေခံလုပ်ငန်းကဏ္ဍများ ဖြစ်ကြသည့် အားလျော်စွာ လုပ်ခ/လစာရ အလုပ်အကိုင်များထက် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ကြသူများ များပြား

သည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည် မိသားစုလုပ်ငန်းဖြစ်ပြီး မိသားစုဝင်များက ပါဝင်လုပ်ကိုင်သော လုပ်ငန်းဖြစ်သောကြောင့် ဖြစ်သည်။ လယ်ယာမြေအနည်းငယ်ကိုသာ လုပ်ကိုင်ကြလေ့ရှိပြီး အလုပ်သမားများ ငှားရမ်းလုပ်ကိုင်၍ မရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကျေးလက်ဒေသများတွင် လုပ်ခ/လစာရ အလုပ်သမားများ၏ ပါဝင်မှုနှုန်း နည်းပါကြောင်း တွေ့ရှိရပါသည်။

ဇယား၁၂ နှင့် ဇယား ၁၃ တို့တွင် လူငယ်အမျိုးသားနှင့် အမျိုးသမီးတို့၏ အလုပ်လက်မဲ့ရာခိုင်နှုန်း မှာ ၀.၉ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ကျေးလက်ဒေသများထက် မြို့ပြ ဒေသ များတွင် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ပုံမှန်အားဖြင့် နိုင်ငံ၏စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍများဖြင့် အဓိက လုပ်ကိုင်နေပါက အလုပ်လက်မဲ့များစွာ မတွေ့ရပါ။ အသက်အုပ်စု ၂၀ နှစ်မှ ၂၄ နှစ်အကြား လူငယ်များအနေဖြင့် အလုပ်လက်မဲ့နှုန်း အနည်းငယ် မြင့်မားသည်ကို တွေ့ရှိရပါသည်။ လုပ်ခ/လစာရ အလုပ်သမားများ၏ ပါဝင်မှုရာခိုင်နှုန်းသည် အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နည်းပါးသည်ကို တွေ့ရှိရပါသည်။ ချင်းပြည်နယ်ရှိ အမျိုးသားလူငယ်များ၏ ၇.၄ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များဖြစ်သည်ကိုတွေ့ရှိရပြီး ၅၃.၅ ရာခိုင်နှုန်းသည် အလုပ် လက်ရှိများ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါအလုပ်လက်ရှိရာခိုင်နှုန်းသည် ပြည်ထောင်စု ပျမ်းမျှအလုပ်လက်ရှိ ရာခိုင်နှုန်းထက် နည်းသည်ကို တွေ့ရှိရပါသည်။ ချင်းပြည်နယ်ရှိ အမျိုးသမီးလူငယ်များ၏ ၇.၄ ရာခိုင်နှုန်းသည်လည်း အလုပ်လက်မဲ့များဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား-၁၂။ လုပ်သားအင်အားအခြေအနေအရ လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း (ကျား)**

| နယ်ပယ် | လုပ်သားအင်အားအခြေအနေအရ လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | အလုပ်သမား | ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | စုစုပေါင်း အလုပ်လက်ရှိ | အလုပ်လက်မဲ့ | လုပ်သား အင်အားပြင်ပ | စုစုပေါင်း |
| ပြည်ထောင်စု | ၃၇.၃ | ၃၇.၄ | ၇၄.၈ | ၀.၉ | ၂၄.၄ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၄၁.၇ | ၂၆.၁ | ၆၇.၈ | ၁.၄ | ၃၀.၈ | ၁၀၀.၀ |
| ကျေးလက် | ၃၅.၄ | ၄၂.၅ | ၇၇.၉ | ၀.၆ | ၂၁.၅ | ၁၀၀.၀ |
| အသက်အုပ်စု | | | | | | |
| ၁၅-၁၉ | ၂၇.၆ | ၂၄.၀ | ၅၁.၆ | ၀.၈ | ၄၇.၆ | ၁၀၀.၀ |
| ၂၀-၂၄ | ၄၁.၉ | ၄၂.၁ | ၈၃.၉ | ၁.၀ | ၁၅.၁ | ၁၀၀.၀ |
| ၂၅-၂၉ | ၄၃.၉ | ၄၈.၂ | ၉၂.၀ | ၀.၉ | ၇.၁ | ၁၀၀.၀ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | | |
| ကချင် | ၁၈.၁ | ၅၁.၆ | ၆၉.၇ | ၀.၇ | ၂၉.၆ | ၁၀၀.၀ |
| ကယား | ၃၂.၆ | ၃၇.၉ | ၇၀.၅ | ၀.၉ | ၂၈.၆ | ၁၀၀.၀ |
| ကရင် | ၂၇.၄ | ၄၃.၄ | ၇၀.၈ | ၀.၄ | ၂၈.၉ | ၁၀၀.၀ |
| ချင်း | ၁၂.၉ | ၄၀.၅ | ၅၃.၅ | ၇.၄ | ၃၉.၂ | ၁၀၀.၀ |
| စစ်ကိုင်း | ၃၅.၁ | ၄၃.၂ | ၇၈.၃ | ၀.၂ | ၂၁.၅ | ၁၀၀.၀ |
| တနင်္သာရီ | ၄၅.၇ | ၂၈.၈ | ၇၄.၄ | ၀.၀ | ၂၅.၆ | ၁၀၀.၀ |
| ပဲခူး | ၄၇.၂ | ၃၂.၁ | ၇၉.၂ | ၁.၉ | ၁၈.၉ | ၁၀၀.၀ |

| နယ်ပယ် | လုပ်သားအင်အားအခြေအနေအရ လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | စုစုပေါင်းအလုပ်လက်ရှိ | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပ | စုစုပေါင်း |
| မကွေး | ၃၉.၂ | ၃၄.၅ | ၇၃.၆ | ၀.၈ | ၂၅.၆ | ၁၀၀.၀ |
| မန္တလေး | ၄၆.၀ | ၃၃.၁ | ၇၉.၀ | ၀.၆ | ၂၀.၄ | ၁၀၀.၀ |
| မွန် | ၃၄.၉ | ၃၂.၇ | ၆၇.၆ | ၁.၂ | ၃၁.၂ | ၁၀၀.၀ |
| ရခိုင် | ၂၇.၉ | ၄၄.၆ | ၇၂.၄ | ၁.၅ | ၂၆.၁ | ၁၀၀.၀ |
| ရန်ကုန် | ၃၉.၀ | ၃၀.၄ | ၆၉.၄ | ၁.၄ | ၂၉.၂ | ၁၀၀.၀ |
| ရှမ်း | ၂၁.၆ | ၅၀.၉ | ၇၂.၅ | ၀.၂ | ၂၇.၃ | ၁၀၀.၀ |
| ဧရာဝတီ | ၄၂.၃ | ၃၇.၇ | ၈၀.၀ | ၀.၄ | ၁၉.၆ | ၁၀၀.၀ |
| နေပြည်တော် | ၅၃.၁ | ၂၅.၀ | ၇၈.၁ | ၁.၇ | ၂၀.၂ | ၁၀၀.၀ |

ဇယား-၁၃။ လုပ်သားအင်အားအခြေအနေအရ လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း (မ)

| နယ်ပယ် | လုပ်သားအင်အားအခြေအနေအရ လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | စုစုပေါင်းအလုပ်လက်ရှိ | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပ | စုစုပေါင်း |
| ပြည်ထောင်စု | ၂၇.၁ | ၂၈.၂ | ၅၅.၃ | ၀.၉ | ၄၃.၈ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၃၁.၂ | ၁၇.၀ | ၄၈.၂ | ၁.၆ | ၅၀.၂ | ၁၀၀.၀ |
| ကျေးလက် | ၂၅.၃ | ၃၃.၂ | ၅၈.၄ | ၀.၆ | ၄၁.၀ | ၁၀၀.၀ |
| အသက်အုပ်စု | | | | | | |
| ၁၅-၁၉ | ၂၃.၈ | ၁၈.၃ | ၄၂.၁ | ၀.၆ | ၅၇.၃ | ၁၀၀.၀ |
| ၂၀-၂၄ | ၃၀.၇ | ၃၁.၄ | ၆၂.၂ | ၁.၂ | ၃၆.၆ | ၁၀၀.၀ |
| ၂၅-၂၉ | ၂၆.၉ | ၃၅.၅ | ၆၂.၄ | ၀.၈ | ၃၆.၈ | ၁၀၀.၀ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | | |
| ကချင် | ၁၀.၄ | ၂၆.၂ | ၃၆.၇ | ၀.၇ | ၆၂.၆ | ၁၀၀.၀ |
| ကယား | ၂၀.၈ | ၃၅.၈ | ၅၆.၇ | ၀.၃ | ၄၃.၁ | ၁၀၀.၀ |
| ကရင် | ၁၃.၂ | ၂၈.၄ | ၄၁.၆ | ၀.၃ | ၅၈.၂ | ၁၀၀.၀ |
| ချင်း | ၇.၅ | ၃၃.၁ | ၄၀.၆ | ၇.၄ | ၅၂.၀ | ၁၀၀.၀ |
| စစ်ကိုင်း | ၂၇.၃ | ၃၉.၃ | ၆၆.၆ | ၀.၃ | ၃၃.၁ | ၁၀၀.၀ |
| တနင်္သာရီ | ၁၈.၆ | ၁၃.၉ | ၃၂.၆ | ၀.၀ | ၆၇.၄ | ၁၀၀.၀ |
| ပဲခူး | ၃၇.၁ | ၂၃.၀ | ၆၀.၁ | ၁.၃ | ၃၈.၆ | ၁၀၀.၀ |
| မကွေး | ၃၀.၈ | ၃၄.၅ | ၆၅.၃ | ၀.၉ | ၃၃.၇ | ၁၀၀.၀ |
| မန္တလေး | ၃၂.၃ | ၃၃.၂ | ၆၅.၅ | ၀.၀ | ၃၄.၅ | ၁၀၀.၀ |
| မွန် | ၁၇.၈ | ၂၂.၁ | ၃၉.၉ | ၀.၈ | ၅၉.၃ | ၁၀၀.၀ |
| ရခိုင် | ၁၅.၁ | ၂၃.၇ | ၃၈.၈ | ၂.၂ | ၅၈.၉ | ၁၀၀.၀ |
| ရန်ကုန် | ၃၆.၄ | ၁၂.၇ | ၄၉.၁ | ၁.၈ | ၄၉.၁ | ၁၀၀.၀ |
| ရှမ်း | ၁၂.၇ | ၅၀.၁ | ၆၂.၈ | ၀.၄ | ၃၆.၉ | ၁၀၀.၀ |
| ဧရာဝတီ | ၂၇.၈ | ၂၁.၀ | ၄၈.၇ | ၀.၅ | ၅၀.၈ | ၁၀၀.၀ |
| နေပြည်တော် | ၃၆.၂ | ၂၂.၀ | ၅၈.၃ | ၂.၀ | ၃၉.၇ | ၁၀၀.၀ |

# အခန်း(၄)

# လူငယ်အလုပ်လက်မဲ့များ၏ ဝိသေသလက္ခဏာများ

## ၄.၁ အလုပ်ရှာဖွေရန် ကြာမြင့်ချိန်

ယေဘုယျအားဖြင့် လူငယ်များသည် အခြားအသက်အရွယ်အပိုင်းအခြားဖြင့် နှိုင်းယှဉ်ကြည့်ပါက အထူးသဖြင့် ပညာတတ်လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် မြင့်မားသည်ကို တွေ့ရှိရပါသည်။မြန်မာနိုင်ငံတစ်ဝန်းလုံး အတိုင်းအတာအရ လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် ၀.၉ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလုပ်လက်မဲ့နှုန်း နည်းပါးသည်ကို တွေ့ရှိရပါသည်။

လူငယ်အလုပ်လက်မဲ့များ၏ သွင်ပြင်လက္ခဏာများကို သေးငယ်သော နမူနာအရွယ်အစားပေါ်တွင် အခြေခံ၍ ဖော်ပြထားသော်လည်း အချို့သော အညွှန်းကိန်းများကို နိုင်ငံအဆင့်ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနိုင်ပါသည်။ တစ်နှစ်ထက်ကျော်လွန်၍ အလုပ်ရှာဖွေ သော်လည်း အလုပ်မရရှိသည့် လူငယ်များ၏ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် သိသာထင်ရှားသည့် ရာခိုင်နှုန်းရှိပြီး အများစုမှာအသက် ၂၅ နှစ်မှ ၂၉ နှစ်အကြား အသက်အုပ်စုဝင်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ (ဇယား-၁၄)

**ဇယား-၁၄။ အလုပ်လက်မဲ့လူငယ်များ၏ အလုပ်ရှာဖွေသည့်အချိန်ကာလအရ ပျံ့နှံ့မှု ရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်ရှာသည့် ကာလ | | | | | နမူနာ လူငယ် အရေတွက် |
|---|---|---|---|---|---|---|
| | ၃ လ အောက် | ၃ လနှင့် ၆ လကြား | ၆ လနှင့် ၁၂လ ကြား | ၁၂ လနှင့် အထက် | စုစုပေါင်း | |
| ပြည်ထောင်စု | ၂၈.၆ | ၂၈.၅ | ၂၁.၇ | ၂၁.၂ | ၁၀၀.၀ | ၂၅၉ |
| **မြို့ပြ၊ ကျေးလက်** | | | | | | |
| မြို့ပြ | ၂၂.၉ | ၃၃.၅ | ၂၀.၃ | ၂၃.၃ | ၁၀၀.၀ | ၁၄၄ |
| ကျေးလက် | ၃၅.၃ | ၂၂.၆ | ၂၃.၄ | ၁၈.၇ | ၁၀၀.၀ | ၁၁၅ |
| **ကျား၊ မ** | | | | | | |
| ကျား | ၂၇.၀ | ၃၆.၁ | ၂၁.၆ | ၁၅.၄ | ၁၀၀.၀ | ၁၂၀ |
| မ | ၃၀.၀ | ၂၂.၁ | ၂၁.၉ | ၂၆.၁ | ၁၀၀.၀ | ၁၃၉ |
| **အသက်အုပ်စု** | | | | | | |
| ၁၅-၁၉ | ၃၉.၁ | ၂၆.၃ | ၂၂.၃ | ၁၂.၃ | ၃၉.၁ | ၆၇ |
| ၂၀-၂၄ | ၂၄.၆ | ၃၄.၈ | ၂၆.၀ | ၁၄.၆ | ၂၄.၆ | ၁၀၇ |
| ၂၅-၂၉ | ၂၄.၆ | ၂၂.၁ | ၁၅.၆ | ၃၇.၆ | ၂၄.၆ | ၈၅ |
| နမူနာလူငယ်အရေအတွက် | ၇၇ | ၆၅ | ၅၈ | ၆၀ | ၂၆၀ | x |

## ၄.၂ လူငယ်အလုပ်လက်မဲ့များ ရှာဖွေခဲ့ကြသည့် အလုပ်အမျိုးအစားများ

လူငယ်အလုပ်လက်မဲ့များ၏ ၃၀ ရာခိုင်နှုန်းခန့်သည် အစိုးရဝန်ထမ်း အလုပ်များကို ရှာဖွေသည်ကို တွေ့ရသည်။ ၎င်းနောက်တွင် အခြားအချိန်ပြည့် အလုပ်အကိုင် သို့မဟုတ် အချိန်ပိုင်းအလုပ်များကိုရှာဖွေသည်ကိုတွေ့ရသည်။ လူငယ်အလုပ်လက်မဲ့များ၏ ၈၀ ရာခိုင်နှုန်းသည် လစာရအလုပ်အကိုင်များကို ရှာဖွေသည်ကိုတွေ့ရပြီး ကျန်၂၀ ရာခိုင်နှုန်းခန့်သာလျှင် ကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည် (ဇယား-၁၅)။ အစိုးရအလုပ်အကိုင်များသည် လူမှုပတ်ဝန်းကျင်တွင် ဦးစားပေးအနေဖြင့် အလုပ်ရှာဖွေနေသည်ကိုတွေ့ရှိရပါသည်။ စိတ်ဝင်စားဖွယ်တွေ့ရှိရသည်မှာ အစိုးရအလုပ် လုပ်ကိုင်လိုသည့် အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများနှင့် အမျိုးသမီးများတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ စီးပွားရေးလုပ်ငန်းများသည် မြို့ပြဒေသတွင် ပိုမိုများပြားသောကြောင့် ကျေးလက်ဒေသများတွင် စက်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ၌ လစာရအလုပ်များကို ရှာဖွေသူနည်းပါးသည်ကို တွေ့ရပါသည်။

**ဇယား-၁၅။ ရှာဖွေသည့်အလုပ်အမျိုးအစားအလိုက် အလုပ်ရှာဖွေသူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ရှာဖွေသည့် အလုပ်အမျိုးအစား | | | | | |
|---|---|---|---|---|---|---|
| | အစိုးရ အချိန်ပြည့် အလုပ် | ပုဂ္ဂလိက အချိန်ပြည့် အလုပ် | အချိန်ပိုင်း အလုပ် | ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၂၉.၄ | ၂၆.၁ | ၂၄.၆ | ၁၃.၇ | ၆.၃ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၂၆.၃ | ၃၄.၆ | ၂၆.၉ | ၈.၈ | ၃.၃ | ၁၀၀.၀ |
| ကျေးလက် | ၃၂.၉ | ၁၆.၂ | ၂၁.၉ | ၁၉.၄ | ၉.၇ | ၁၀၀.၀ |
| ကျား၊ မ | | | | | | |
| ကျား | ၂၄.၆ | ၂၄.၄ | ၂၇.၈ | ၁၇.၁ | ၆.၁ | ၁၀၀.၀ |
| မ | ၃၃.၇ | ၂၇.၆ | ၂၁.၇ | ၁၀.၆ | ၆.၄ | ၁၀၀.၀ |
| အသက်အုပ်စု | | | | | | |
| ၁၅-၁၉ | ၂၀.၀ | ၂၄.၁ | ၄၂.၈ | ၁၁.၁ | ၂.၀ | ၁၀၀.၀ |
| ၂၀-၂၄ | ၃၂.၂ | ၂၉.၃ | ၁၇.၈ | ၁၁.၆ | ၉.၀ | ၁၀၀.၀ |
| ၂၅-၂၉ | ၃၃.၆ | ၂၃.၇ | ၁၇.၇ | ၁၈.၆ | ၆.၄ | ၁၀၀.၀ |
| နမူနာလူငယ်အရေအတွက် | ၈၃ | ၅၁ | ၆၅ | ၄၂ | ၁၈ | ၂၅၉ |

## ၄.၃ အလုပ်လက်မဲ့အဓိပ္ပာယ်သတ်မှတ်ချက်

မိသားစုလုပ်ငန်းများပြားပြီးသမရိုးကျမဟုတ်သောလုပ်ငန်းများ (Informal economy) ဖွံ့ဖြိုးသောနိုင်ငံများတွင် ကျွမ်းကျင်မှုအရည်အချင်းတစ်ခုခုသို့မဟုတ် ပညာရေးအဆင့်အတန်း မြင့်မားမှုမရှိသော အလုပ်လက်မဲ့များ၏ အလုပ်ရှာဖွေရန်ကြိုးပမ်းသည်ကို မတွေ့ရှိရပါ။

အကယ်၍ အလုပ်လက်မဲ့များအတွက် အထူးခံစားခွင့်များနှင့် အလုပ်လက်မဲ့အဖြစ် တရားဝင် မှတ်ပုံတင် ထားမှုများမရှိပါက အလုပ်လက်မဲ့ဟုသတ်မှတ်နိုင်ရန်ခက်ခဲပါသည်။

ဇယား-၁၆ တွင် လူငယ်များ၏ အသက်အုပ်စုအလိုက် အလုပ်လက်မဲ့ပျံ့နှံ့မှု ရာခိုင်နှုန်းနှင့် ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားတွင် ပါဝင်ပျံ့နှံ့မှုရာခိုင်နှုန်းကို ဖော်ပြထားသည်။ ကျား/မ အကြားတွင်လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင် လည်းကောင်း အလုပ်လက်မဲ့ ရာခိုင်နှုန်းနှင့် ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားတွင် ပါဝင်မှုရာခိုင်နှုန်း သိသာစွာ ကွာဟသည်ကို တွေ့ရသည်။ အလုပ်ရှာဖွေမှုမရှိခြင်းသည် ကျေးလက်ဒေသများနှင့် အမျိုးသမီး များအကြား မြင့်မားသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့သည် အလုပ်လုပ်ရန် မျှော်လင့် မထားသော်လည်း အခွင့်အရေးရရှိပါက အလုပ်လုပ်ကိုင်ရန် အသင့်ရှိနေသည်ကိုတွေ့ရပါသည်။

**ဇယား-၁၆ ။ အလုပ်လက်မဲ့လူငယ်များ၏ ပျံ့နှံ့မှု**

| နယ်ပယ် | လူငယ်များ၏ ရာခိုင်နှုန်း | | |
|---|---|---|---|
| | အလုပ်ရှာဖွေပြီး အဆင်သင့် ဖြစ်နေသူ | အလုပ်ရှာဖွေနေခြင်း မရှိသော်လည်း အလုပ်လုပ်ရန်ဆန္ဒရှိပြီး အဆင်သင့်ဖြစ်နေသူ | အလုပ်လုပ်ရန်ဆန္ဒရှိပြီး အဆင်သင့်ဖြစ်နေသူ (တိုင် ၂ + တိုင် ၃) |
| ပြည်ထောင်စု | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၅၄.၀ | ၃၃.၃ | ၄၃.၉ |
| ကျေးလက် | ၄၆.၀ | ၆၆.၇ | ၅၆.၁ |
| ကျား၊ မ | | | |
| ကျား | ၄၆.၅ | ၂၆.၃ | ၃၇.၄ |
| မ | ၅၃.၅ | ၇၃.၇ | ၆၂.၆ |
| အသက်အုပ်စု | | | |
| ၁၅-၁၉ | ၂၇.၅ | ၃၀.၆ | ၂၈.၉ |
| ၂၀-၂၄ | ၄၀.၉ | ၄၄.၄ | ၄၂.၄ |
| ၂၅-၂၉ | ၃၁.၆ | ၂၅.၀ | ၂၈.၇ |
| နမူနာလူငယ် အလုပ်လက်မဲ့ အရေအတွက် | ၂၇၂ | ၂၆၃ | ၅၂၃ |

## ၄.၄ အလုပ်မရှာဖွေရခြင်းအကြောင်းအရင်း

လုပ်သားဈေးကွက်တွင် အလုပ်မရှိသော လူငယ်အများစုသည် အလုပ်လုပ်ရန် အဆင်သင့် ဖြစ်သော်လည်း အလုပ်ရှာဖွေခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ အထက်တွင် ဖော်ပြထားသည့် အတိုင်း တစ်ဦးတစ်ယောက်ချင်းစီ၏အမြင်နှင့် လူမှုရေးဆိုင်ရာ အချက်များ စသည့် အမျိုးမျိုးသော အကြောင်းပြချက်များကြောင့် ဤသို့အလုပ်ရှာဖွေခြင်းမရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ လူငယ်များ၏ ၄၆.၇ ရာခိုင်နှုန်းသည် အိမ်မှုကိစ္စသို့မဟုတ် မိသားစုတာဝန်ရှိခြင်းကြောင့် အလုပ်ရှာဖွေခဲ့ခြင်းမရှိဟု ဖော်ပြထားသည်ကို

တွေ့ရှိရပါသည်။ အဆိုပါရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် လူငယ်များ၏ ၅၀ ရာခိုင်နှုန်း ကျော်ကိုတွေ့ရပြီး လူငယ်အမျိုးသမီးများအတွက် ၆၀ ရာခိုင်းနှုန်းနီးပါးရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို ရာသီအလိုက် လုပ်ကိုင်သော ကျေးလက်ဒေသများတွင် လူများ သည် ရိတ်သိမ်းချိန် သို့မဟုတ် စိုက်ပျိုးချိန်ကို စောင့်ဆိုင်းလျက်ရှိပြီး ကြားကာလများတွင် အလုပ်လုပ်ကိုင်ရန် အခွင့်အရေးမရှိသည့်အတွက် စိုက်ပျိုးရာသီပြန်လည်ရောက်ရှိရန် စောင့်ဆိုင်း လျက်ရှိသည်ကို တွေ့ရသည်။ ကျေးလက်ဒေသများတွင် အလုပ်မရှာဖွေရသည့် အကြောင်း အရင်းကို မေးမြန်းရာတွင် လူငယ်များ၏၁၇ ရာခိုင်နှုန်းသည် ရာသီချိန်အလုပ်စတင်ချိန်ကို စောင့်ဆိုင်းနေသည်ဟု ဖြေဆိုကြသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများတွင် ၂၆.၆ရာခိုင်နှုန်း သည် ရာသီချိန်အလုပ်ကို စောင့်ဆိုင်းနေသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာ အားဖြင့် လူငယ်များ၏ ၁၂ ရာခိုင်နှုန်းနီးပါးသည်မည်သည့်နေရာတွင် အလုပ်ရှာရမည်ဆိုသည်ကို မသိရှိခြင်းကြောင့် အလုပ်ရှာဖွေခြင်းမရှိကြသည်ကို တွေ့ရပါသည်။ အဆိုပါရာခိုင်နှုန်းကို ကျေးလက်ဒေသရှိ အမျိုးသားနှင့်နှိုင်းယှဉ်ရာတွင် မြို့ပြဒေသရှိ အမျိုးသားတွင် ပိုမိုမြင့်မား သည်ကိုတွေ့ရသည်။ ထိုအကြောင်းပြချက်များအပြင် ပညာသင်ကြားနေခြင်း သို့မဟုတ် အသက် မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နေခြင်းစသည် အကြောင်းပြချက်များ ဖြေဆို ကြသည်ကို တွေ့ရှိရပါသည်။ (ဇယား-၁၇)

ဇယား-၁၇။ အလုပ်မရှိ ၊အလုပ်လုပ်ရန်အဆင်သင့်ဖြစ်နေသော်လည်း အလုပ်ရှာဖွေခြင်းမရှိသည့် လူငယ်များ၏ အလုပ်မရှာသည့်အကြောင်းအရင်းအလိုက် ပျံ့နှံ့မှု

| နယ်ပယ် | အလုပ်မရှာရသည့် အကြောင်းအရင်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်တွေ့သော်လည်း စတင်ရန်စောင့်ဆိုင်းလျက်ရှိ | အလုပ်စတင်ရမည့် ရာသီချိန်ကိုစောင့်ဆိုင်းလျက်ရှိ | ကျောင်း/ သင်တန်းများ တက်ရောက်လျက်ရှိ | မိသားစုတာဝန် သို့မဟုတ် အိမ်မှုကိစ္စ | ဘယ်မှာအလုပ်ရှာရမည် မသိ | ဤဒေသတွင် အလုပ်မရနိုင် | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၂.၉ | ၁၂.၉ | ၁၁.၃ | ၄၆.၇ | ၁၁.၆ | ၅.၅ | ၉.၂ | ၁၀၀.၀ |
| မြို့ပြ | ၄.၉ | ၅.၀ | ၂၀.၈ | ၃၈.၅ | ၁၆.၈ | ၃.၉ | ၁၀.၁ | ၁၀၀.၀ |
| ကျေးလက် | ၁.၈ | ၁၇.၀ | ၆.၃ | ၅၁.၁ | ၈.၈ | ၆.၃ | ၈.၇ | ၁၀၀.၀ |
| ကျား | ၃.၁ | ၂၆.၆ | ၁၉.၂ | ၆.၆ | ၁၈.၆ | ၅.၂ | ၂၀.၆ | ၁၀၀.၀ |
| မ | ၂.၈ | ၈.၅ | ၈.၈ | ၅၉.၆ | ၉.၃ | ၅.၆ | ၅.၅ | ၁၀၀.၀ |
| နမူနာလူငယ်ဦးရေ | ၁၄ | ၅၃ | ၅၉ | ၁၉၅ | ၆၃ | ၃၅ | ၄၂ | ၄၆၁ |

## ၄.၅ အလုပ်အကိုင်ရှာဖွေမှုနည်းလမ်းများ

လုပ်သားဈေးကွက်တွင် အလုပ်အကိုင် လုံလောက်မှုမရှိခြင်းကြောင့် လူငယ်အများစုသည် သမရိုးကျမဟုတ်သည့်အလုပ်များ (informal sector) တွင် လုပ်ကိုင်ရန် ဆန္ဒရှိသည်ကိုတွေ့ရ သည်။ ပုံမှန်ရွေးချယ်မှု လုပ်ငန်းစဉ်များကိုဖြတ်ကျော်၍ သမရိုးကျလုပ်ငန်းကဏ္ဍ (formal

sector) တွင် လစာရရှိသော အလုပ်အကိုင် ရရှိရန်အတွက် လူစုဆောင်းသည့် လုပ်ငန်းစဉ် သည်ပညာတတ်လူငယ်များအတွက် အဓိက ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ လူငယ်များ၏ ၂၄ ရာခိုင်နှုန်းခန့်သာလျှင် အလုပ်ရှင် သို့မဟုတ် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အလုပ်ရှာဖွေနေ သည်ကို တွေ့ရှိရပါသည် (ဇယား-၁၈)။ လူငယ်များ၏ ၁၂ ရာခိုင်နှုန်းသည်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ပြီး ၂၇ ရာခိုင်နှုန်းသည် မိတ်ဆွေ သို့မဟုတ် ဆွေမျိုးများ၏ အကူအညီဖြင့် အလုပ်ရှာဖွေ ကြောင်းတွေ့ရှိရပါသည်။

မြို့ပြဒေသများတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွင် မှတ်ပုံတင်ထားသူ ရာခိုင်နှုန်းသည် ကျေးလက်ဒေသထက် နည်းပါးသည်ကို မမျှော်လင့်ဘဲတွေ့ရှိရပါသည်။ ထို့အပြင် မှတ်ပုံတင်ထားသောအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် များပြားသည်ကိုတွေ့ရှိရပါ သည်။ ထိုအကြောင်းအရာများသည် နမူနာအလုပ်လက်မဲ့အရေအတွက် နည်းခြင်းကြောင့် ဖြစ်နိုင်ပြီး ကျေးလက်ဒေသတွင် နေထိုင်သူများသို့မဟုတ် အမျိုးသမီးလူငယ်များအနေဖြင့် သမရိုးကျသည့် အလုပ်အကိုင်များတွင် အလုပ်အကိုင်ရရှိရန် တရားဝင်လမ်းကြောင်းများမှ တစ်ဆင့် ရှာဖွေနိုင်မည့် အဆက်အသွယ်မရှိသည့်အတွက် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများသည်သာ အလုပ်ရရှိနိုင်သည်ဟုယုံကြည်သောကြောင့် ဖြစ်နိုင်ပါသည်။

**ဇယား -၁၈။ အလုပ်ရှာဖွေသည့်နည်းလမ်းများအရ လူငယ်များ၏ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်ရှာဖွေသည့်နည်းလမ်း | | | | | |
|---|---|---|---|---|---|---|
| | အဖွဲ့အစည်းများ/ အလုပ်ရှင်များထံသို့ ဆက်သွယ်/ အလုပ်လျှောက် | အလုပ်နေရာ၊ ဈေးဆိုင်၊ ဈေးစသည်တို့တွင် စုံစမ်းခြင်း | မိတ်ဆွေ/ ဆွေမျိုးများ၏ အကူအညီဖြင့် ရှာဖွေခြင်း | အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေး ရုံးတွင် မှတ်ပုံတင်ခြင်း | အခြား* | စုစုပေါင်း |
| ပြည်ထောင်စု | ၂၃.၈ | ၂၀.၅ | ၂၇.၀ | ၁၁.၇ | ၁၇.၀ | ၁၀၀.၀ |
| မြို့ပြ | ၂၆.၉ | ၂၄.၃ | ၂၅.၆ | ၈.၆ | ၁၄.၆ | ၁၀၀.၀ |
| ကျေးလက် | ၂၀.၅ | ၁၆.၃ | ၂၈.၄ | ၁၅.၁ | ၁၉.၆ | ၁၀၀.၀ |
| ကျား | ၂၂.၅ | ၂၀.၈ | ၂၅.၈ | ၉.၂ | ၂၁.၇ | ၁၀၀.၀ |
| မ | ၂၅.၂ | ၂၀.၁ | ၂၈.၁ | ၁၄.၂ | ၁၂.၄ | ၁၀၀.၀ |
| နမူနာလူငယ်ဦးရေ | ၇၈ | ၆၀ | ၉၄ | ၄၃ | ၄၇ | ၃၂၂ |

*အလုပ်အကိုင်ကြော်ငြာများတွင်ကြေညာထည့်သွင်းခြင်း (သို့မဟုတ်) လျှောက်ထားခြင်းများပါဝင်သည်။

## ၄.၆ အလုပ်မရှာဖွေရသည့် အကြောင်းအရင်းများ

အလုပ်လက်ရှိအနေဖြင့်ဖြစ်စေ၊ အလုပ်လက်မဲ့အနေဖြင့်ဖြစ်စေ ပါဝင်ခြင်းမရှိသော လူငယ် များကို အလုပ်ရှာဖွေခြင်းမရှိသော သို့မဟုတ် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသော လူငယ်များအဖြစ် သတ်မှတ်ပါသည်။ ကျောင်းတက်ရောက်နေရခြင်းနှင့် အိမ်မှုကိစ္စ/ မိသားစု တာဝန်ရှိခြင်းစသည့် အချက်များသည် အလုပ်မရှာဖွေရသည့် အဓိကအကြောင်းအရင်း ၂ ခု

ဖြစ်ပါသည်။ အလုပ်ရှာဖွေခြင်းမရှိသည့် လူငယ်များ၏ ၄၄ ရာခိုင်နှုန်းခန့်သည် အိမ်မှုကိစ္စ၊ မိသားစုတာဝန်ရှိခြင်းကြောင့် အလုပ်ရှာဖွေခြင်းမရှိဟူ၍ ဖြေဆိုကြသည်ကိုတွေ့ရသည်။ ကျောင်း၊ သင်တန်းတက်ရောက် နေရခြင်းကြောင့် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသည့်ရာခိုင်နှုန်း သည်လည်း အိမ်မှုကိစ္စ ဆောင်ရွက်ရသည့်ရာခိုင်နှုန်းနှင့် တူညီသည်ကို တွေ့ရှိရပါသည်။ ကျောင်း၊ သင်တန်း တက်ရောက်နေသည့်ရာခိုင်နှုန်းတွင် ကျေးလက်ဒေသနှင့် အမျိုးသမီးလူငယ်လူဦးရေ ရာခိုင်နှုန်းထက် မြို့ပြဒေသနှင့် အမျိုးသားလူငယ်ရာခိုင်နှုန်းသည် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည် (ဇယား-၁၉)။

လုပ်သားဈေးကွက်သို့ ဝင်ရောက်မှုအခြေအနေကို လေ့လာကြည့်ပါက ကျား၊ မအကြား ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စတာဝန်များ ရှိနေခြင်း ကြောင့် လုပ်သားဈေးကွက်သို့ ဝင်ရောက်နိုင်မှုအခွင့်အလမ်း နည်းပါးသည်ကို တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသရှိလူငယ်များ၏ ခြားနားမှုအခြေအနေကို လေ့လာကြည့်ပါက ကျေးလက်ဒေသရှိ လူငယ်များအတွက် အဖွဲ့အစည်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် သမရိုးကျသော လုပ်သားဈေးကွက်သို့ ဝင်ရောက်နိုင်မှုအခြေအနေနည်းပါးသည်ကို တွေ့ရှိရပါ သည်။

**ဇယား-၁၉။ အလုပ်မရှာဖွေသောအကြောင်းအရင်းများအလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်မရှာသည့် အကြောင်းအရင်း | | | | | |
|---|---|---|---|---|---|---|
| | ကျောင်း/ သင်တန်း တက်ရောက် | အိမ်မှုကိစ္စ/ မိသားစု တာဝန် ရှိခြင်း | မကျန်း မာခြင်း၊ အနာတရ ဖြစ်ခြင်း၊ မသန်စွမ်း ခြင်း | ရာသီချိန် ပြင်ပ | အလုပ် လုပ်ရသည့် အခြေအနေ ကိုလက်ခံ ဆောင်ရွက် လိုခြင်းမရှိ | အခြား |
| ပြည်ထောင်စု | ၄၃.၆ | ၄၃.၉ | ၃.၂ | ၂.၉ | ၄.၅ | ၁.၉ |
| မြို့ပြ | ၅၀.၁ | ၃၉.၆ | ၂.၆ | ၀.၄ | ၅.၂ | ၂.၁ |
| ကျေးလက် | ၃၉.၈ | ၄၆.၃ | ၃.၅ | ၄.၄ | ၄.၀ | ၂.၀ |
| ကျား | ၆၁.၉ | ၁၇.၂ | ၄.၉ | ၄.၆ | ၈.၃ | ၃.၁ |
| မ | ၃၄.၆ | ၅၇.၀ | ၂.၄ | ၂.၁ | ၂.၆ | ၁.၃ |
| နမူနာလူငယ်ဦးရေ | ၄,၀၈၀ | ၃,၇၃၃ | ၂၈၂ | ၂၂၀ | ၃၇၀ | ၁၈၆ |

## ၄.၇ လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်မှုဆိုင်ရာ အညွှန်းကိန်းများ

အလုပ်လက်မဲ့အရေအတွက် နည်းပါးနေသည့်အတွက် အလုပ်လက်မဲ့အခြေအနေကို ရှုထောင့်တစ်မျိုးတည်းမှ ကြည့်၍ဆုံးဖြတ်ရန် မလုံလောက်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ အခန်း ၂ တွင် ဖော်ပြထားသည့်အတိုင်း လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုကို

ညွှန်ပြနိုင်သည့် LU1 ၊ LU2 ၊ LU3 နှင့် LU4 ဟူ၍ ရှုထောင့်များမှ လေ့လာဖော်ပြသွားမည်ဖြစ်ပါသည်။

လုပ်အားကို အပြည့်အဝအသုံးမချနိုင်မှုကို တိုင်းတာသည့်ပုံစံများတွင် တိုင်းတာမှုပုံစံအများဆုံးလွှမ်းခြုံသည့် အညွှန်းကိန်းမှာ LU4 ဖြစ်ပြီး ၎င်းအညွှန်းကိန်းတွင် အလုပ်လက်မဲ့၊ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေပြီး အလုပ်လုပ်ရန် အဆင်သင့်မဖြစ်သော်လည်း အလုပ်ရှာဖွေနေသူနှင့် အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသော်လည်း အလုပ်ရှာဖွေခြင်းမရှိသူတို့ကိုပါ ထည့်သွင်းစဉ်းစားထားသဖြင့် အဆိုပါရာခိုင်နှုန်းမှာ မြင့်မားသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးကို ခြုံကြည့်ပါက လုပ်အားကို အပြည့်အဝအသုံးမချနိုင်မှုရာခိုင်နှုန်းမှာ ၉.၀ ရာခိုင်နှုန်း ရှိကြောင်းတွေ့ရှိရပါသည်။ ကျား၊ မ နှိုင်းယှဉ်ကြည့်ရာ တွင် အမျိုးသမီးများ၏နှုန်း (၁၀.၃%) သည် အမျိုးသားများ၏နှုန်း (၇.၉%) ထက် မြင့်မားသည်ကို တွေ့ရှိရပြီး၊ မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ရာတွင် မြို့ပြဒေသ၏နှုန်း (၉.၃%) သည် ကျေးလက်ဒေသ၏နှုန်း (၈.၉%) ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအကြား တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ ရာခိုင်နှုန်း မြင့်မားသည့်ဒေသများကို လေ့လာကြည့်ရာ ချင်းပြည်နယ်တွင် ၂၅.၁ ရာခိုင်နှုန်း၊ နေပြည်တော်တွင် ၁၈.၇ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်တွင် ၁၄.၄ ရာခိုင်နှုန်းနှင့် မွန်ပြည်နယ်တွင် ၁၄.၃ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုကို တိုင်းတာရာတွင် အဆိုပါဒေသများတွင် မြင့်မားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည် (ဇယား-၂၀)။

ဇယား-၂၀။ လုပ်အားကိုအပြည့်အဝအသုံးမချနိုင်ခြင်း၏ အညွှန်းကိန်းများ

| နယ်ပယ် | လူငယ်အရေအတွက် | | | |
|---|---|---|---|---|
| | အလုပ်လက်မဲ့ (LU1: အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (LU2- အလုပ်ချိန် ဆိုင်ရာ တစ်ဝက် တစ်ပျက် အလုပ် လက်မဲ့နှင့် အလုပ်လက်မဲ့ နှစ်ရပ်ပေါင်း) | အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား (LU3: အလုပ်လက်မဲ့ နှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား နှစ်ရပ်ပေါင်း) | အလုပ်လက်မဲ့ (သို့) အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား (LU4: လုပ်အား အပြည့်အဝ အသုံးမချနိုင်မှု) |
| **ပြည်ထောင်စု** | ၁.၄ | ၇.၇ | ၂.၈ | ၉.၀ |
| **ကျား၊ မ** | | | | |
| ကျား | ၁.၃ | ၇.၁ | ၂.၁ | ၇.၉ |
| မ | ၁.၆ | ၈.၃ | ၃.၇ | ၁၀.၃ |
| **မြို့ပြ၊ ကျေးလက်** | | | | |
| မြို့ပြ | ၂.၉ | ၇.၆ | ၄.၆ | ၉.၃ |
| ကျေးလက် | ၀.၉ | ၇.၇ | ၂.၂ | ၈.၉ |
| **အသက်အုပ်စု** | | | | |
| ၁၅-၁၉ | ၁.၆ | ၈.၆ | ၃.၂ | ၁၀.၁ |
| ၂၀-၂၄ | ၁.၆ | ၇.၇ | ၃.၃ | ၉.၃ |
| ၂၅-၂၉ | ၁.၂ | ၇.၁ | ၂.၂ | ၈.၀ |
| **တိုင်းဒေသကြီး၊ ပြည်နယ်** | | | | |
| ကချင် | ၁.၃ | ၈.၆ | ၂.၂ | ၉.၅ |
| ကယား | ၀.၉ | ၂.၇ | ၃.၀ | ၄.၈ |
| ကရင် | ၀.၅ | ၄.၂ | ၀.၉ | ၄.၅ |
| ချင်း | ၁၃.၉ | ၂၅.၁ | ၂၀.၃ | ၃၁.၅ |
| စစ်ကိုင်း | ၀.၄ | ၄.၄ | ၀.၇ | ၄.၆ |
| တနင်္သာရီ | ၀.၀ | ၆.၅ | ၁.၂ | ၇.၇ |
| ပဲခူး | ၂.၂ | ၉.၈ | ၃.၄ | ၁၀.၉ |
| မကွေး | ၁.၃ | ၇.၂ | ၂.၀ | ၇.၉ |
| မန္တလေး | ၀.၄ | ၆.၂ | ၀.၅ | ၆.၃ |
| မွန် | ၁.၉ | ၁၄.၃ | ၈.၃ | ၁၉.၉ |
| ရခိုင် | ၃.၆ | ၁၄.၄ | ၇.၇ | ၁၈.၁ |
| ရန်ကုန် | ၂.၉ | ၆.၅ | ၄.၀ | ၇.၆ |
| ရှမ်း | ၀.၄ | ၅.၅ | ၂.၁ | ၇.၁ |
| ဧရာဝတီ | ၁.၀ | ၈.၇ | ၃.၁ | ၁၀.၆ |
| နေပြည်တော် | ၂.၇ | ၁၈.၇ | ၅.၈ | ၂၁.၄ |
| နမူနာလူငယ်ဦးရေ | ၂၇၂ | ၁,၂၉၁ | ၅၆၄ | ၁,၅၈၃ |

# အခန်း(၅)

# အလုပ်လက်ရှိလူငယ်များ၏ သွင်ပြင်လက္ခဏာများ

## ၅.၁ အလုပ်အကိုင် အခြေအနေ

လုပ်သားအင်အားစစ်တမ်းတွင် အသုံးပြုသော အလုပ်အကိုင်ဆိုင်ရာ ယူဆချက်သည် ပုံသေသတ်မှတ်ထားခြင်း မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများအပေါ်တွင် အခြေခံ သတ်မှတ်ပါသည်။ လုပ်သားအင်အားစစ်တမ်းအများစုတွင် လုပ်ခလစာရ အလုပ်အကိုင်၊ ကိုယ်ပိုင်လုပ်ငန်း၊ ကျပန်းလုပ်ငန်း အစရှိသော အလုပ်အကိုင်ဆိုင်ရာ အခြေအနေများသည် အလုပ်အကိုင်ကို သတ်မှတ်သော၊ ကွဲပြားသော အယူအဆများသာ ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်နေသူများကို ၎င်းတို့အလုပ်လုပ်ကိုင်သည့် အခြေအနေပေါ်မူတည်၍ ခွဲခြားနိုင်ပါသည်။ ထိုသို့ခွဲခြားရာတွင် အကြမ်းဖျင်းအားဖြင့် လုပ်ခ၊ လစာရ အလုပ်သမားနှင့် အလုပ်သင်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်ငွေကြေးဖြင့် လုပ်ငန်း လုပ်ကိုင်သူ) နှင့် အခကြေးငွေမရသော မိသားစုဝင်လုပ်သားဟူ၍ ခွဲခြားထားပါသည်။ မြန်မာ နိုင်ငံတွင် အလုပ်သင်လူငယ်ပါဝင်မှု ရာခိုင်နှုန်းသည် လွန်စွာနည်းပါးသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင် အုပ်စုကိုလည်း အနည်းငယ်သာတွေ့ရှိရပါသည်။ အဓိကတွေ့ရှိရသော အုပ်စု ၃ မျိုးမှာ အလုပ်သမားအုပ်စု၊ ကိုယ်ပိုင်ငွေကြေးဖြင့် လုပ်ငန်းလုပ်ကိုင်သူအုပ်စုနှင့် လုပ်ခမရသော မိသားစုဝင် အလုပ်သမား ဖြစ်ကြပါသည်။ စုစုပေါင်း လူငယ်ဦးရေ၏ ၄၈.၉ ရာခိုင်နှုန်းသည် အလုပ်သမားများ အဖြစ်လည်းကောင်း၊ ၃၁ ရာခိုင်နှုန်းသည် ကိုယ်ပိုင်ငွေကြေးဖြင့် လုပ်ငန်းလုပ်ကိုင်နေသူများအဖြစ်လည်းကောင်းတွေ့ရှိရပြီး ၁၈.၃ ရာခိုင်နှုန်းသည် အခကြေးငွေမရသော မိသားစုဝင်လုပ်သားများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အခကြေးငွေမရသော မိသားစုဝင် လုပ်သားများတွင် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းမှာ ၂၀.၅ ရာခိုင်နှုန်းဖြင့် အမျိုးသားများ၏ ပါဝင်မှုရာခိုင်နှုန်း ၁၆.၄ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားစွာ ပါဝင်သည်ကို တွေ့ရှိရပါသည်။

လုပ်ခ လစာရအလုပ်အကိုင် လုပ်ကိုင်မှုသည် မြို့ပြဒေသများတွင် ၆၁.၈ ရာခိုင်နှုန်းဖြင့် မြင့်မားစွာတွေ့ရှိရပြီး အခကြေးငွေမရသော မိသားစုဝင်လုပ်သားပါဝင်မှုသည် မြို့ပြဒေသများတွင် ၈.၃ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသတွင် အိမ်ထောင်စုပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သောကြောင့် အခကြေးငွေ မရသော မိသားစုဝင်လုပ်သားများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၂၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည် (ဇယား-၂၁)။

အမျိုးသမီး အလုပ်သမားများအကြား မိသားစုလုပ်ငန်းတွင် ပါဂင်လုပ်ကိုင်သူ ရာခိုင်နှုန်း မြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပါဝင်မှုနှုန်း နည်းပါး

ကြောင်း တွေ့ရှိရပါသည်။ ဤအချက်သည် လုပ်ငန်းပိုင်ဆိုင်မှုဖော်ပြသည့်အပိုင်းတွင် ကျား၊ မ ခွဲခြားမှုကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ဇယား -၂၁။ အလုပ်အကိုင်အခြေအနေအရ အလုပ်လက်ရှိလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်အကိုင်အမျိုးအစားဖြင့်အလုပ်လုပ်နေသောလူငယ်ရဲ့ပျံ့နှံ့မှု | | | | |
|---|---|---|---|---|---|
| | အလုပ်သမား | လစာရ အလုပ်သင် | အလုပ်ရှင် | ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | လစာမရသော မိသားစုဝင် အလုပ်သမား |
| ပြည်ထောင်စု | ၄၈.၉ | ၀.၇ | ၁.၂ | ၃၁.၀ | ၁၈.၃ |
| ကျား၊ မ | | | | | |
| ကျား | ၄၉.၃ | ၀.၇ | ၁.၆ | ၃၂.၁ | ၁၆.၄ |
| မ | ၄၈.၄ | ၀.၆ | ၀.၇ | ၂၉.၈ | ၂၀.၅ |
| အသက်အုပ်စု | | | | | |
| ၁၅-၁၉ | ၅၄.၂ | ၀.၇ | ၀.၂ | ၂၂.၃ | ၂၂.၆ |
| ၂၀-၂၄ | ၄၈.၉ | ၀.၈ | ၀.၉ | ၂၉.၈ | ၁၉.၇ |
| ၂၅-၂၉ | ၄၅.၁ | ၀.၅ | ၂.၁ | ၃၈.၂ | ၁၄.၀ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၆၁.၈ | ၁.၂ | ၁.၆ | ၂၇.၁ | ၈.၃ |
| ကျေးလက် | ၄၄.၀ | ၀.၄ | ၁.၀ | ၃၂.၅ | ၂၂.၀ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | |
| ကချင် | ၂၆.၈ | ၀.၁ | ၀.၈ | ၅၅.၆ | ၁၆.၆ |
| ကယား | ၄၁.၄ | ၀.၄ | ၀.၂ | ၄၀.၆ | ၁၇.၃ |
| ကရင် | ၃၅.၃ | ၀.၇ | ၀.၇ | ၃၃.၄ | ၂၉.၉ |
| ချင်း | ၂၀.၉ | ၀.၅ | ၀.၀ | ၆၈.၁ | ၁၀.၆ |
| စစ်ကိုင်း | ၄၂.၅ | ၀.၄ | ၀.၉ | ၂၇.၈ | ၂၈.၄ |
| တနင်္သာရီ | ၅၉.၄ | ၀.၆ | ၁.၀ | ၂၅.၅ | ၁၃.၅ |
| ပဲခူး | ၆၀.၃ | ၀.၃ | ၁.၀ | ၂၆.၈ | ၁၁.၅ |
| မကွေး | ၄၉.၀ | ၁.၀ | ၁.၂ | ၃၅.၇ | ၁၃.၁ |
| မန္တလေး | ၅၂.၆ | ၁.၃ | ၀.၆ | ၂၃.၉ | ၂၁.၆ |
| မွန် | ၄၈.၀ | ၀.၉ | ၀.၂ | ၃၃.၄ | ၁၇.၆ |
| ရခိုင် | ၃၇.၃ | ၁.၄ | ၁.၃ | ၄၁.၂ | ၁၈.၈ |
| ရန်ကုန် | ၆၃.၆ | ၀.၆ | ၂.၂ | ၂၄.၇ | ၈.၈ |
| ရှမ်း | ၂၅.၀ | ၀.၂ | ၁.၄ | ၄၅.၁ | ၂၈.၃ |
| ဧရာဝတီ | ၅၃.၇ | ၀.၈ | ၁.၁ | ၂၇.၈ | ၁၆.၆ |
| နေပြည်တော် | ၆၅.၃ | ၀.၁ | ၂.၀ | ၂၅.၆ | ၇.၀ |
| နမူနာလူငယ်အရေအတွက် | ၇,၂၁၃ | ၁၂၀ | ၁၅၇ | ၄,၈၉၇ | ၂,၈၀၈ |

ချင်းပြည်နယ်တွင် လုပ်ခလစာရအလုပ်သမားများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၂၅ ရာခိုင်နှုန်းအောက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။ လုပ်ခလစာရအလုပ်သမားများ၏ ပါဝင်မှုရာခိုင်နှုန်းသည် နေပြည်တော်တွင် ၆၅.၃ ရာခိုင်နှုန်း နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၆၃.၆ ရာခိုင်နှုန်း ဖြင့် မြင့်မားစွာပါဝင်နေပြီး အဆိုပါကိန်းဂဏန်းများသည် ယင်းဒေသများတွင်

မြို့ပြစီးပွားရေး သဘောသဘာဝများ မြင့်မားစွာပါဝင်နေကြောင်း ညွှန်ပြလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အခကြေးငွေမရသော မိသားစုဝင်လုပ်သားများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ကရင်ပြည်နယ်တွင် ၂၉.၉ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၈.၄ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၂၈.၃ ရာခိုင်နှုန်းတို့ဖြင့် မြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား အလုပ်အကိုင်အမျိုးအစားအလိုက် ကွဲပြားမှုအခြေအနေများကို တွေ့ရှိရမည်ဖြစ်ပါသည် (ဇယား-၂၁)။

အလုပ်လက်ရှိ လူငယ်များ၏ ၅၀ ရာခိုင်နှုန်းခန့်သည် အလုပ်သမားများဖြစ်ပြီး ၁.၂ ရာခိုင်နှုန်းသာ အလုပ်ရှင်များဖြစ်ကြောင်းတွေ့ရှိရသည့်အတွက် အလုပ်သမားများအနေဖြင့် မည်သည့်အလုပ်ရှင်များထံတွင် အလုပ်လုပ်နေကြောင်း ထောက်ပြလာနိုင်သည့် အကြောင်းတစ်ရပ်ပေါ်ပေါက်လာပါသည်။ အလုပ်သမားအများစုသည် အလုပ်ရှင်အများအပြားထံတွင် လုပ်ကိုင်နေကြသည့် ကျပန်းအလုပ်သမားများ ဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။

## ၅.၂ လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်သော လူငယ်များ၏ ပျံ့နှံ့မှု

အလုပ်လုပ်ကိုင်လျက်ရှိသော လူငယ်များ၏ ရာခိုင်နှုန်းတစ်ဝက်နီးပါး ၄၉.၉ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကျန်ရှိသော ၅၀ ရာခိုင်နှုန်းသည် စက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် လုပ်သားများစွာပါဝင်လုပ်ကိုင်နေသည်ကို ထင်ရှားစွာတွေ့ရှိရပြီး အဆိုပါလုပ်ငန်းကဏ္ဍသည် ကိုယ်ပိုင်ငွေကြေးဖြင့် လုပ်ငန်းလုပ်ကိုင်နေသူများ၊ အခကြေးငွေမရသော မိသားစုဝင်လုပ်သားများ ဝင်ရောက်လုပ်ကိုင်မှုများပြားသည့်အတွက် အလုပ်အကိုင်အရည်အသွေးကို အကျိုးသက်ရောက်စေပြီး ထုတ်လုပ်မှုစွမ်းအားနည်းသော ဖုံးကွယ်အလုပ်လက်မဲ့နှင့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့တို့ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ အဓိကအချက်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍသည် ထင်သာမြင်သာရှိသည့် အလုပ်လက်မဲ့နှင့် ထင်သာမြင်သာမရှိသည့် အလုပ်လက်မဲ့များကို ဖုံးကွယ်ထားနိုင်သည့် လုပ်ငန်းကဏ္ဍဖြစ်သည်ကို တွေ့ရှိရပါသည်။

ယူဆထားသည့်အတိုင်း ကျေးလက်ဒေသတွင် အလုပ်လက်ရှိလူငယ်များ၏ သုံးပုံနှစ်ပုံသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ကျား၊ မ အလိုက် ရာခိုင်နှုန်းကွာဟမှု မရှိသလောက်နည်းပါးကြောင်း တွေ့ရှိရပါသည်။ အသက်အုပ်စုအလိုက် နှိုင်းယှဉ်ဖော်ပြရာတွင် အသက် ၂၅ နှစ်နှင့် ၂၉ နှစ် အပိုင်းရှိ လူငယ်များသည် အခြားအသက်အရွယ်များရှိ လူငယ်များထက် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများတွင် ပိုမိုလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည် (ဇယား-၂၂)။

ဇယား-၂၂။ လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်သော လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | အလုပ်လက်ရှိလူငယ်များ၏ ရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | စိုက်ပျိုးရေး | စက်မှုလုပ်ငန်း | ဝန်ဆောင်မှု | စုစုပေါင်း |
| ပြည်ထောင်စု | ၄၉.၉ | ၂၀.၅ | ၂၉.၆ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၈.၈ | ၃၄.၉ | ၅၆.၃ | ၁၀၀.၀ |
| ကျေးလက် | ၆၅.၅ | ၁၅.၀ | ၁၉.၅ | ၁၀၀.၀ |
| ကျား၊ မ | | | | |
| ကျား | ၄၉.၄ | ၂၀.၃ | ၂၉.၃ | ၁၀၀.၀ |
| မ | ၅၀.၅ | ၁၉.၄ | ၃၀.၀ | ၁၀၀.၀ |
| အသက်အုပ်စု | | | | |
| ၁၅-၁၉ | ၅၅.၈ | ၂၁.၁ | ၂၃.၁ | ၁၀၀.၀ |
| ၂၀-၂၄ | ၄၈.၅ | ၂၁.၂ | ၃၀.၃ | ၁၀၀.၀ |
| ၂၅-၂၉ | ၄၇.၃ | ၁၉.၃ | ၃၃.၄ | ၁၀၀.၀ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | |
| ကချင် | ၅၁.၇ | ၂၂.၃ | ၂၆.၀ | ၁၀၀.၀ |
| ကယား | ၅၇.၆ | ၂၁.၅ | ၂၀.၉ | ၁၀၀.၀ |
| ကရင် | ၄၉.၂ | ၁၆.၀ | ၃၄.၈ | ၁၀၀.၀ |
| ချင်း | ၇၅.၁ | ၇.၁ | ၁၇.၇ | ၁၀၀.၀ |
| စစ်ကိုင်း | ၆၄.၀ | ၁၄.၉ | ၂၁.၁ | ၁၀၀.၀ |
| တနင်္သာရီ | ၂၆.၄ | ၂၅.၇ | ၄၇.၈ | ၁၀၀.၀ |
| ပဲခူး | ၅၈.၇ | ၁၇.၁ | ၂၄.၁ | ၁၀၀.၀ |
| မကွေး | ၆၄.၆ | ၁၃.၁ | ၂၂.၂ | ၁၀၀.၀ |
| မန္တလေး | ၄၁.၈ | ၂၅.၂ | ၃၃.၀ | ၁၀၀.၀ |
| မွန် | ၃၀.၇ | ၂၉.၁ | ၄၀.၃ | ၁၀၀.၀ |
| ရခိုင် | ၅၄.၉ | ၁၃.၅ | ၃၁.၆ | ၁၀၀.၀ |
| ရန်ကုန် | ၉.၀ | ၄၀.၅ | ၅၀.၅ | ၁၀၀.၀ |
| ရှမ်း | ၇၄.၆ | ၁၀.၅ | ၁၄.၉ | ၁၀၀.၀ |
| ဧရာဝတီ | ၆၁.၆ | ၁၂.၁ | ၂၆.၂ | ၁၀၀.၀ |
| နေပြည်တော် | ၄၀.၀ | ၂၇.၁ | ၃၂.၉ | ၁၀၀.၀ |

စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်သမားများပါဝင်မှုသည် ချင်းပြည်နယ်တွင် ၇၅.၁ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်တွင် ၇၄.၆ ရာခိုင်နှုန်း တို့ဖြင့် မြင့်မားစွာပါဝင်နေပြီး ကျေးလက်အဆင့်မြင့်မြို့ပြဒေသ ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတွင် ၉ ရာခိုင်နှုန်း ဖြင့် အလွန်နည်းပါးစွာပါဝင်ကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်လုပ်ကိုင်မှု နည်းပါးလျှင် စီးပွားရေးဖွံ့ဖြိုးသည်ဟု ယူဆရမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးကဲ့သို့ စိုက်ပျိုးရေးကဏ္ဍမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်မှုပိုမို ပါဝင်သော တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်သည်ဟု ယူဆနိုင်ပါ

သည်။ နေပြည်တော်ရှိ အလုပ်သမားဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

## ၅.၃ အလုပ်လက်ရှိ လူငယ်များ၏ အလုပ်အကိုင် ပျံ့နှံ့မှုနှုန်း

လုပ်ငန်းကဏ္ဍအလိုက်ဖော်ပြပြီးနောက် အလုပ်လက်ရှိလူငယ်များ၏ အလုပ်အကိုင်အမျိုးအစားအလိုက် ဖော်ပြထားပါသည် (ဇယား-၂၃)။ အလုပ်လက်ရှိလူငယ်များ၏ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းကျွမ်းကျင်လုပ်သားများဖြစ်ကြောင်း တွေ့ရှိရပြီး ၂၁ ရာခိုင်နှုန်းခန့်သည် ကျွမ်းကျင်မှုမလိုအပ်သော အခြေခံကျသည့် အလုပ်အကိုင်များကို လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ ကျွမ်းကျင်ပညာရှင် သို့မဟုတ် နည်းပညာရှင်များအဖြစ် ၄ ရာခိုင်နှုန်းခန့်သာ လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ အလုပ်အကိုင်အမျိုးအစားများအကြား ကျား၊ မ ကွာခြားချက် ကြီးမားစွာမရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား-၂၃။ အလုပ်အကိုင်အလိုက် အလုပ်လုပ်ကိုင်သော လူငယ်များ၏ ရာခိုင်နှုန်း (ISCO-2008)**

| အဓိကအလုပ်အကိုင်အုပ်စု | အလုပ်လုပ်ကိုင်နေသည့်လူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်း | | | အလုပ်လုပ်နေသော လူငယ်များ |
|---|---|---|---|---|
| | ကျား | မ | ဦးရေ | နမူနာ |
| မန်နေဂျာများ | ၀.၃ | ၀.၃ | ၀.၃ | ၄၇ |
| ကျွမ်းကျင်ပညာရှင်များ | ၁.၄ | ၄.၃ | ၂.၇ | ၅၅၈ |
| နည်းပညာနှင့် ဆက်စပ်ကျွမ်းကျင်ပညာရှင်များ | ၁.၇ | ၀.၉ | ၁.၄ | ၂၃၇ |
| ရုံးလုပ်ငန်း အထောက်အကူပြုလုပ်သား | ၁.၆ | ၂.၄ | ၂.၀ | ၃၉၁ |
| အရောင်းနှင့် ဝန်ဆောင်မှုအလုပ်သမား | ၉.၉ | ၁၇.၃ | ၁၃.၃ | ၂၁၁၆ |
| ကျွမ်းကျင်သော လယ်ယာ၊ သစ်တောနှင့်ငါးဖမ်းလုပ်သား | ၄၀.၅ | ၃၉.၁ | ၃၉.၉ | ၅၈၅၆ |
| လက်မှုပညာနှင့်ဆက်စပ်သည့်ကုန်သွယ်မှု အလုပ်သမား | ၁၅.၅ | ၁၄.၀ | ၁၄.၈ | ၂၂၁၀ |
| စက်ရုံနှင့် စက်ကိုင်၊ စက်တပ်ဆင်လုပ်သား | ၆.၇ | ၂.၀ | ၄.၆ | ၇၃၁ |
| အခြေခံအလုပ်အကိုင် လုပ်သူများ | ၂၂.၂ | ၁၉.၇ | ၂၁.၀ | ၂၉၁၉ |
| လက်နက်ကိုင် အဖွဲ့ဝင်များ | ၀.၂ | ၀.၀ | ၀.၁ | ၂၃ |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |

## ၅.၄ အလုပ်အကိုင်ဆိုင်ရာ အကျိုးခံစားခွင့်များ

ဇယား ၂၄ တွင် အလုပ်လက်ရှိလူငယ်များ၏ အလုပ်အကိုင်ဆိုင်ရာ အကျိုးခံစားခွင့်ရရှိမှု အခြေအနေကို ဖော်ပြထားပါသည်။ အလုပ်လက်ရှိလူငယ်များ၏ ရာခိုင်နှုန်းအနည်းငယ်သာလျှင် အလုပ်အကိုင်ဆိုင်ရာ အကျိုးခံစားခွင့်များရရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်ရှိ လူငယ်များ၏ ၉.၁ ရာခိုင်နှုန်းခန့်သာ ပင်စင် သို့မဟုတ် တစ်လုံးတစ်ခဲတည်းအကျိုးခံစားခွင့်ကို ရရှိကြောင်း တွေ့ရှိရပါသည်။ ခွင့်ခံစားမှုနှင့်စပ်လျဉ်း၍ လုပ်သက်ခွင့်ရရှိမှုသည် ၁၄.၇ ရာခိုင်နှုန်းသာရှိပြီး နာမကျန်းခွင့် သို့မဟုတ် မီးဖွားခွင့်ကဲ့သို့သော လစာရခွင့်များရရှိမှုသည် ၁၀ ရာခိုင်နှုန်း ဝန်းကျင်သာရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်လက်ရှိ လူငယ်များတွင် အလုပ်ရှင်များမှ တိုက်ရိုက်ဆေးကုသမှုပေးခြင်းသည် ၁၀.၆ ရာခိုင်နှုန်းနှင့် လူမှုဖူလုံရေးစီမံကိန်းမှ ကျန်းမာရေး စောင့်ရှောက်မှုလက်ခံရရှိခြင်းသည် ၈.၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အကျိုးခံစားခွင့် ရရှိမှုနှင့်စပ်လျဉ်း၍ မြို့ပြရှိ အလုပ်လက်ရှိလူငယ်များသည် ပိုမိုခံစားရသည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် အနည်းငယ် ပိုမိုခံစားခွင့်ရှိသည်ကို တွေ့ရှိရပါသည်။ အသက်ကြီးသူများနှင့် လူငယ်များကို နှိုင်းယှဉ်ကြည့်ပါက ပင်စင် (သို့) လုပ်သက်ဆုကြေး အတွက် ထောက်ပံ့မှုသည် အသက်ကြီးသူများတွင် ပိုမိုအကျိုးခံစားမှု ရရှိသည်ကို တွေ့ရှိရ ပါသည်။

ဇယား-၂၄။ လုပ်ခ၊ လစာရလူငယ်အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ အကျိုးခံစားမှုအလိုက် ရရှိသည့် ရာခိုင်နှုန်း

| နယ်ပယ် | အလုပ်လုပ်နေသော လူငယ်ရာခိုင်နှုန်း | | | | | | |
|---|---|---|---|---|---|---|---|
| | ပင်စင်(သို့) လုပ်သက် ဆုကြေး အတွက် ထောက်ပံ့မှု | လုပ် သက်ခွင့် | လစာရ နာမကျန်းခွင့် | | | အလုပ်ရှင်ထံမှရရှိသော ကျန်းမာရေး အကျိုးခံစားခွင့်များ | |
| | | | ဖျားနာ/ ထိခိုက် ဒဏ်ရာရ | မီးဖွားခွင့် | ဖျားနာ/ ထိခိုက်ဒဏ် ရာရနှင့် မီးဖွားခွင့် | လူမှုဖူလုံရေး အစီအစဉ်မှ | တိုက်ရိုက် အထောက် အပံ့ |
| ပြည်ထောင်စု | ၉.၁ | ၁၄.၇ | ၇.၉ | ၀.၆ | ၁၀.၂ | ၈.၄ | ၁၀.၆ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | |
| မြို့ပြ | ၁၃.၂ | ၂၄.၁ | ၁၅.၈ | ၁.၁ | ၁၅.၅ | ၁၄.၃ | ၂၀.၇ |
| ကျေးလက် | ၆.၉ | ၉.၆ | ၃.၇ | ၀.၄ | ၇.၄ | ၅.၂ | ၅.၂ |
| **ကျား၊ မ** | | | | | | | |
| ကျား | ၇.၁ | ၁၁.၀ | ၈.၇ | ၀.၄ | ၄.၆ | ၄.၇ | ၁၁.၀ |
| မ | ၁၁.၅ | ၁၉.၁ | ၇.၀ | ၀.၉ | ၁၇.၁ | ၁၂.၈ | ၁၀.၀ |
| **အသက်အုပ်စု** | | | | | | | |
| ၁၅-၁၉ | ၄.၀ | ၇.၇ | ၆.၀ | ၀.၆ | ၅.၅ | ၅.၈ | ၁၁.၃ |
| ၂၀-၂၄ | ၉.၈ | ၁၆.၈ | ၈.၉ | ၀.၆ | ၁၁.၆ | ၉.၆ | ၁၁.၀ |
| ၂၅-၂၉ | ၁၂.၅ | ၁၈.၀ | ၈.၄ | ၀.၇ | ၁၂.၆ | ၉.၁ | ၉.၆ |
| ၃၀နှင့် အထက် | ၁၅.၄ | ၁၈.၈ | ၈.၁ | ၀.၆ | ၁၃.၀ | ၈.၆ | ၈.၂ |

## ၅.၅ အလုပ်အကိုင်မှ ဝင်ငွေရရှိမှုအခြေအနေ

အလုပ်အကိုင်မှ ဝင်ငွေရရှိမှုအခြေအနေသည် အလုပ်အကိုင်အရည်အသွေးကို လေ့လာရန် အရေးကြီးသည့် ရှုထောင့်တစ်ခုဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် စနစ်ကျသည့် ငွေစာရင်း ထိန်းသိမ်းမှုများမရှိပါ ။ ထို့ကြောင့် ဝင်ငွေများကို လေ့လာရာတွင် လုပ်ခ၊ လစာရ အလုပ်သမားများ၏ ဝင်ငွေများသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေထက် ပိုမိုယုံကြည်မှုရှိပါသည်။ ထို့ပြင် နေ့စဉ်ဝင်ငွေရရှိမှုအခြေအနေကို လေ့လာရာတွင်လည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေရရှိမှုသည် အချိန်ကာလအတိအကျမရှိသည့်အတွက် လေ့လာရာ၌ ခက်ခဲသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ နေ့စဉ်ဝင်ငွေရရှိမှုအခြေအနေကို လုပ်ခလစာရ အလုပ်လုပ်ကိုင်သူများအတွက်သာ ဖော်ပြထားပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအတွက် လစဉ်ဝင်ငွေအဖြစ်သာ ဖော်ပြထားပါသည်။ ပျမ်းမျှ နေ့စဉ်/ လစဉ်ဝင်ငွေရရှိမှု အခြေအနေကို ကျပ်ထောင်ပေါင်းဖြင့် ဇယား-၂၅ တွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် လုပ်ခ၊ လစာရ အလုပ်သမားများ၏ ပျမ်းမျှနေ့စဉ်ဝင်ငွေသည် ၄,၄၀၀ ကျပ်ဖြစ်သည်ကိုတွေ့ရှိရပါသည်။ မြို့ပြအလုပ်သမားများ၏ ပျမ်းမျှနေ့စဉ်ဝင်ငွေသည် ကျေးလက်အလုပ်သမားများထက် ၁.၄ ဆမြင့်မားသည်ကို တွေ့ရှိရပါသည်။ ကျား-မ အချိုးမှာ ၁.၂၆ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အမျိုးသားအလုပ်သမားများ၏ ပျမ်းမျှဝင်ငွေမှာ ၄,၈၀၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားများ၏ ပျမ်းမျှနေ့စဉ်ဝင်ငွေရရှိမှုသည် ကျား၊ မ အကြား၊ မြို့ပြ၊ ကျေးလက်အကြား ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေကို ပျမ်းမျှတစ်လပုံစံဖြင့် ဖော်ပြထားရာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေသည် လုပ်ခလစာရ အလုပ်သမားများ၏ ဝင်ငွေထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေရရှိမှုသည် မြို့ပြ၊ ကျေးလက်အကြား သိသာသည့် ကွာခြားမှုမရှိသော်လည်း အမျိုးသား ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ဝင်ငွေသည် အမျိုးသမီးကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများထက် ၁၄ ရာခိုင်နှုန်းခန့် မြင့်မားသည်ကို တွေ့ရှိရပါသည်။

နေ့စဉ်ဝင်ငွေရရှိမှုသည် လုပ်ခလစာရ အလုပ်သမားများ၏ ပညာရေးအဆင့်နှင့် ဆက်စပ်မှုရှိနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးအဆင့်မရှိသူများ၏ နေ့စဉ်ဝင်ငွေမှာ ၃,၆၀၀ ကျပ်ဖြစ်ပြီး ဘွဲ့ရနှင့်အထက် အလုပ်သမားများ၏ နေ့စဉ်ဝင်ငွေမှာ ၆,၇၀၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျေးလက်နှင့် အမျိုးသမီး အလုပ်သမားများ၏ နေ့စဉ်ဝင်ငွေမှာမူ ပညာရေးအဆင့်တန်းတူရှိသော်လည်း နည်းပါးသည်ကို တွေ့ရှိရပါသည်။ ပညာရေးအဆင့်တိုင်းတွင် ကျေးလက်အလုပ်သမားများနှင့် မြို့ပြအလုပ်သမားများ နှိုင်းယှဉ်ရာတွင်လည်းကောင်း၊

အမျိုးသမီးနှင့် အမျိုးသား အလုပ်သမားနှိုင်းယှဉ်ရာတွင် လည်းကောင်း၊ လုပ်ခလစာသည် တူညီစွာ နည်းပါးကြောင်း တွေ့ရှိရပါသည်။ (ဇယား-၂၆)

**ဇယား-၂၅။ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ခ၊ လစာရ အလုပ်သမားများ၏ ပျမ်းမျှဝင်ငွေ**

| နယ်ပယ် | လုပ်ခ၊ လစာရ လူငယ်အလုပ်သမားများ၏ ပျမ်းမျှ *နေ့စဉ်* ဝင်ငွေ (,၀၀၀ ကျပ်) (လုပ်ခပေးချေမှုအားလုံးကို နေ့အဖြစ်ပြောင်းလဲ) | လစားအလုပ်သမားများ၏ တစ်လပျမ်းမျှဝင်ငွေ | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် လူငယ်များ၏ ပျမ်းမျှ *လစဉ်* ဝင်ငွေ (,၀၀၀ ကျပ်) |
|---|---|---|---|
| ပြည်ထောင်စု | ၄.၄ | ၁၁၈.၁ | ၁၁၈.၈ |
| မြို့ပြ | ၅.၄ | ၁၂၇.၁ | ၁၃၁.၅ |
| ကျေးလက် | ၃.၈ | ၁၀၆.၇ | ၁၁၃.၄ |
| ကျား | ၄.၈ | ၁၂၈.၅ | ၁၂၄.၂ |
| မ | ၃.၈ | ၁၀၈.၅ | ၁၀၉.၁ |

**ဇယား-၂၆။ ပညာရေးအဆင့်အလိုက် အဓိကအလုပ်အကိုင်မှ လုပ်ခ လစာရ လူငယ်အလုပ်သမားများ၏ ပျမ်းမျှ နေ့စဉ်ဝင်ငွေ**

| နယ်ပယ် | ပညာရေးအဆင့်အလိုက် လုပ်ခလစာရ လူငယ်အလုပ်သမားများ၏ ပျမ်းမျှနေ့စဉ်ဝင်ငွေ(,၀၀၀) | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ပညာ မတတ်သူ | မူလတန်း အောက် | မူလတန်း | အလယ် တန်း | အထက် တန်း | ဘွဲ့ကြို ဒီပလိုမာ | ဘွဲ့ရ/ ဘွဲ့လွန် | စုစုပေါင်း |
| ပြည်ထောင်စု | ၃.၆ | ၃.၄ | ၃.၉ | ၄.၆ | ၅.၇ | ၅.၂ | ၆.၇ | ၄.၄ |
| မြို့ပြ | ၄.၂ | ၃.၈ | ၅.၀ | ၅.၃ | ၆.၃ | ၅.၆ | ၇.၀ | ၅.၄ |
| ကျေးလက် | ၃.၅ | ၃.၃ | ၃.၅ | ၄.၀ | ၅.၁ | ၄.၈ | ၆.၃ | ၃.၈ |
| ကျား | ၄.၂ | ၃.၈ | ၄.၄ | ၅.၁ | ၆.၉ | ၅.၃ | ၇.၁ | ၄.၈ |
| မ | ၃.၀ | ၃.၀ | ၃.၃ | ၃.၉ | ၄.၀ | ၅.၂ | ၆.၅ | ၃.၈ |
| ၁၅-၁၉ | ၃.၅ | ၃.၀ | ၃.၆ | ၄.၁ | ၃.၉ | ၄.၁ | ၃.၇ | ၃.၆ |
| ၂၀-၂၄ | ၃.၄ | ၃.၆ | ၄.၀ | ၄.၈ | ၅.၀ | ၄.၉ | ၆.၇ | ၄.၅ |
| ၂၅-၂၉ | ၃.၈ | ၃.၈ | ၄.၁ | ၅.၀ | ၇.၅ | ၆.၁ | ၆.၇ | ၄.၉ |
| နမူနာလုပ်ခ လစာရ လူငယ်ဦးရေ | ၃၄၀ | ၁,၁၅၃ | ၂,၃၉၉ | ၁,၈၄၆ | ၆၂၉ | ၈၄ | ၈၇၈ | ၇,၃၂၉ |

## ၅.၆ အလုပ်ချိန်နာရီ

အလုပ်လက်ရှိလူငယ်များ၏ တစ်ပတ် ပျမ်းမျှ အလုပ်ချိန်သည် ၅၂ နာရီဖြစ်ပြီး တစ်ပတ် အလုပ်လုပ်ရက် ၆ ရက်အဖြစ် ယူဆမည်ဆိုပါက တစ်ရက်ပျမ်းမျှအလုပ်ချိန်သည် ၈.၅ နာရီရှိကြောင်းတွေ့ရှိရပါသည်။ အလုပ်လက်ရှိ လူငယ်များ၏ ၁၅.၂ ရာခိုင်နှုန်းသည် တစ်ပတ် အလုပ်ချိန်နာရီ ၄၀ထက်လျော့နည်း လုပ်ကိုင်နေရသည်ကို တွေ့ရှိရပါသည်။ ပျမ်းမျှတစ်ပတ် အလုပ်ချိန်နာရီသည် အုပ်စုအမျိုးမျိုး သို့မဟုတ် လုပ်ငန်းကဏ္ဍအမျိုးမျိုးအကြားတွင် အနည်းငယ်ကွဲပြားသည်ကို တွေ့ရှိရပါသည် (ဇယား-၂၇)။

အလုပ်လုပ်နေသူများ၏ လေးပုံ တစ်ပုံကျော်သည် တစ်ပတ်အလုပ်ချိန်နာရီ ၆၀ နှင့် အထက်လုပ်ကိုင်နေရသည်ကို တွေ့ရှိရပြီး ၆ ရာခိုင်နှုန်းကျော်ခန့်သည်သာ တစ်ပတ်အလုပ်ချိန် နာရီ ၃၀ အောက်လုပ်ကိုင်နေရသည်ကို တွေ့ရှိရပါသည်။ ၈၅ ရာခိုင်နှုန်းနီးပါးသည် တစ်ပတ် ပျမ်းမျှအလုပ်ချိန် ၄၀ နာရီအထက် လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ အသက်ငယ်သည့် အလုပ်သမားများပင်လျှင် အလုပ်ချိန်နာရီကြာရှည်စွာ လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်း အလုပ်ချိန်နာရီနှင့်စပ်လျဉ်း၍ ကွဲပြားခြားနားမှုမရှိကြောင်း တွေ့ရှိရပြီး အလုပ်အကိုင်အမျိုးအစားများအကြား၊ လုပ်ငန်းကဏ္ဍများအကြား ပျမ်းမျှအလုပ်ချိန်နာရီသည် ပြည်ထောင်စုအဆင့်တွင် ပျမ်းမျှအလုပ်ချိန်၅၂ နာရီခန့် ရှိသည်ကိုတွေ့ရှိရပါသည်။

**ဇယား-၂၇။ တစ်ပတ်အတွင်း ပုံမှန်အလုပ်ချိန်နာရီနှင့် ပျမ်းမျှတစ်ပတ်အလုပ်ချိန်အရ အလုပ်လုပ်သော လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | | ပျမ်းမျှ တစ်ပတ် အလုပ်ချိန် |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁ မှ ၉ | ၁၀ မှ ၁၉ | ၂၀ မှ ၂၉ | ၃၀ မှ ၃၉ | ၄၀ မှ ၄၉ | ၅၀ မှ ၅၉ | ၆၀+ | စုစုပေါင်း | |
| ပြည်ထောင်စု | | ၀.၇ | ၁.၄ | ၄.၁ | ၉.၀ | ၂၇.၇ | ၃၁.၃ | ၂၅.၈ | ၁၀၀.၀ | ၅၂.၀ |
| ကျား | | ၀.၇ | ၁.၂ | ၃.၃ | ၈.၂ | ၂၆.၈ | ၃၃.၅ | ၂၆.၃ | ၁၀၀.၀ | ၅၂.၇ |
| မ | | ၀.၈ | ၁.၆ | ၅.၀ | ၉.၉ | ၂၈.၈ | ၂၈.၇ | ၂၅.၂ | ၁၀၀.၀ | ၅၁.၁ |
| မြို့ပြ | | ၀.၈ | ၁.၄ | ၃.၄ | ၈.၀ | ၃၄.၉ | ၂၃.၇ | ၂၇.၉ | ၁၀၀.၀ | ၅၂.၄ |
| ကျေးလက် | | ၀.၇ | ၁.၄ | ၄.၄ | ၉.၄ | ၂၅.၀ | ၃၄.၂ | ၂၅.၀ | ၁၀၀.၀ | ၅၁.၈ |
| ၁၅-၁၉ | | ၀.၆ | ၁.၄ | ၃.၉ | ၈.၆ | ၂၇.၈ | ၃၂.၇ | ၂၅.၁ | ၁၀၀.၀ | ၅၂.၂ |
| ၂၀-၂၄ | | ၀.၆ | ၁.၄ | ၄.၃ | ၉.၃ | ၂၈.၂ | ၃၁.၁ | ၂၅.၁ | ၁၀၀.၀ | ၅၁.၈ |
| ၂၅-၂၉ | | ၁.၀ | ၁.၃ | ၄.၀ | ၉.၀ | ၂၇.၃ | ၃၀.၆ | ၂၆.၉ | ၁၀၀.၀ | ၅၂.၁ |
| အလုပ်သမား | စိုက်ပျိုးရေး | ၀.၃ | ၀.၆ | ၃.၅ | ၆.၀ | ၂၃.၄ | ၄၂.၅ | ၂၃.၇ | ၁၀၀.၀ | ၅၃.၂ |
| | စက်မှု | ၀.၆ | ၀.၄ | ၂.၀ | ၃.၅ | ၄၀.၇ | ၂၆.၄ | ၂၆.၄ | ၁၀၀.၀ | ၅၂.၆ |
| | ဝန်ဆောင်မှု | ၀.၃ | ၁.၄ | ၂.၈ | ၉.၁ | ၃၆.၈ | ၂၃.၅ | ၂၆.၂ | ၁၀၀.၀ | ၅၂.၁ |
| | စုစုပေါင်း | ၀.၄ | ၀.၈ | ၂.၈ | ၆.၄ | ၃၃.၄ | ၃၀.၉ | ၂၅.၄ | ၁၀၀.၀ | ၅၂.၆ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | စိုက်ပျိုးရေး | ၀.၈ | ၁.၇ | ၅.၂ | ၁၂.၂ | ၂၂.၇ | ၃၅.၅ | ၂၁.၉ | ၁၀၀.၀ | ၅၀.၆ |
| | စက်မှု | ၁.၂ | ၁.၂ | ၃.၉ | ၈.၄ | ၂၆.၄ | ၃၁.၂ | ၂၇.၈ | ၁၀၀.၀ | ၅၂.၁ |
| | ဝန်ဆောင်မှု | ၁.၉ | ၃.၀ | ၆.၅ | ၁၁.၁ | ၁၈.၆ | ၂၁.၆ | ၃၇.၃ | ၁၀၀.၀ | ၅၃.၁ |
| | စုစုပေါင်း | ၁.၁ | ၁.၉ | ၅.၄ | ၁၁.၅ | ၂၂.၁ | ၃၁.၈ | ၂၆.၂ | ၁၀၀.၀ | ၅၁.၄ |
| စုစုပေါင်းအလုပ်လက်ရှိ | စိုက်ပျိုးရေး | ၀.၆ | ၁.၃ | ၄.၆ | ၁၀.၁ | ၂၂.၉ | ၃၇.၉ | ၂၂.၅ | ၁၀၀.၀ | ၅၁.၅ |
| | စက်မှု | ၀.၇ | ၀.၆ | ၂.၅ | ၄.၈ | ၃၆.၉ | ၂၇.၇ | ၂၆.၈ | ၁၀၀.၀ | ၅၂.၅ |
| | ဝန်ဆောင်မှု | ၀.၉ | ၂.၀ | ၄.၃ | ၉.၉ | ၂၉.၅ | ၂၂.၇ | ၃၀.၇ | ၁၀၀.၀ | ၅၂.၅ |
| | စုစုပေါင်း | ၀.၇ | ၁.၄ | ၄.၁ | ၉.၀ | ၂၇.၇ | ၃၁.၃ | ၂၅.၈ | ၁၀၀.၀ | ၅၂.၀ |

## ၅.၇ လူငယ်အလုပ်သမားများအကြားယာယီအလုပ်အကိုင်၏ သဘာဝ

လူငယ် အလုပ်သမားများ၏ ထက်ဝက်ခန့်သည် စာချုပ်သက်တမ်း အကန့်အသတ် ရှိသည့် အလုပ်ကို လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ မြို့ပြ လူငယ် အလုပ်သမားများ၏ လေးပုံ တစ်ပုံခန့်သည် စာချုပ်သက်တမ်း အကန့်အသတ်ရှိသည့်အလုပ်ကို လုပ်ကိုင်နေကြပြီး

ကျေးလက် လူငယ်အလုပ်သမားများတွင် ၆၃ ရာခိုင်နှုန်းဖြင့် မြင့်မားစွာပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ကျား၊ မအကြား ကွာခြားမှုမှာ ကျဉ်းမြောင်းသည်ကို တွေ့ရှိရပါသည် (ဇယား-၂၈)။ အလုပ်လုပ်ကိုင်နေသော လူငယ်အသက်အုပ်စု ၁၅ နှစ်မှ ၁၉ နှစ် အကြားတွင် ယာယီ အလုပ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နေသူရာခိုင်နှုန်းမှာ ၅၅.၉ ရာခိုင်နှုန်းဖြစ်ပြီး အခြားအသက် အုပ်စုတွင် ပါဝင်မှုရာခိုင်နှုန်း ၄၇.၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားစွာပါဝင်နေကြောင်း တွေ့ရှိရပါသည်။

စာချုပ်သက်တမ်း ယာယီ သို့မဟုတ် အကန့်အသတ်ဖြစ်ရခြင်း၏ အဓိကအကြောင်း ပြချက်မှာ အလုပ်သည် နေ့စဉ် သို့မဟုတ် ပုတ်ပြတ် သို့မဟုတ် ကျပန်းအလုပ်များ ဖြစ်ခြင်း ကြောင့်ဖြစ်ပါသည်။ စာချုပ်သက်တမ်း ယာယီ သို့မဟုတ် အကန့်အသတ်ဖြင့် လုပ်ကိုင်နေသူ ၅၆.၇ ရာခိုင်နှုန်းသည် အဆိုပါအကြောင်းပြချက်များကြောင့်ဖြစ်ပြီး ၃၂.၈ ရာခိုင်နှုန်းသည် ရာသီချိန်အလုပ်များကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အခြားအကြောင်းပြချက်များဖြစ်ကြ သည့် အစမ်းခန့်ကာလဖြင့်လုပ်ကိုင်ခြင်း၊ အလုပ်ခွင်တွင်း သင်တန်းတက်ရောက်နေခြင်း၊ အစိုးရ အလုပ်အကိုင် အစီအစဉ်အရလုပ်ကိုင်ခြင်း စသည်တို့ကို အနည်းငယ်သာ တွေ့ရှိရပါသည်။

အထက်တွင်တွေ့ရှိရသည့်အတိုင်း ကျေးလက် အလုပ်သမားများတွင် ယာယီအလုပ် အကိုင်စာချုပ်ဖြင့် လုပ်ကိုင်မှုရာခိုင်နှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ အလုပ်အကိုင် စာချုပ် ယာယီ/ကန့်သတ်ရခြင်း အကြောင်းအရင်းများသည် မြို့ပြ၊ ကျေးလက် အလုပ်သမားများ အကြား ကွဲပြားမှုရှိသည်ကို တွေ့ရှိရပါသည်။ မြို့ပြလူငယ်အလုပ်သမားများ၏ အဓိက အကြောင်းပြချက်မှာ အလုပ်သင်လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းခွင်တွင်း သင်တန်းတက်ရောက်နေ ခြင်းတို့ဖြစ်ပြီး နှစ်မျိုးပေါင်းပါဝင်မှုမှာ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤသည်မှာ ကာလရှည် အလုပ်အကိုင်စာချုပ်ချုပ်ဆိုရန် ဖြစ်နိုင်ချေရှိသည့် အကြောင်းပြချက်ဖြစ်ပါသည်။ မြို့ပြအလုပ်သမားများ၏ ၇.၂ ရာခိုင်နှုန်းသာ ရာသီချိန်အလုပ်ဖြစ်၍ဟုသည့် အကြောင်းပြချက် ပေးသည်ကိုတွေ့ရှိရပါသည်။ သို့သော် အမျိုးသမီးလူငယ်များအနေဖြင့် ယာယီ အလုပ်အကိုင် စာချုပ်ချုပ်ဆိုခြင်းသည် ကျပန်းအလုပ် သို့မဟုတ် ရာသီချိန်အလုပ် ဖြစ်သောကြောင့် ဖြစ် ကြောင်း တွေ့ရှိရပါသည်။

ဇယား-၂၈။ အကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုရသည့်အကြောင်းအရင်းအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နေသည့် လူငယ် ရာခိုင်နှုန်း | အကြောင်းပြချက်အရ စာချုပ်သက်တမ်း အကန့်အသတ်ဖြင့် လုပ်ကိုင်နေသည့် လူငယ်အလုပ်သမား ရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | လုပ်ငန်းခွင်သင်တန်း အလုပ်သင်သင်တန်း | အစမ်းခန့်ကာလ | ရာသီချိန်အလုပ် | အခါအားလျော်စွာလုပ်ကိုင်မှု/ နေ့အလိုက်လုပ်ကိုင်မှု | အစိုးရအလုပ်အကိုင်အစီအစဉ် | ဝန်ဆောင်မှုတစ်ခု (သို့) သီးခြားအလုပ်တစ်ခုကို လုပ်ဆောင်ခြင်း | အခြားအကြောင်းအရင်း | စုစုပေါင်း |
| ပြည်ထောင်စု | ၄၉.၂ | ၃.၅ | ၂.၇ | ၃၂.၈ | ၅၆.၇ | ၂.၅ | ၁.၄ | ၀.၄ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | | |
| ကျား | ၅၀.၀ | ၃.၆ | ၂.၀ | ၃၀.၉ | ၆၀.၀ | ၁.၆ | ၁.၃ | ၀.၆ | ၁၀၀.၀ |
| မ | ၄၈.၃ | ၃.၄ | ၃.၅ | ၃၅.၂ | ၅၂.၇ | ၃.၅ | ၁.၄ | ၀.၁ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | | |
| မြို့ပြ | ၂၃.၉ | ၁၄.၀ | ၈.၁ | ၇.၂ | ၅၇.၆ | ၅.၉ | ၆.၀ | ၁.၀ | ၁၀၀.၀ |
| ကျေးလက် | ၆၂.၆ | ၁.၄ | ၁.၆ | ၃၈.၀ | ၅၆.၆ | ၁.၈ | ၀.၄ | ၀.၃ | ၁၀၀.၀ |
| အသက်အုပ်စု | | | | | | | | | |
| ၁၅-၁၉ | ၅၅.၉ | ၅.၅ | ၂.၁ | ၃၃.၆ | ၅၆.၄ | ၀.၆ | ၁.၂ | ၀.၆ | ၁၀၀.၀ |
| ၂၀-၂၄ | ၄၅.၈ | ၄.၁ | ၃.၆ | ၃၃.၃ | ၅၃.၈ | ၃.၃ | ၁.၅ | ၀.၄ | ၁၀၀.၀ |
| ၂၅-၂၉ | ၄၇.၅ | ၁.၁ | ၂.၂ | ၃၁.၆ | ၆၀.၀ | ၃.၃ | ၁.၅ | ၀.၂ | ၁၀၀.၀ |

## ၅.၈ အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/သင်တန်းတက်ရောက်ခြင်းမရှိသည့် လူငယ်များ

လူငယ်များကို ကျောင်းတက်နေသူ သို့မဟုတ် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်ရှာနေသူ (အလုပ်လက်မဲ့) များအဖြစ် ယူဆကြပါသည်။ အဆိုပါ အုပ်စုများတွင် ပါဝင်ခြင်းမရှိသော လူငယ်များကို "အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/သင်တန်းတက်ရောက်ခြင်းမရှိ" (Not in Employment or in Education/Training-NEET) ဟုသတ်မှတ်ပါသည်။ လူငယ်များ ၏ ၁၇ ရာခိုင်နှုန်းသည် အလုပ်မလုပ်၊ ကျောင်းမတတ်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။ NEET အုပ်စုထဲမှ အလုပ်လက်မဲ့နှင့် အလုပ်လုပ်ရန် အဆင်သင့် ဖြစ်နေသူများကို ဖယ်ထုတ်လိုက်ပါက ၁၆ ရာခိုင်နှုန်းရှိပြီး ၎င်းတို့သည် စီးပွားရေးနှင့် ပညာရေးတွင် ပါဝင်မှုမရှိသည့်အတွက် စီးပွားရေးအရ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် မပါဝင်သူများဖြစ်ကြပါသည်။ NEET ပါဝင်မှုကို ကျား၊ မ ခွဲခြား ကြည့်မည်ဆိုပါက အမျိုးသမီးများ၏ ပါဝင်မှုသည် ၂၅.၄ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားများ၏ ပါဝင်မှုမှာ ၇.၅ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ဤအချက်သည် အမျိုးသမီးများ၏ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်မှုအခြေအနေအရ ကျား၊ မ ခွဲခြားမှုကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသ၏ ပါဝင်မှုသည် မြို့ပြဒေသ၏ပါဝင်မှုထက် ၃ ရာခိုင်နှုန်းခန့် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

အသက်အုပ်စု ၃ စုတွင် NEET ၏ပါဝင်မှုအခြေအနေကိုလေ့လာကြည့်ရာတွင် အသက်အုပ်စု ၂၅-၂၉ နှစ်တွင် ပိုမိုပါဝင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပုံ-၁၀ တွင် ဤတွေ့ရှိချက်ကို သုံးသပ်ကြည့်ပါက ဤအသက်အုပ်စုတွင် အိမ်ထောင်ပြုထားသည့် အမျိုးသမီးများစွာ ပါဝင်နေခြင်းဖြစ်နိုင်ပြီး ၎င်းတို့သည် လုပ်သားဈေးကွက်အတွင်း ပါဝင်မှုမရှိသူများဖြစ်နိုင်ကြောင်း သုံးသပ်ရရှိပါသည်။ ၎င်းတို့အနေဖြင့် ကျောင်း/သင်တန်း ပြီးဆုံးပြီးသူများလည်း ဖြစ်နိုင်ပါသည် (ဇယား-၂၉)။

**ဇယား-၂၉။ လုပ်ငန်းခွင်ဝင်ရောက်မှုမရှိ၊ ကျောင်းတက်ရောက်ခြင်းမရှိသည့် လူငယ်ရာခိုင်နှုန်း**

| နယ်ပယ် | လူဦးရေတွင် NEET လူငယ် ပါဝင်မှု ရာခိုင်နှုန်း | အသက်အုပ်စုအလိုက် လူငယ်အလုပ်မရှိ ရာခိုင်နှုန်း ( နှစ်အလိုက်) | | |
|---|---|---|---|---|
| | | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ |
| ပြည်ထောင်စု | ၁၇.၁ | ၁၃.၆ | ၁၈.၂ | ၁၉.၈ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၁၉.၃ | ၁၃.၉ | ၂၁.၀ | ၂၃.၁ |
| ကျေးလက် | ၁၆.၁ | ၁၃.၄ | ၁၆.၉ | ၁၈.၃ |
| ကျား၊ မ | | | | |
| ကျား | ၇.၅ | ၉.၉ | ၇.၅ | ၄.၉ |
| မ | ၂၅.၄ | ၁၆.၉ | ၂၇.၄ | ၃၂.၇ |

**ပုံ-၁၀။ အလုပ်မရှိသည့်လူငယ်များ၏ အသက်အုပ်စုအလိုက် ပျံ့နှံ့မှုနှုန်း**




အမျိုးသားလူငယ်များတွင် အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/သင်တန်းတက်ရောက်ခြင်းမရှိသည့်ရာခိုင်နှုန်း ၏ပါဝင်မှုသည်အသက်ငယ်အုပ်စုတွင် ပိုမိုပါဝင်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများတွင်မူ အသက်ကြီးအုပ်စုတွင် ပိုမိုပါဝင်ကြောင်း တွေ့ရှိရပါသည်။ အသက်ငယ် အုပ်စုတွင် လက်ရှိကျောင်းတက်မှုနှုန်းကို နှိုင်းယှဉ်ရာတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုများသည်ကို တွေ့ရပြီး သက်ကြီးအုပ်စုတွင်မူ အိမ်မှုကိစ္စဆောင်ရွက်နေသောကြောင့် အမျိုးသမီး ရာခိုင်နှုန်း မြင့်မားသည်ကို တွေ့ရှိရပါသည်။ (ပုံ-၁၀)

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပါဝင်မှုအခြေအနေကို ပုံ-၁၁ တွင် ဖော်ပြထားပါသည်။ တနင်္သာရီတိုင်း ဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ လူငယ်လေးပုံ တစ်ပုံသည် ထိုင်းနိုင်ငံသို့သွားရောက်ကြပြီး အများစုသည် အမျိုးသမီးများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပုံ-၁၁။ အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/သင်တန်း တက်ရောက်ခြင်း မရှိသည့် လူငယ် (NEET)ရာခိုင်နှုန်း




## ၅.၉ အလုပ်အကိုင် အရည်အသွေး

မြန်မာနိုင်ငံရှိ အလုပ်လက်ရှိ လူငယ်များ၏ အလုပ်အပေါ် ကျေနပ်မှုအဆင့်သည် မြင့်မားသည်ကိုတွေ့ရှိရပြီး ၎င်းသည် ကူးပြောင်းမှုအဆင့်အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အလုပ်လက်ရှိလူငယ်များ၏ ၉၅ ရာခိုင်နှုန်းသည် ၎င်းတို့၏လက်ရှိအလုပ်အပေါ် အလွန်ကျေနပ်ကြသူ သို့မဟုတ် အနည်းငယ်ကျေနပ်သူများ ဖြစ်သည်ကိုတွေ့ရှိရပါသည်။ မြို့ပြဒေသများရှိ အလုပ်လက်ရှိလူငယ်များ၏ အလုပ်အပေါ် အလွန်ကျေနပ်မှုသည် မြင့်မားသည်ကိုတွေ့ရှိရပါသည်။ အလုပ်အပေါ် ကျေနပ်မှုအခြေအနေနှင့်စပ်လျဉ်း၍ ကျား၊ မ အကြား ကြီးမားသည့်ကွာခြားမှု မရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်အပေါ် ကျေနပ်မှုအဆင့်သည် ပညာရေးအဆင့် မြင့်မားလာသည်နှင့်အမျှ မြင့်မားမှုရှိသည်ကို တွေ့ရှိရပါသည်။ ဘွဲ့ရနှင့်အထက် အလုပ်လက်ရှိများ၏ အလုပ်အပေါ် "အနည်းငယ်ကျေနပ်" မှုသည် ၃၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူ အလုပ်လက်ရှိများတွင် အလုပ်အပေါ် "အလွန်ကျေနပ်" သူရာခိုင်နှုန်းမှာ ၃၅.၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည် (ဇယား-၃၀)။ အလုပ်အပေါ် ကျေနပ်မှုသည် သမရိုးကျ သို့မဟုတ် သမရိုးကျမဟုတ်သော သဘောသဘာဝအကြား ကြီးမားသည့် ခြားနားမှုကို မတွေ့ရှိရသည့်အတွက် ၎င်းအပေါ် တည်မှီနေခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

ဇယား-၃၀။ မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် ပညာရေးအခြေအနေအလိုက်အလုပ်လက်ရှိလူငယ်များ၏ အလုပ်အကိုင်အပေါ် စိတ် ကျေနပ်မှု ရာခိုင်နှုန်း

| နယ်ပယ် | အလုပ်လက်ရှိလူငယ်များ၏ အလုပ်အကိုင်အပေါ်စိတ်ကျေနပ်မှု ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | အလွန် ကျေနပ် | အနည်းငယ် ကျေနပ် | အနည်းငယ် မကျေနပ် | အလွန် မကျေနပ် | စုစုပေါင်း |
| ပြည်ထောင်စု | ၄၄.၇ | ၅၀.၈ | ၄.၀ | ၀.၅ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၅၂.၇ | ၄၄.၀ | ၂.၈ | ၀.၅ | ၁၀၀.၀ |
| ကျေးလက် | ၄၁.၇ | ၅၃.၃ | ၄.၄ | ၀.၅ | ၁၀၀.၀ |
| ကျား/မ | | | | | |
| ကျား | ၄၃.၉ | ၅၁.၁ | ၄.၅ | ၀.၆ | ၁၀၀.၀ |
| မ | ၄၅.၈ | ၅၀.၃ | ၃.၄ | ၀.၅ | ၁၀၀.၀ |
| ပညာရေးအခြေအနေ | | | | | |
| စာမတတ်သူ | ၃၅.၅ | ၅၉.၀ | ၄.၇ | ၀.၉ | ၁၀၀.၀ |
| မူလတန်းအောက် | ၄၂.၈ | ၅၃.၁ | ၃.၂ | ၀.၉ | ၁၀၀.၀ |
| မူလတန်း | ၄၀.၄ | ၅၄.၂ | ၄.၉ | ၀.၅ | ၁၀၀.၀ |
| အလယ်တန်း | ၄၆.၉ | ၄၈.၇ | ၃.၉ | ၀.၅ | ၁၀၀.၀ |
| အထက်တန်း | ၄၆.၆ | ၄၉.၅ | ၃.၆ | ၀.၃ | ၁၀၀.၀ |
| ဘွဲ့ကြို/ဒီပလိုမာ | ၅၃.၃ | ၄၆.၃ | ၀.၄ | ၀.၀ | ၁၀၀.၀ |
| ဘွဲ့ရနှင့်အထက် | ၆၇.၁ | ၃၀.၇ | ၁.၈ | ၀.၃ | ၁၀၀.၀ |
| အလုပ်အကိုင်ကဏ္ဍ | | | | | |
| သမရိုးကျ | ၄၈.၈ | ၄၇.၅ | ၂.၈ | ၀.၉ | ၁၀၀.၀ |
| သမရိုးကျမဟုတ်သော | ၄၄.၁ | ၅၁.၃ | ၄.၂ | ၀.၅ | ၁၀၀.၀ |

## ၅.၁၀. အလုပ်ပြောင်းရွှေ့ရန်ရွေးချယ်ခွင့်

အလုပ်လုပ်ကိုင်နေသူအများစုသည် အထူးသဖြင့် ၎င်းတို့၏အလုပ်ကို ကျေနပ်မှုမရှိသောကြောင့် ၎င်းတို့၏ အလုပ်ကိုပြောင်းရွှေ့လိုကြပါသည်။ အလုပ်လုပ်ကိုင်နေသူ ၂၂.၆ ရာခိုင်နှုန်းသည် အကြောင်းပြချက်အမျိုးမျိုးတို့ဖြင့် ၎င်းတို့၏အလုပ်ကိုပြောင်းလဲလိုကြောင်း တွေ့ရှိရပါသည်။ အဓိကအကြောင်းပြချက်မှာ အလုပ်သည် ယာယီအလုပ်ဖြစ်ခြင်း၊ လစာရရှိမှု အပေါ်ကျေနပ်မှုမရှိခြင်း၊ ၎င်းတို့၏ ကျွမ်းကျင်မှုနှင့်မကိုက်ညီခြင်း၊ အလုပ်နေရာ ပြောင်းရွှေ့လိုခြင်း၊ အလုပ်သည်လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် အလုပ်လုပ်ရသည့်အခြေအနေ တိုးတက်ကောင်းမွန်လိုခြင်း စသည်တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လက်ရှိအလုပ်ပြောင်းရွှေ့လိုခြင်း၏ အဓိကအကြောင်းပြချက်မှာ လစာရရှိမှု နည်းပါးခြင်း (၄၂.၅ ရာခိုင်နှုန်း) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ လက်ရှိ လုပ်ငန်းခွင်အခြေအနေ တိုးတက်လိုခြင်းသည် ဒုတိယအများဆုံး (၃၁.၇ ရာခိုင်နှုန်း) ဖြစ်ပြီး ယာယီအလုပ်ဖြစ်ခြင်း နှင့် လုပ်ငန်းလုံခြုံမှုမရှိခြင်းသည် ၁၆.၅ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အခြားအကြောင်းပြချက်

များဖြစ်သည့် ကျွမ်းကျင်မှုနှင့် ကိုက်ညီမှုမရှိခြင်း၊ အလုပ်နေရာပြောင်းရွှေ့လိုခြင်း၊ အလုပ်နေရာသို့သွားရန် အဆင်မပြေခြင်းနှင့် အလုပ်ချိန်လျော့နည်းလုပ်လိုခြင်းဆိုသည့် အကြောင်းပြချက်များကို အလွန်နည်းပါးစွာ တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက်နှင့် ကျား၊ မ အကြား ကွာခြားမှုကြီးမားစွာမရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား ၃၁။ အကြောင်းပြချက်အလိုက် အလုပ်ပြောင်းရွှေ့လိုသော အလုပ်လက်ရှိလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | လက်ရှိအလုပ်သည် ယာယီအလုပ်/လုံခြုံမှုမရှိသည့်အလုပ်ဖြစ်ခြင်း | လက်ရှိအလုပ်၏ လုပ်ခ၊ လစာ နည်းပါးခြင်း | ကျွမ်းကျင်မှုပိုမို အသုံးချလိုခြင်း | အလုပ်နေရာ ပြောင်းရွှေ့လိုခြင်း | အလုပ်အကိုင် လုံခြုံမှုရှိလိုခြင်း | လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်လိုခြင်း | အခြား |
|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၁၆.၅** | **၄၂.၅** | **၁.၂** | **၁.၆** | **၄.၂** | **၃၀.၇** | **၂.၃** |
| မြို့ပြ | ၁၃.၁ | ၄၈.၉ | ၂.၇ | ၁.၄ | ၆.၆ | ၂၄.၂ | ၃.၁ |
| ကျေးလက် | ၁၇.၅ | ၄၀.၆ | ၀.၈ | ၁.၇ | ၃.၅ | ၃၃.၉ | ၂.၀ |
| ကျား | ၁၈.၃ | ၄၁.၁ | ၁.၂ | ၁.၅ | ၄.၃ | ၃၀.၄ | ၂.၁ |
| မ | ၁၄.၁ | ၄၄.၄ | ၁.၄ | ၁.၈ | ၄.၁ | ၃၂.၀ | ၂.၂ |
| ၁၅-၁၉ | ၁၈.၃ | ၄၂.၂ | ၀.၉ | ၁.၇ | ၃.၇ | ၃၀.၇ | ၁.၅ |
| ၂၀-၂၄ | ၁၆.၀ | ၄၂.၆ | ၁.၄ | ၁.၄ | ၄.၂ | ၃၂.၀ | ၂.၆ |
| ၂၅-၂၉ | ၁၅.၆ | ၄၂.၇ | ၁.၄ | ၁.၈ | ၄.၇ | ၃၀.၂ | ၂.၅ |

မှတ်ချက်။ နမူနာအရေအတွက် ၂၅ ဦးနှင့်အောက် လျော့နည်းဖြေကြားသော အကြောင်းပြချက်များကို အခြားအဖြစ် စုစည်းဖော်ပြထားပါသည်။ ယင်းတို့မှာ အလုပ်ချိန်ပိုမိုလုပ်ကိုင်လိုခြင်း၊ အလုပ်နေရာသို့သွားရန်အဆင်မပြေခြင်း၊ အလုပ်ချိန်နာရီလျော့နည်းလုပ်ကိုင်လိုခြင်းနှင့် အခြားတို့ ဖြစ်ပါသည်။

# အခန်း (၆)

# လူငယ်များ၏ အကူးအပြောင်းအခြေအနေ

## ၆.၁ လူငယ်များ၏ အကူးအပြောင်းအဆင့်များ

အလုပ်အကိုင်၏ အရည်အသွေးကို ဆုံးဖြတ်ရာတွင် အချက်တစ်ခုချင်းစီအလိုက် သုံးသပ်ကြပါသည်။ ဝိသေသလက္ခဏာများကို တစ်ခုချင်းစီအလိုက်လေ့လာ၍ "သင့်လျော်ကောင်းမွန်သည့်အလုပ်" ၏ အခြေခံသတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိသည့် စီးပွားရေး လုပ်ငန်းများတွင် တည်ငြိမ်သည့် အလုပ်အကိုင်ရရှိမှုကို ဆုံးဖြတ်ပါသည်။ ကျောင်းတက်ရောက်မှုအပြီး လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သည့်အချိန်သည် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းအခြေအနေကို လေ့လာသည့် အဆင့်ဖြစ်ပါသည်။ သို့ဖြစ်သည့်အတွက် လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းအခြေအနေကို လေ့လာရာတွင် အလုပ်အကိုင် အရည်အသွေးကို လေ့လာမှုအသစ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားလာခြင်း ဖြစ်ပါသည်။

အစီရင်ခံစာ၏ အစတွင်ဖော်ပြခဲ့သည့်အတိုင်း လူတစ်ဦးသည် လုံခြုံစိတ်ချရမှု (ဥပမာ-စာချုပ်သက်တမ်းရှည်ဖြင့်) ရှိပြီး အတည်တကျရှိသည့်အလုပ် သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့်အလုပ်ကို မရရှိသေးသည့်တိုင် "ကူးပြောင်းပြီး" ဟုမဆိုနိုင်ပါ။ သို့ဖြစ်၍ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းအခြေအနေဆိုသည်မှာ အသက် ၁၅ နှစ်မှ ၂၉ အကြား လူငယ်များ၏ ကျောင်းတက်ရောက်မှုအပြီး ပထမဆုံး အတည်တကျရှိသည့် သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် အလုပ်အကိုင်ကို ရရှိသည့်အခြေအနေကို ဆိုလိုပါသည်။ အမျိုးမျိုးသော လုပ်သားဈေးကွက် အခြေအနေများကို အောက်ပါအကူးအပြောင်းအဆင့် (၃) ခုအရ ခွဲခြားသတ်မှတ်ပါသည်။

**ကူးပြောင်းပြီး** ဟုဆိုရာတွင် လူငယ်များသည် အလုပ်အကိုင်အတည်တကျရှိပြီး ကျေနပ်မှုရှိသည့်အလုပ် သို့မဟုတ် အတည်တကျရှိပြီး ကျေနပ်မှုမရှိသည့်အလုပ် သို့မဟုတ် ယာယီဖြစ်သော်လည်း စိတ်ကျေနပ်မှုရှိသည့်အလုပ် သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ကိုဆိုလိုပါသည်။

**ကူးပြောင်းဆဲ** ဟုဆိုရာတွင် လူငယ်များသည် စိတ်ကျေနပ်မှုမရှိသည့် ယာယီ အလုပ် သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ သဘောတူစာချုပ်မရှိသည့် လုပ်ခ လစာရအလုပ် သို့မဟုတ် စိတ်ကျေနပ်မှုမရှိသည့် ကိုယ်ပိုင်အလုပ် သို့မဟုတ် စိတ်ကျေနပ်မှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အခကြေးငွေမရသည့် မိသားစု လုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူ များအဖြစ် လုပ်ကိုင်နေသူများ သို့မဟုတ် အလုပ်လက်မဲ့ သို့မဟုတ် လုပ်သားအင်အားပြင်ပတွင်ရှိပြီး ကျောင်းမတက် အလုပ်မရှာသော်လည်း အလုပ်လုပ်ရန် ဆန္ဒရှိသူများကို ဆိုလိုပါသည်။

**အကူးအပြောင်းမစတင်** ဆိုသည်မှာ ကျန်လူငယ်များဖြစ်ကြသည့် ကျောင်းတက်နေသော သို့မဟုတ် အလုပ်မရှာ သို့မဟုတ် ကျောင်းမတက် သို့မဟုတ် အလုပ်မရှာလိုသော လူငယ်များ ဖြစ်ကြပါသည်။

စစ်တမ်း၏ရလဒ်အရ မြန်မာနိုင်ငံရှိ အသက်အုပ်စု ၁၅ နှစ်မှ ၂၉ နှစ်အကြား လူငယ်များ၏ အလုပ်လုပ်သူပါဝင်မှုရာခိုင်နှုန်းမှာ ၆၄.၄ ရာခိုင်နှုန်းဖြစ်ပါသည်။ စစ်တမ်းအရ လူငယ်များ၏ ၄၉.၈ ရာခိုင်နှုန်းသည် ကူးပြောင်းပြီး လူငယ်များဖြစ်ကြပြီး ၂၀ ရာခိုင်နှုန်းမှာ ကူးပြောင်းဆဲ လူငယ်များ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျန်ရှိနေသော ၃၀ ရာခိုင်နှုန်းမှာ အကူးအပြောင်းမစတင်သည့် လူငယ်များဖြစ်ကြကြောင်း တွေ့ရှိရပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ကျား၊ မနှင့် မြို့ပြ၊ ကျေးလက် လူငယ် များအကြား ကူးပြောင်းပြီးလူငယ်များ၏ ပါဝင်မှုမှာကွဲပြားသည်ကို တွေ့ရှိရပါသည် (ပုံ-၁၂)။ ကူးပြောင်းပြီးလူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းသည် မန္တလေးတိုင်းဒေသကြီးတွင် ၆၀.၉ ရာခိုင်နှုန်းဖြင့် အမြင့်မားဆုံးဖြစ်ပြီး နေပြည်တော်တွင် ၅၉.၅ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၅၇.၄ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၂.၉ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည် (ဇယား-၃၂)။

ပုံ -၁၂။ လူငယ်များ၏ အကူးအပြောင်းအဆင့်အလိုက် ပျံ့နှံ့မှုနှုန်း




**ဇယား -၃၂။ အကူးအပြောင်းအဆင့်ဆင့်မှာရှိသော လူငယ်များ၏လူဦးရေ ဖြန့်ကျက်မှုရာခိုင်နှုန်း**

| နယ်ပယ် | လူငယ်များ၏ အကူးအပြောင်းအဆင့်အလိုက် ရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | ကူးပြောင်းပြီး | ကူးပြောင်းဆဲ | မကူးပြောင်းခင် | စုစုပေါင်း |
| ပြည်ထောင်စု | ၄၉.၈ | ၂၀.၁ | ၃၀.၁ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၄၂.၂ | ၂၂.၈ | ၃၅.၀ | ၁၀၀.၀ |
| ကျေးလက် | ၅၃.၂ | ၁၈.၉ | ၂၇.၉ | ၁၀၀.၀ |

| နယ်ပယ် | လူငယ်များ၏ အကူးအပြောင်းအဆင့်အလိုက် ရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | ကူးပြောင်းပြီး | ကူးပြောင်းဆဲ | မကူးပြောင်းခင် | စုစုပေါင်း |
| **ကျား/မ** | | | | |
| ကျား | ၅၆.၉ | ၁၁.၁ | ၃၁.၉ | ၁၀၀.၀ |
| မ | ၄၃.၅ | ၂၈.၀ | ၂၈.၅ | ၁၀၀.၀ |
| **တိုင်းဒေသကြီး/ ပြည်နယ်** | | | | |
| ကချင် | ၄၅.၉ | ၂၄.၀ | ၃၀.၁ | ၁၀၀.၀ |
| ကယား | ၅၆.၈ | ၂၀.၆ | ၂၂.၅ | ၁၀၀.၀ |
| ကရင် | ၅၂.၃ | ၂၄.၄ | ၂၃.၂ | ၁၀၀.၀ |
| ချင်း | ၃၆.၈ | ၃၃.၆ | ၂၉.၆ | ၁၀၀.၀ |
| စစ်ကိုင်း | ၅၃.၈ | ၁၅.၂ | ၃၁.၀ | ၁၀၀.၀ |
| တနင်္သာရီ | ၃၂.၉ | ၂၇.၉ | ၃၉.၂ | ၁၀၀.၀ |
| ပဲခူး | ၅၃.၅ | ၁၇.၇ | ၂၈.၈ | ၁၀၀.၀ |
| မကွေး | ၅၄.၉ | ၁၅.၉ | ၂၉.၂ | ၁၀၀.၀ |
| မန္တလေး | ၆၀.၉ | ၁၅.၂ | ၂၃.၉ | ၁၀၀.၀ |
| မွန် | ၃၉.၉ | ၂၈.၃ | ၃၁.၇ | ၁၀၀.၀ |
| ရခိုင် | ၃၅.၇ | ၂၈.၈ | ၃၅.၅ | ၁၀၀.၀ |
| ရန်ကုန် | ၄၃.၂ | ၂၃.၄ | ၃၃.၄ | ၁၀၀.၀ |
| ရှမ်း | ၅၇.၄ | ၁၃.၅ | ၂၉.၀ | ၁၀၀.၀ |
| ဧရာဝတီ | ၄၁.၀ | ၂၆.၂ | ၃၂.၈ | ၁၀၀.၀ |
| နေပြည်တော် | ၅၉.၅ | ၁၇.၃ | ၂၃.၂ | ၁၀၀.၀ |

## ၆.၂ ပညာရေးနှင့် အကူးအပြောင်း

ဤစစ်တမ်းတွင် ပညာရေးနှင့် ကူးပြောင်းပြီးအခြေအနေအကြား ဆက်စပ်မှုကို ဖော်ပြနိုင်ခြင်းမရှိပါ။ ဘွဲ့ရနှင့်အထက် လူငယ်များအနေဖြင့် လက်ရှိတွင် ပညာသင်ကြားနေခြင်းမရှိဘဲ လုပ်သားဈေးကွက်အတွင်း ဝင်ရောက်နေသူများ ဖြစ်နိုင်ပါသည်။ ထိုကဲ့သို့သော လူငယ်များ၏ ၅၈.၂ ရာခိုင်နှုန်းသည် ကူးပြောင်းပြီး လူငယ်များဖြစ်ကြပြီး ၂၃.၈ ရာခိုင်နှုန်းသည် ကူးပြောင်းဆဲ လူငယ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုနည်းတူ အသက် ၁၅ နှစ်နှင့် ၂၉ နှစ်ကြား လူငယ်များတွင် မူလတန်းအဆင့်နှင့်အောက်ရှိသူများအနေဖြင့် ၎င်းတို့၏ ပညာရေးကို ဆက်လက်သင်ကြားခြင်းမရှိသူများအဖြစ် ယူဆနိုင်ပါသည်။ ထိုသို့သော လူငယ်များ၏ ၅၈.၆ ရာခိုင်နှုန်းသည် ကူးပြောင်းပြီး လူငယ်များအဖြစ်တွေ့ရှိရပြီး ကျန် ၅၂.၅ ရာခိုင်နှုန်းတွင် ၂၂ ရာခိုင်နှုန်းသည် ကူးပြောင်းဆဲ လူငယ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာတတ်များ၏ ကူးပြောင်းပြီးသူရာခိုင်နှုန်းနှင့် ပညာမတတ်သူများ၏ ကူးပြောင်းပြီးသူ ရာခိုင်နှုန်းတို့သည် မြင့်မားသည်ကို တွေ့ရှိရပါသည်။

ပညာမတတ်သော လူငယ်များ၏ ကူးပြောင်းဆဲ ရာခိုင်နှုန်းမှာ ၄၇ ရာခိုင်နှုန်းသာရှိပြီး အခြား ၂ ရာခိုင်နှုန်းသာ ကူးပြောင်းဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်တန်းနှင့်

အထက်တန်းပညာအဆင့်ရှိ လူငယ်များ၏ ကူးပြောင်းပြီးရာခိုင်နှုန်းမှာ နည်းပါးသည်ကို တွေ့ရှိရပြီး ထိုသို့နည်းပါးရခြင်းမှာ ၎င်းတို့အနေဖြင့် ကျောင်းပညာဆက်လက်သင်ကြားနေသူများဖြစ်၍ အကူးအပြောင်းမစတင်သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင် ငယ်ရွယ်သော မိခင်များကဲ့သို့သော ကျောင်းတက်ရောက်ခြင်းမရှိသော လူငယ်များအဖြစ် တည်ရှိနေကြသည်။

အခြားတစ်ဖက်တွင်မူ စာတတ်မြောက်မှုမရှိသော လူငယ်များ၏ အကူးအပြောင်းမစတင်ရသေးသည့် ရာခိုင်နှုန်းနှင့် လုပ်သားအင်အားပြင်ပရောက်နေသူ (ဆိုလိုသည်မှာ လူငယ်မိခင်) ရာခိုင်နှုန်းသည် မြင့်မားသည်ကိုတွေ့ရှိရပါသည်။ ပညာရေးအဆင့် ကောင်းမွန်လာသည်နှင့်အမျှ အကူးအပြောင်းပုံစံ ပြောင်းလဲလာသည်ကို တွေ့ရှိရပါသည်။ (ဇယား-၃၃)

သက်မွေးပညာလက်မှတ်ရနှင့် ဘွဲ့ကြိုဒီပလိုမာရရှိသူ လူငယ်များ၏ ပါဝင်မှုသည် နည်းပါးပြီး စစ်တမ်းအရ အဆိုပါလူငယ်များတွင် အကူးအပြောင်းမစတင်သူပါဝင်မှု အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဇယား-၃၃။ ပညာရေးအဆင့်ပေါ် မူတည်၍ လူငယ်များ အကူးအပြောင်းအခြေအန ပုံနှံ့မှု အချိုးအစား**

| ပညာရေးအဆင့် | အကူးအပြောင်းအခြေအနေတွင် လူငယ်များ၏ အချိုးအစား | | |
|---|---|---|---|
| | ကူးပြောင်းပြီး | ကူးပြောင်းဆဲ | ကူးပြောင်းဖို့စတင် |
| **ပြည်ထောင်စု** | **၄၉.၈** | **၂၀.၁** | **၃၀.၁** |
| စာမတတ်သူ | ၄၇.၀ | ၁.၉ | ၅၁.၂ |
| ပထမအဆင့်အောက် | ၅၈.၆ | ၂၂.၅ | ၁၈.၉ |
| ပထမအဆင့် | ၅၂.၅ | ၂၂.၂ | ၂၅.၃ |
| အလယ် | ၄၅.၆ | ၁၉.၄ | ၃၅.၀ |
| အထက်တန်းကျောင်း | ၄၅.၃ | ၂၃.၅ | ၃၁.၁ |
| ဒီပလိုမာဘွဲ့ | ၁၆.၄ | ၈.၂ | ၇၅.၄ |
| ဘွဲ့ရနှင့် ဘွဲ့လွန် | ၅၈.၂ | ၂၃.၈ | ၁၈.၀ |

## ၆.၃ ကူးပြောင်းပြီး အခြေအနေ

အထက်တွင်ဖော်ပြထားသည့်အတိုင်း လူငယ်များ၏ ၄၉.၈ ရာခိုင်နှုန်းသည် ကူးပြောင်းပြီးသူများ ဖြစ်ကြပါသည်။ အဆိုပါကူးပြောင်းပြီး လူငယ်များတွင် ၂၀.၂ ရာခိုင်နှုန်း သာလျှင် အလုပ်အကိုင်စာချုပ်သက်တမ်းရှည်ဖြင့် တည်မြဲသည့်အလုပ်အကိုင်ကို ရရှိထားသူ များဖြစ်ကြပါသည်။ ၆၂.၄ ရာခိုင်နှုန်းသည် စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ်အကိုင်ကို လုပ်ကိုင်နေကြပါသည်။ ကျန် ၁၇.၄ ရာခိုင်နှုန်းမှာမူ စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်လုပ်ငန်းများ ကိုလုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည် (ဇယား-၃၄)။

တည်ငြိမ်သည့်အလုပ်အကိုင်ရရှိသူများ၏ ပုံနှံ့မှုသည် ကျား၊ မအကြား သိသာထင်ရှားသည့်ခြားနားမှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း မြို့ပြဒေသများတွင် တည်ငြိမ်သည့် အလုပ်အကိုင်ရရှိသူ ပါဝင်မှုမှာ ၄၁ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသများတွင်မူ ၁၃ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျေးလက်ဒေသများတွင် ပုံမှန်လုပ်ခလစာရ အလုပ်အကိုင်များ နည်းပါးသည့်အတွက်ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား-၃၄။ ပညာသင်ယူမှုအဆင့်အတန်း နှင့် လူငယ်များ၏ နေထိုင်မှုပုံစံအလိုက် အကူးအပြောင်း အခြေအနေ များ၏ ဖြန့်ကျက်မှုရာခိုင်နှုန်း

| နယ်ပယ် | လူငယ်များ၏ ကူးပြောင်းပြီး ရာခိုင်နှုန်း | | |
|---|---|---|---|
| | ပုံမှန်အလုပ် | ကျေနပ်လို့လုပ်တဲ့ ယာယီအလုပ် | ကျေနပ်လို့လုပ်တဲ့ ကိုယ်ပိုင်အလုပ် |
| ပြည်ထောင်စု | ၂၀.၂ | ၆၂.၄ | ၁၇.၄ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၄၁.၃ | ၄၈.၆ | ၁၀.၁ |
| ကျေးလက် | ၁၂.၈ | ၆၇.၂ | ၂၀.၀ |
| ကျား/မ | | | |
| ကျား | ၁၉.၈ | ၆၂.၃ | ၁၇.၈ |
| မ | ၂၀.၇ | ၆၂.၄ | ၁၆.၉ |
| ပညာသင်ယူမှု အဆင့်အတန်း | | | |
| စာမတတ်သူ | ၁၁.၁ | ၆၆.၅ | ၂၂.၃ |
| မူလတန်းအောက် | ၁၄.၂ | ၅၈.၈ | ၂၇.၀ |
| မူလတန်း | ၁၆.၆ | ၆၂.၄ | ၂၁.၀ |
| အလယ်တန်း | ၁၉.၈ | ၆၈.၂ | ၁၂.၀ |
| အထက်တန်းပညာ | ၂၅.၉ | ၆၅.၆ | ၈.၅ |
| ဘွဲ့ကြို | ၄၇.၈ | ၅၀.၆ | ၁.၆ |
| ဘွဲ့ရနှင့် ဘွဲ့လွန် | ၅၂.၁ | ၄၀.၇ | ၇.၂ |

ကူးပြောင်းပြီး လူငယ်များ၏ တည်ငြိမ်သည့် လုပ်ခ လစာရအလုပ်အကိုင် ရရှိမှုအခွင့် အရေးသည် ပညာရေးအဆင့် မြင့်မားသည်နှင့်အမျှ မြင့်မားကြောင်း တွေ့ရှိရပါသည်။ ပညာရေး အဆင့်မရှိသည့် လူငယ်များ၏ ပါဝင်မှုမှာ ၁၁.၁ ရာခိုင်နှုန်းဖြစ်ပြီး ဘွဲ့ကြိုဒီပလိုမာရရှိပြီးသူ လူငယ်များ၏ ပါဝင်မှုမှာ ၄၇.၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ဘွဲ့ရနှင့်အထက် လူငယ်များ၏ ပါဝင်မှု ရာခိုင်နှုန်းမှာ ၅၂.၁ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရေး၏ အရေးပါမှု သည် အထက်တန်းအဆင့်ပညာရေးအဆင့်မှ စတင်သိသာမှုရှိကြောင်း တွေ့ရှိရပါသည်။

## ၆.၄ ကူးပြောင်းပြီးလူငယ်များ၏ အလုပ်အကိုင်

အလုပ်လက်ရှိများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် ပျံ့နှံ့မှုပုံစံများသည် ကူးပြောင်း ပြီးသူများ၏ ပျံ့နှံ့မှုပုံစံနှင့် နီးစပ်မှုရှိသည်ကို တွေ့ရှိရပါသည်။ ဇယား-၃၅ တွင် အလုပ်လက် ရှိများ၏ အလုပ်အကိုင်အရ ပျံ့နှံ့မှုနှင့် ကူးပြောင်းပြီးသူများ၏ အလုပ်အကိုင်အရ ပျံ့နှံ့မှုများကို ဖော်ပြထားပါသည်။ အလုပ်လက်ရှိများ၏ ၄၀ ရာခိုင်နှုန်းနီးပါးသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းကျွမ်းကျင်လုပ်သားများအဖြစ်လုပ်ကိုင်နေကြသော်လည်း တည်ငြိမ်သည့် လုပ်ခလစာရ အလုပ်အကိုင်ရရှိထားသူ လူငယ်များ၏ ၉ ရာခိုင်နှုန်းသာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ်အကိုင် လုပ်ကိုင်နေသူများ၏ ၆၃ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ကိုင် နေကြကြောင်း တွေ့ရှိ ရပါသည်။ တည်ငြိမ်သည့် လုပ်ခ လစာရအလုပ်အကိုင် ရရှိထားသူ လူငယ်များ၏ ၉ ရာခိုင်နှုန်း

ခန့်သည် ကျွမ်းကျင်ပညာရှင်များအဖြစ် လုပ်ကိုင်နေကြောင်း တွေ့ရှိ ရပြီး ၂၀.၆ ရာခိုင်နှုန်းသည် အထွေထွေလုပ်သားများအဖြစ်လည်းကောင်း၊ ၂၆.၂ ရာခိုင်နှုန်းသည် လက်မှုနှင့် ကုန်သွယ်မှု လုပ်သားများအဖြစ်လည်းကောင်း လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။

အဆိုပါတွေ့ရှိချက်များအရ တည်ငြိမ်သည့် လုပ်ခ လစာရ အလုပ်အကိုင်များကို လုပ်ကိုင်နေသူအများစုသည် ကျွမ်းကျင်ပညာရှင်နှင့် နည်းပညာရှင်များအဖြစ် လုပ်ကိုင်နေရခြင်းထက် အောက်ခြေအဆင့် အလုပ်အကိုင်အမျိုးအစားများတွင် ပိုမိုလုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့်လည်း အခြေခံကျသည့် အလုပ်အကိုင်အမျိုးစားများတွင် ပိုမိုလုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။

**ဇယား-၃၅။ အဓိက ဝင်ရောက်လုပ်ကိုင်သော အုပ်စုများပေါ်မှာရှိသော ကူးပြောင်းပြီးလူငယ်များနှင့် စုစုပေါင်း အလုပ်အကိုင်များ၏ ဖြန့်ကျက်မှုရာခိုင်နှုန်း**

| အလုပ်အကိုင်အမျိုးအစား | စုစုပေါင်း အလုပ်ရပြီး လူငယ် | ကူးပြောင်းပြီး လူငယ်များ၏ ရာခိုင်နှုန်း | | | |
|---|---|---|---|---|---|
| | | ပုံမှန်လစာရ အလုပ် | စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ် | စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင် အလုပ် | စုစုပေါင်း |
| **ပြည်ထောင်စု** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| ကျွမ်းကျင်ပညာရှင် | ၂.၇ | ၈.၉ | ၀.၇ | ၁.၄ | ၂.၅ |
| နည်းပညာရှင်များနှင့် ဆက်စပ် ကျွမ်းကျင်ပညာရှင်များ | ၁.၄ | ၃.၂ | ၀.၉ | ၀.၄ | ၁.၃ |
| စာရင်းကိုင် အလုပ်သမားများ | ၂.၀ | ၇.၀ | ၀.၂ | ၁.၀ | ၁.၇ |
| ဝန်ဆောင်မှုနှင့် အရောင်း အလုပ်သမားများ | ၁၃.၃ | ၁၇.၇ | ၁၄.၇ | ၅.၉ | ၁၃.၈ |
| လယ်ယာသစ်တောနှင့် ငါးဖမ်း ကျွမ်းကျင်လုပ်သားများ | ၃၉.၉ | ၉.၁ | ၆၃.၂ | ၁၉.၇ | ၄၄.၆ |
| လက်မှုပညာနှင့် ဆက်စပ်သော ကုန်သွယ်မှု အလုပ်သမားများ | ၁၄.၈ | ၂၆.၂ | ၉.၅ | ၁၂.၆ | ၁၃.၄ |
| စက်ရုံပစ္စည်းနှင့် စက်ပြင်ဆရာများ နှင့် တပ်ဆင်သူများ | ၄.၆ | ၅.၇ | ၄.၄ | ၃.၉ | ၄.၆ |
| အခြေခံအလုပ်အကိုင်များ | ၂၁.၀ | ၂၀.၆ | ၆.၁ | ၅၅.၀ | ၁၇.၆ |

မှတ်ချက်။ လက်နက်ကိုင်အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများနှင့် မန်နေဂျာများအဖြစ် လုပ်ကိုင်နေသူများ၏ ပါဝင်မှုနှုန်းသည် အလွန်နည်းပါးသည့်အတွက် ထည့်သွင်းဖော်ပြခြင်းမရှိပါ။

## ၆.၅ ကူးပြောင်းမှုလမ်းကြောင်း

တိုက်ရိုက်ကူးပြောင်းခြင်းဆိုသည်မှာ လူငယ်များအနေဖြင့် ကျောင်းအပြီး တည်ငြိမ်သည့် အလုပ်အကိုင်ရရှိသည့် ကာလများအတွင်း မည်သည့်အလုပ်အကိုင်ကိုမျှ မလုပ်ကိုင်ခဲ့ခြင်းကို ဆိုလိုပါသည်။ တိုက်ရိုက်ကူးပြောင်းသူများ အပါအဝင် ပျမ်းမျှကူးပြောင်းမှုကာလမှာ ၅ နှစ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ တိုက်ရိုက်ကူးပြောင်းသူများကို ဖယ်ထုတ်လိုက်မည်ဆိုပါက ပျမ်းမျှ ကူးပြောင်းမှုကာလမှာ ၈.၄ နှစ်ဖြစ်သည့်အတွက် တိုက်ရိုက်ကူးပြောင်းသူများ၏ အကူးအပြောင်းကာလသည် အချိန်ကာလနည်းသည်ကို တွေ့ရှိရပါသည်။ တည်ငြိမ်သည့် အလုပ်အကိုင်သို့ ကူးပြောင်းပြီးသူများ၏ ကာလနှင့် စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်လုပ်ငန်းသို့ ကူးပြောင်းပြီးသူများ၏ ကာလကို နှိုင်းယှဉ်ပါက အနည်းငယ်သာ ကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ပျမ်းမျှလူငယ်တစ်ဦးသည် ၎င်းတို့၏ ရည်မှန်းချက်နှင့်ကိုက်ညီပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်မရမီ လုပ်သားဈေးကွက်သို့ဝင်ရောက်သည့် အချိန်ကာလမှာ ၄ နှစ်မှ ၅ နှစ်အကြားရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများ၏ ကူးပြောင်းမှုလမ်းကြောင်းမှာ အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းသည်ကို တွေ့ရှိရပါသည် (ဇယား-၃၆)။ ကူးပြောင်းပြီးလူငယ်များ၏ ကျား၊ မ အလိုက် တည်ငြိမ်မှုရှိပြီး စိတ်ကျေနပ်မှုရှိသော အလုပ်အကိုင်ရရှိမှု အချိန်ကာလအလိုက် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်းကို ဇယား-၃၇ တွင် တွေ့ရှိရပါသည်။

**ဇယား-၃၆။ ကူးပြောင်းချိန်ကာလအတွင်း အမျိုးအစားအားဖြင့် လူငယ်များ၏ ကူးပြောင်းခဲ့သည့် ပျံ့နှံ့မှု ရာခိုင်နှုန်း**

| အကူးအပြောင်းကာလ | လူငယ်များ၏ ကူးပြောင်းပြီး ရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကာလတို အကူးအပြောင်း | ၂၀.၁ | ၂၂.၂ | ၂၁.၁ |
| အလယ်အလတ် အကူးအပြောင်း | ၈.၄ | ၈.၉ | ၈.၇ |
| ကာလရှည်အကူးအပြောင်း | ၇၁.၅ | ၆၈.၈ | ၇၀.၃ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

**ဇယား-၃၇။ ကျေနပ်မှုရှိသောအလုပ်အကိုင် (သို့) ပုံမှန်အလုပ်ဖြစ်ဖို့ရန် အတွက် ကူးပြောင်းပြီး လူငယ်များ၏ ကျား/ မ အလိုက် ပျံ့နှံ့မှု ရာခိုင်နှုန်း**

| ပုံမှန် အလုပ်/ ကျေနပ်၍လုပ်သော အလုပ် | ကူးပြောင်းပြီးသော လူငယ်များ၏ ရာခိုင်နှုန်း | | ကူးပြောင်းပြီး နမူနာလူငယ် |
|---|---|---|---|
| | ကျား | မ | |
| တိုက်ရိုက်အကူးအပြောင်း | ၅၃.၆ | ၄၆.၄ | ၁၁,၁၂၀ |
| **အလုပ်လက်မဲ့မှ** | | | |
| ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမှ | ၆၇.၈ | ၃၂.၂ | ၂၀ |
| လုပ်ခမရသော မိသားစုလုပ်ငန်းမှ | ၂၉.၃ | ၇၀.၇ | ၃ |
| အခြားလုပ်ငန်းမှ | ၅၀.၆ | ၄၉.၄ | ၂၇ |
| **လုပ်ရှားလုပ်ဆောင်မှုမရှိခြင်းမှ** | | | |
| ကူးပြောင်းပြီး ကျောင်းမနေသော သူ စုစုပေါင်း | ၅၃.၆ | ၄၆.၄ | ၁၁,၁၇၀ |

## ၆.၆ ကူးပြောင်းဆဲ လူငယ်များ၏ ပျံ့နှံ့မှု

ကူးပြောင်းဆဲလူငယ်များတွင် အလုပ်လက်မဲ့နှင့် စိတ်ကျေနပ်မှုမရှိသည့် လုပ်ခလစာရ အလုပ်လုပ်ကိုင်နေသူ သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၁၄.၂ ရာခိုင်နှုန်းသာ ပါဝင်သည်ကို တွေ့ရှိရပါသည်။ "ကူးပြောင်းဆဲလူငယ်" ဟုဆိုရာတွင် အလုပ်လက်မဲ့ သို့မဟုတ် စိတ်ကျေနပ်မှုမရှိသည့် ယာယီအလုပ်လုပ်ကိုင်နေသူ သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ သဘောတူစာချုပ်မရှိသည့် လုပ်ခ လစာရအလုပ်အကိုင် လုပ်ကိုင်နေသူ သို့မဟုတ် စိတ်ကျေနပ်မှုမရှိသည့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည်ဖြစ်စေ စိတ်ကျေနပ်မှုမရှိသည်ဖြစ်စေ အခကြေးငွေမရသော မိသားစုလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အလုပ်မရှာ ကျောင်းမတက်သော်လည်း အလုပ်လုပ်ရန်ဆန္ဒရှိသူတို့ပါဝင်ပြီး နောက်ဆုံး အမျိုးအစားနှစ်ခု၏ ပါဝင်မှုရာခိုင်နှုန်းမှာ ကျန် ၈၅.၈ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည် (ဇယား-၃၈)။ အဓိကစိန်ခေါ်မှုအဖြစ် အဆိုပါလူငယ်များကို ၎င်းတို့အနေဖြင့် စိတ်ကျေနပ်မှု ရှိသည့် တည်ငြိမ်သည့်အလုပ်အကိုင်ရရှိနိုင်ရန် အခွင့်အရေးများဖန်တီးပေးရန် လိုအပ်မည် ဖြစ်ပါသည်။

ဇယား-၃၈။ ကူးပြောင်းဆဲ လူငယ်များ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း

| နယ်ပယ် | ကူးပြောင်းဆဲလူငယ်များ၏ ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | အလုပ်လက်မဲ့ | စိတ်ကျေနပ်မှု မရှိဘဲလုပ်ခရ ယာယီလုပ်ငန်း | ကျေနပ်မှု မရှိသော ကိုယ်ပိုင် လုပ်ငန်း | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၄.၄ | ၂.၈ | ၅.၄ | ၈၇.၄ | ၁၀၀.၀ |
| ကျား၊ မ | | | | | |
| ကျား | ၇.၉ | ၆.၆ | ၁၃.၄ | ၇၂.၁ | ၁၀၀.၀ |
| မ | ၃.၂ | ၁.၅ | ၂.၆ | ၉၂.၈ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၆.၈ | ၂.၆ | ၂.၄ | ၈၈.၂ | ၁၀၀.၀ |
| ကျေးလက် | ၃.၁ | ၂.၉ | ၇.၀ | ၈၇.၀ | ၁၀၀.၀ |

## ၆.၇ ရွေးချယ်ထားသောအာဆီယံနိုင်ငံများအတွင်း ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းကို နှိုင်းယှဉ်ဖော်ပြချက်

ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း ရလဒ်များ ကိုအခြေခံ၍ လူငယ်များ၏ ကူးပြောင်းမှုအဆင့်လိုက် နှိုင်းယှဉ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ နှင့် အိမ်နီးချင်းနိုင်ငံများ၏ အချက်အလက်များကို "အာရှနှင့် ပစိဖိတ်ဒေသတွင်း အမျိုးသားနှင့် အမျိုးသမီး လူငယ်များ၏ လုပ်သားဈေးကွက်အကူးအပြောင်း အစီရင်ခံစာအတွဲ လူငယ် အလုပ်အကိုင်အစီအစဉ်၊ အလုပ်အကိုင်မူဝါဒဌာန၊ ဩဂုတ်လ ၂၀၁၄၊ အမှတ် ၁၉" မှ ကိုးကား ထားပါသည်။

ဒေသတွင်း နိုင်ငံများတွင် လူငယ်များ၏ အကူးအပြောင်းပုံစံသည် တူညီမှုမရှိကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ မတူညီသည့် မူဝါဒနှင့် စီးပွားရေးလမ်းစဉ်များကြောင့် ထိုကဲ့သို့ခြားနားခြင်းဖြစ်နိုင်ကြောင်း သုံးသပ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်သည့် လုပ်ခလစာအလုပ်အကိုင်သို့ ကူးပြောင်းပြီးဖြစ်သော လူငယ်များ၏ ပါဝင်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ကို ဇယား-၃၉ တွင် တွေ့မြင်နိုင်ပါသည်။ အခြားနိုင်ငံများနှင့် မတူညီသည်မှာ မြန်မာနိုင်ငံ၏ ကူးပြောင်းမှုအခြေအနေများသည် ကျား၊ မအကြား ခြားနားမှု အနည်းငယ်သာတွေ့ရှိရခြင်းဖြစ်ပြီး မြို့ပြ၊ ကျေးလက် ခြားနားမှုမှာမူ နိုင်ငံအားလုံးတွင် ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား-၃၉ ။ ကူးပြောင်းမှုအဆင့်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လူငယ်များ၏ပါဝင်မှုရာခိုင်နှုန်း ရွေးချယ်ထားသော နိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြချက်**

| နိုင်ငံ | နယ်ပယ် | တည်ငြိမ်သော အလုပ်သို့ ကူးပြောင်းပြီး | စိတ်ကျေနပ်မှု ရှိသည့်ကိုယ်ပိုင် လုပ်ငန်း သို့မဟုတ် ယာယီ အလုပ်သို့ ကူးပြောင်းပြီး | ကူးပြောင်းဆဲ ကာလ | ကူးပြောင်းမှု မစတင်ရသေးသူ |
|---|---|---|---|---|---|
| **ကျား၊ မ** | | | | | |
| မြန်မာ | မ | **၉.၀** | **၃၄.၅** | **၂၈.၀** | **၂၈.၅** |
| | ကျား | **၁၁.၃** | **၄၅.၆** | **၁၁.၁** | **၃၁.၉** |
| ဘင်္ဂလားဒေ့ရှ် | မ | ၈.၀ | ၅.၃ | ၁၆.၇ | ၇၀.၀ |
| | ကျား | ၂၈.၈ | ၂၈.၁ | ၁၄.၃ | ၂၈.၈ |
| ကမ္ဘောဒီးယား | မ | ၁၇.၀ | ၅၀.၀ | ၁၆.၇ | ၁၆.၂ |
| | ကျား | ၂၀.၆ | ၅၀.၅ | ၁၀.၆ | ၁၈.၃ |
| နီပေါ | မ | ၇.၄ | ၆.၀ | ၄၅.၅ | ၄၁.၀ |
| | ကျား | ၁၆.၄ | ၈.၉ | ၃၃.၅ | ၄၁.၁ |
| ဗီယက်နမ် | မ | ၂၆.၀ | ၂၅.၄ | ၁၉.၇ | ၂၈.၉ |
| | ကျား | ၂၉.၄ | ၃၀.၂ | ၁၇.၅ | ၂၂.၉ |
| **မြို့ပြ၊ ကျေးလက်** | | | | | |
| မြန်မာ | ကျေးလက် | **၆.၈** | **၄၆.၄** | **၁၈.၉** | **၂၇.၉** |
| | မြို့ပြ | **၁၇.၄** | **၂၄.၈** | **၂၂.၈** | **၃၅.၀** |
| ဘင်္ဂလားဒေ့ရှ် | ကျေးလက် | ၁၅.၇ | ၁၇.၃ | ၁၆.၄ | ၅၀.၆ |
| | မြို့ပြ | ၂၄.၅ | ၁၁.၄ | ၁၃.၀ | ၅၁.၁ |
| ကမ္ဘောဒီးယား | ကျေးလက် | ၁၆.၆ | ၅၃.၈ | ၁၅.၂ | ၁၄.၃ |
| | မြို့ပြ | ၂၄.၈ | ၃၉.၃ | ၁၀.၂ | ၂၅.၈ |
| နီပေါ | ကျေးလက် | ၁၂.၁ | ၇.၈ | ၄၀.၇ | ၃၉.၄ |
| | မြို့ပြ | ၁၃.၁ | ၆.၈ | ၃၂.၅ | ၄၇.၅ |
| ဗီယက်နမ် | ကျေးလက် | ၂၃.၆ | ၃၂.၀ | ၂၁.၂ | ၂၃.၂ |
| | မြို့ပြ | ၃၇.၄ | ၁၇.၈ | ၁၂.၄ | ၃၂.၄ |

## အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| CSO | ဗဟိုစာရင်းအင်းအဖွဲ့ |
| EAs | စာရင်းကောက်ဧရိယာများ |
| FSUs | ပထမအဆင့်အလွှာများ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| LF-CL-SWTS | လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း |
| LU | လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်ခြင်း |
| MOLIP | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| NEET | အလုပ်လုပ်ကိုင်ခြင်းမရှိ သို့မဟုတ် ကျောင်း/သင်တန်း တက်ရောက်ခြင်း မရှိ |
| PSUs | ပထမအဆင့် ရွေးချယ်မှုများ |
| SWTS | ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း |
| SSUs | ဒုတိယအဆင့်အလွှာများ |
| USUs | ခန့်မှန်းနမူနာယူနစ်များ |

## မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း (၂၀၁၅ ခုနှစ်)

## ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း စာရင်းဇယားများ


| ဇယားအမှတ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | **ယေဘုယျစာရင်းဇယားများ** | |
